ဂဏာသမုဒ္ဒပက ပထမရွှေကျင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူအပ်သော

# သမာသ်ဂဏ္ဌိ၊ ဂဏ္ဌာဗောဓဒီပနီ
# ရူပဗောဓပဒီဘာဝနီပါဌ်


ရွှေကျင်နိကာယစာပေထိန်းသိမ်းရေးအဖွဲ့မှ ထုတ်ဝေသည်။

သာသနာ - ၂၅၅၇ ကောဇာ - ၁၃၇၅ ခရစ် - ၂၀၁၃

ဂဏသမုဒ္ဒါပကပထမရွှေကျင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူအပ်သော

# သမာသ်ဂဏ္ဌိ
# ဂဏဘောဒဒီပနီ
# ရူပဘောဒဝိဘာဝနီပါဌ်
## (သုံးကျမ်းတွဲ)

သာသနာ ၂၅၅၇ ကောဇာ ၁၃၇၅ ခရစ် ၂၀၁၃

# အမှာစကား

ရွှေကျင်နိကာယ စာပေထိမ်းသိမ်းရေးအဖွဲ့သည် ပထမဂိုဏ်းတည် ရွှေကျင်ဆရာတော်ကြီး ရေးသားတော်မူခဲ့သော-

(၁) သမာသ်ဂဏ္ဍိ

(၂) ဂဏဘေဒဒီပနီ

(၃) ရူပဘေဒဝိဘာဝနီကျမ်းတို့ကို ပြန်လည် ပုံနှိပ်ဖြန့်ချိရန် စီစဉ်ပါသည်။

ထိုကျမ်းစာ(၃)ကျမ်းတွဲတွင် ရူပဘေဒဝိဘာဝနီတစ်ကျမ်းမှာသာ ကျမ်းပြီးနှစ် ဖော်ပြထားပြီး အခြား(၂)ကျမ်း၏ ကျမ်းပြီးနှစ် အမှတ်အသားမ တွေ့ရ။ ရူပဘေဒဝိဘာဝနီပါဠ်ကို ၁၂၁၉-ခုနှစ်တွင် ရေးသားအောင်မြင်ပြီး နိဿယကျမ်းကို ၁၂၄၆-ခုနှစ်တွင် ရေးသားပြီးဆုံးသည်။

ကစ္စည်းကျမ်း, ရူပသိဒ္ဓိကျမ်း စသည်တို့၌ လာသောရုပ်တို့ကို အပြည့်အစုံဖော်ပြမည်ဟု နိဂုံး၌ မိန့်ဆိုသည်။

## သမာသ်ဂဏ္ဍိ

သမာသ်ဂဏ္ဍိမှာ စာမျက်နှာ ၄၀-ခန့်သာရှိသော်လည်း သမာသ်

ကျမ်း နှင့်၍ သိမှတ်ဖွယ်ရာ ဂဏ္ဌိဌာန ဟူသမျှပါဝင်အောင်ပြဆိုသည်။

## ဂဏ္ဌဘေဒဒီပနီ

ဂဏ္ဌဘေဒဒီပနီကျမ်းမှာ နာမ်ဂိုဏ်း(၁၃)ဂိုဏ်းကို ပြဆိုခြင်းဖြစ်၏။ ထူးခြားသည်မှာ နာမ်ဂိုဏ်းတစ်ဂိုဏ်းကို ပြဆိုပြီးလျှင် ထိုဂိုဏ်း၏ မှတ်သာဖွယ်ရာတို့ကို ဆောင်ပုဒ်, လင်္ကာများဖြင့် ပြဆိုခြင်းဖြစ်သည်။

ဥပမာ- ပုရိသာဒိဂိုဏ်းအဆုံး၌-

'အိုနှင့်တို့အို၊ တို့သည်နှင့်မှ၊ ဤလေးဝ၊ မှတ်ကြပုရိသာ၏အနက်တည်း'။ '၌နှင့်တို့ကို၊ ပေးစေလို၊ စွဲဆို ပုရိသေ၏ အနက်တည်း' ဟု ပြဆိုခြင်း ကဲ့သို့တည်း။

ရွှေကျင်ဆရာတော်ကြီး၏ ဤကျမ်းစာ(၃)ကျမ်းကို ပြန်လည်ဖော် ထုတ်ခြင်းဖြင့် ကျမ်းပြုဆရာတော်ကြီးကိုလည်း ပူဇော်ရာရောက်၊ သောတုဇ န တို့အားလည်း နာမ်ရုပ်ဆိုင်ရာ, နာမ်ဂိုဏ်းဆိုင်ရာ, သမာသ်ကျမ်းလာ ခက်ဆစ်ခက်ရာတို့ကို အသိဉာဏ်ဖွင့်ပေးရာ ရောက်မည်မှာ ဧကန်ဖြစ် ကြောင်း ပြောကြားလိုပါသတည်း။

ရွှေကျင်နိကာယစာပေထိမ်းသိမ်းရေးအဖွဲ့
အကျိုးဆောင်များ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **သမာသ်ဂဏ္ဍိ** | |
| ၁။ | အယုတ္တသမာသ်အဆုံးအဖြတ် | ၉ |
| ၂။ | အလုတ္တသမာသ်အဆုံးအဖြတ် | ၁၄ |
| ၃။ | လောပပဒသမာသ်အဆုံးအဖြတ် | ၁၉ |
| ၄။ | အဗျယီဘောသမာသ်အဆုံးအဖြတ် | ၂၀ |
| ၅။ | ကမ္မဓာရယ်သမာသ် စသည် အဆုံးအဖြတ် | ၂၄ |
| | **ဂဏဘေဒဒီပနီ** | |
| ၁။ | ပုရိသာဒိဂိုဏ်း | ၅၈ |
| ၂။ | ဂုဏဝါဒိဂိုဏ်း | ၆၁ |
| ၃။ | ပုမာဒိဂိုဏ်း | ၆၉ |
| ၄။ | ဂစ္ဆန္တာဒိဂိုဏ်း | ၇၄ |
| ၅။ | ရာဇာဒိဂိုဏ်း | ၇၉ |
| ၆။ | သတ္ထာဒိဂိုဏ်း | ၈၆ |
| ၇။ | စိတ္တာဒိဂိုဏ်း | ၈၉ |
| ၈။ | ရတ္တာဒိဂိုဏ်း | ၉၀ |

| | | |
|---|---|---|
| ၉။ | ကညာဒိဂိုဏ်း | ၁၀၃ |
| ၁၀။ | နဒါဒိဂိုဏ်း | ၁၀၅ |
| ၁၁။ | ဂဟပတာဒိဂိုဏ်း | ၁၀၇ |
| ၁၂။ | သဗ္ဗနာမ်ဂိုဏ်း | ၁၁၀ |
| ၁၃။ | သင်္ချာ-သဒ္ဒါဂိုဏ်းစဉ် | ၁၂၃ |
| ၁၄။ | တုမ္ဟ- အမှ -သဒ္ဒါဂိုဏ်းစဉ် | ၁၃၂ |
| ၁၅။ | စာစပ် | ၁၃၇ |

## ရူပသောဒဝိဘာဝနီပါဠိ

| | | |
|---|---|---|
| ၁။ | ဂုဏဝါဒိဂဏော | ၁၆၇ |
| ၂။ | ပုမာဒိဂဏော | ၁၇၂ |
| ၃။ | ဂစ္ဆန္တာဒိဂဏော | ၁၇၄ |
| ၄။ | ရာဇာဒိဂဏော | ၁၈၀ |
| ၅။ | သတ္ထာဒိဂဏော | ၁၈၄ |
| ၆။ | စိတ္တာဒိဂဏော | ၁၈၇ |
| ၇။ | ရတ္တာဒိဂဏော | ၁၈၈ |
| ၈။ | ကညာဒိဂဏော | ၁၉၉ |
| ၉။ | နဒါဒိဂဏော | ၂၀၀ |
| ၁၀။ | ဂဟပတာဒိဂဏော | ၂၀၂ |
| ၁၁။ | မနောဂဏော | ၂၁၄ |
| ၁၂။ | မနောဂဏာဒိဂဏော | ၂၁၆ |
| ၁၃။ | ဂဏဝိမုတ္တော | ၂၁၈ |

# သမာသ်ဂဏ္ဍိ

နမောတဿဘဂဝတောအရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယခုအခါ စာသင်ပျိုနု အခြေပြုတို့ ပညာတိုးပွား မှတ်သားကြ ရန်ဘို့အလို့ငှာ သမာသ်ပုဒ်တို့၏ ဂဏ္ဍိဌာန ခက်ဆစ်ခက်ရာ လက္ခဏာ တို့နှင့်တကွ သမာသ်ပုဒ်တို့၏ ရုပ်အစဉ်ဖြစ်သောနည်း, ဝိဂြိုဟ်ပြုရာ သောနည်းတို့ကို သန့်ရှင်းသိသာအောင် လက်ာယောင်ပြု၍ ပြည့်နှန် ပေအံ့။**(ပဋိညာဉ်)**

## အယုတ္တသမာသ်အဆုံးအဖြတ်

**ဆောင်ပုဒ်** သမာသ်အယုတ္တ၊ ဟူတုံက၊ နသဒ္ဒါနှင့်တွဲ၊
သုံးပဒလည်းရအောင်ခွဲ၊ နောက်ဆုံးပုဒ်ကိုလည်းမြစ်စမြဲ၊
ယင်းအနက်ကိုလည်း မမြစ်ဘဲ၊ ယင်းသဒ္ဒါနှင့်နကိုတွဲ၊
ယူမြဲအယုတ္တသမာသ်တည်း။

**ပြယုဂ်ကား-**

အသဒ္ဓဘောဇီ၊ အလဝနဘောဇီ၊ အသူရိယပဿာနိ၊ အစန္ဒမုလ္လောကိကာနိ အစရှိသည်တည်း။

အသဒ္ဓဘောဇီ- ကုတ်ဟီးထမင်းကိုမစား။ (ဝါ) လူသေတို့အားရည်၍ထားအပ်သောထမင်းကို မစားသောသူ။ အလဝနဘောဇီ- ဆားကိုမစားသောသူ။ အသူရိယပဿာနိ- နေကိုမကြည့်သောမျက်နှာတို့။ အစန္ဒမုလ္လောကိတာနိ- လကိုမော်၍ မကြည့်သောမျက်နှာတို့။

**အဓိပ္ပါယ်သော်ကား-**

အသဒ္ဓဘောဇီ- ဟူသောပြယုဂ်၌ နသဒ္ဒါသည် သဒ္ဓဟူသောပုဒ်၏အနက်ကိုမမြစ် ဘောဇီ-ဟူသောပုဒ်၏အနက်ကိုသာမြစ်သည်။ ထိုသို့ဘောဇီ- ဟူသောပုဒ်၏အနက်ကိုမြစ်လျက် သဒ္ဓဘောဇီ- ဟု မဆိုမူ၍ အသဒ္ဓဘောဇီ-ဟု န-သဒ္ဒါကို သဒ္ဓ-ဟူသောပုဒ်နှင့်စပ်၍ထားခြင်းကြောင့် ဤအသဒ္ဓဘောဇီ-ဟူသော သမာသ်သည် အနက်မစပ်သည်ဖြစ်၍ အယုတ္တသမာသ်မည်၏ ဟူလိုသော်။

သဒ္ဓံ န ဘုဉ္ဇတီတိ အသဒ္ဓဘောဇီ၊
လဝနံ န ဘုဉ္ဇတီတိ အလဝနဘောဇီ၊
သူရိယံ န ပဿန္တီတိ အသူရိယပဿာနိ။
စန္ဒံ န ဥလ္လောကေန္တီတိ အစန္ဒမုလ္လောကိကာနိ ဟု ဝစနတ္တပြု။

ယော- သည်။ သဒ္ဒံ- ကုတ်ဟီးထမင်းကို။ နဘုဥ္ဇတိ- မစား။ ဣတိတသ္မာ- ကြောင့်။ သော- သည်။ အသဒ္ဓဘောဇီ- ၏။

ယော- သည်။ လဝနံ- ဆားအရသာကို။ နဘုဥ္ဇတိ- မစား။ ဣတိတသ္မာ- ကြောင့်။ သော- သည်။ အလဝနဘောဇီ- ၏။

သူရိယံ- ကို။ နပဿန္တိ- ကုန်။ ဣတိတသ္မာ- ကြောင့်။ တာနိ- တို့သည်။ အသူရိယပဿနိ- ကုန်၏။

စန္ဒံ- ကို။ န ဥလ္လောကေန္တိ- ကုန်။ ဣတိတသ္မာ- ကြောင့်။ တာနိ- တို့သည်။ အစန္ဒမုလ္လောကိကာနိ- ကုန်၏။

ဤသို့ အယုတ္တသမာသ်၏အရာတို့၌ များသောအားဖြင့် ကိတန္တ သမာသ်ကိုသာ သဒ္ဒညူနေရုတ္တိဆရာမြတ်တို့ အလိုရှိကုန်၏။

ဤအယုတ္တသမာသ်၏အရာ၌ န သဒ္ဓံ-အသဒ္ဓံ၊ အသဒ္ဓံ ဘောဇီ- အသဒ္ဓဘောဇီ ဟုပြုကြသော ဝိဂြိုဟ်သည်ကား အမှားစင်စစ်တည်း။

**အဘယ့်ကြောင့်နည်းဟူမူကား**- သဒ္ဒနီတိအစရှိသော သဒ္ဒါ ကျမ်းတို့၌ မလာ၊ အာဂုမ်လည်းမရှိ၊ နနှင့်သဒ္ဓသည် အနက်မစပ် သည်ဖြစ်၍ ယုတ္တိလည်းမရသောကြောင့်တည်း။

**စင်စစ်သော်ကား-**

ရှေးဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် သုံးပဒရကောင်းသော အရာတို့၌ သဒ္ဓဘောဇီ-ဟု နကို ဘောဇီနှင့်စပ်လျက် မဆိုမူ၍ အသဒ္ဓ

ဘောဇိ- ဟု နသဒ္ဒါကို သဒ္ဓံဟူသောပုဒ်နှင့် စပ်၍ထားခြင်းကြောင့် အယုတ္တသမာသ်ဆိုသည်။

န သဒ္ဓံ- အသဒ္ဓံ -ဟု နနှင့် သဒ္ဓကိုတွဲ၍ ဝိဂ္ဂြိုဟ်ပြုရမည်ဟု ဆိုလိုသည်မဟုတ် မှတ်လေ။

ကိဉ္စဘိယျော- သူတပါးကို မထောက်မညှာ အားမနာဘဲ ဟုတ်တိုင်းပြောသည်သဘောသည်နှယ်ပင်။ အသဒ္ဓဘောဇိ-ဟူသော ပုဒ်ပင်ရှိကတဲ၊ န သဒ္ဓံ ဟု နနှင့်သဒ္ဓကို ခွဲ၍ ဝိဂ္ဂြိုဟ်မပြုသင့်ဘဲ ထိုသို့ဝိဂ္ဂြိုဟ်ဝါကျမပြုရသောကြောင့်ပင် အယုတ္တသမာသ်ဆိုရမြဲ။

**အဓိပ္ပါယ်ကား-**

န သဒ္ဓံ -အသဒ္ဓံ ဟုဝိဂ္ဂြိုဟ်မပြုရသောကြောင့်ပင် အယုတ္တသမာသ်ဟုအမည်ရရင်းတည်းဟူလိုသော်။

အချို့သောပြယုဂ်တို့၌ ယုတ္တသမာသ်၊ အယုတ္တသမာသ်နှစ်ပါးပင်ရသင့်၏။

**ပြယုဂ်ကား-** အဂဟိတဂဟဏံ အစရှိသည်တည်း။

အဂဟိတဂဟဏံ- မယူအပ်သေးသည်ကိုယူခြင်း၊ (ဝါ) ယူအပ်ပြီးသည်ကို မယူခြင်းတည်း။

န ဂဟိတံ-အဂဟိတံ၊ အဂဟိတဿ ဂဟဏံ- အဂဟိတဂဟဏံ။

ဂဟိတံ- ယူအပ်သည်။ န၊ မဟုတ်။ အဂဟိတံ- ယူအပ်သည်မဟုတ်။ အဂဟိတဿ- မယူအပ်သေးသည်ကို။ ဂဟဏံ- ယူခြင်း

တည်း၊ အဂဟိတဂဟဏံ- မယူအပ်သေးသည်ကိုယူခြင်း။ ဤအနက်ကား ယုတ္တသမာသ်တည်း။

ဂဟိတဿ န ဂဟဏံ- အဂဟိတဂဟဏံ။

ဂဟိတဿ- ယူအပ်ပြီးသည်ကို။ န ဂဟဏံ- မယူခြင်းတည်း။ အဂဟိတဂဟဏံ- ယူအပ်ပြီးသည်ကို မယူခြင်း။ ဤအနက်ကား အယုတ္တသမာသ်တည်း။

အလယ်ပုဒ်နှင့် နောက်ပုဒ်ပါတွဲထားပြီးလျှင်၊ နနှင့်ယှဉ်၊ ယုတ္တသမာသ်ပင်ဖြစ်၏တည်း။

**အဓိပ္ပါယ်သော်ကား-**

သဒ္ဒံ ဘုဥ္ဇတီတိ သဒ္ဒဘောဇိ၊

န သဒ္ဒဘောဇိ- အသဒ္ဒဘောဇိ- ဟု သဒ္ဒနှင့်ဘောဇိကို ရှေးဦးစွာတွဲထားပြီးလျှင် သည်နောက်မှ နသဒ္ဒါနှင့် တွဲသည်ရှိသော် နသဒ္ဒါသည် သဒ္ဒဘောဇိ-ဟူသော နှစ်ပုဒ်လုံး၏ အနက်ကိုမြစ်မိသောကြောင့် ယုတ္တသမာသ်ပင်ဖြစ်၏ဟူလိုသော်။ ဤသို့ကြံလျှင် အယုတ္တမည်သည် မရှိဟုမှတ်လေ။

ဤနည်းနှင်နှင်၊ ဤသည်ပင်၊ ယူလျှင်မခဲယဉ်း။

အယုတ္တသမာသ်၊ အဆုံးဖြတ်
ဤတွင်အပြီးသတ်လတ်ပြီ။

## အလုတ္တသမာသ်အဆုံးအဖြတ်

**"သမာသ်နိစ္စ၊ ဟူတုံက၊ လုတ္တ-အလုတ္တနှစ်ပါးရှိ။"**

**ပြယုဂ်ကား-**

ကုမ္ဘကာရော၊ ဒီပင်္ကရော- အစရှိသည်တည်း။ ကုမ္ဘကာရော၌ အံဝိဘတ် ကျေသည်။ ဒီပင်္ကရော၌ အံဝိဘတ်မကျေသည်ဟူလိုသော်။

**"သမာသ်အလုတ္တ၊ဟူတုံက၊နိစ္စသမာသ်ချည်း သာတည်း"**
**"သမာသ်နိစ္စ၊ ဟူသမျှ၊ နာမပညတ်ဟောချည်းတည်း"**

**ပြယုဂ်ကား-**

ဒေဝါနံပိယတိဿော၊ အတ္တနောမတိ၊ အန္တေဝါသိကော၊ ဥရသိလောမော၊ ဒီပင်္ကရော၊ ကာမေသု မိစ္ဆာစာရော အစရှိသည် တည်း။

ဒေဝါနံပိယတိဿော- ဒေဝါနံပိယတိဿမင်းကြီး ။အတ္တနောမတိ- အတ္တနောမတိအယူ။ အန္တေဝါသိကော- အန္တေဝါသိကတပည့်။ ဥရသိလောမော- ရင်မွှေးထူသူ။ ဒီပင်္ကရော- ဒီပင်္ကရာမည်သော ဘုရား။ ကာမေသုမိစ္ဆာစာရော- ကာမေသုမိစ္ဆာစာရအကျင့်။

**ဒေဝါနံ ပိယတိဿော**-၌ နံဝိဘတ်မကျေသည်။ **အတ္တနောမတိ**-၌သဝိဘတ်မကျေသည်။ **အန္တေဝါသိကော**-၌ သ္မိံဝိဘတ်မကျေသည်။ **ဥရသိလောမော**-၌လည်း သ္မိံဝိဘတ်မကျေသည်။ **ဒီပင်္ကရော**-၌ အံဝိဘတ် မကျေသည်။ **ကာမေသုမိစ္ဆာစာရော**-၌ သုဝိဘတ် မကျေသည် ဟူလိုသော်-

**သမာသ်နိစ္စ၊ ဟူတုံက၊ ဝါကျဝိဂြိုဟ်မပြုသင့်။**

**ပုဒ်တပါးဖြင့် သာပြဆိုသင့်။**

**အကြောင်းမူကား-** ကျယ်မပွါး နှစ်ပါးပုဒ်ကိုအမြဲငဲ့သောကြောင့်။

**ပြယုဂ်ကား-** ကုမ္ဘကာရော အစရှိသည်တည်း။

**အဓိပ္ပါယ်သော်ကား-**

ကုမ္ဘနှင့်ကာရ-သည် အိုးထိန်းသည်ဟူသော တခုတည်းသော နာမပညတ်အနက်၌ အမြဲငဲ့၍ဟောသောကြောင့် ကုမ္ဘံ ကာရော-ဟု ဝါကျခွဲ၍ မရစကောင်း ဟူလိုသော်။

ဝါကျပြုလိုသော်ကား ကုမ္ဘံ ကရောတီတိ ကုမ္ဘကာရော-ဟု ပုဒ်တပါးဖြင့် ပြုအပ်၏ဟူလိုသော်။

ထို့ကြောင့်-

**နတ္ထိ နိစ္စသမာသမှိ၊ ဝိဂ္ဂဟော ဝိဂ္ဂဟောတိ စေ။**

**အညပဒေန ကာတဗ္ဗော၊ ကာရသဒ္ဒေါ န ကတ္တရိ။-**

ဟူ၍မိန့်အပ်၏။

နိစ္စသမာသမှိ- ၌၊ ဝိဂ္ဂဟော- သည်၊ နတ္ထိ- မရှိ၊ ဝိဂ္ဂဟော-

ကို၊ ဣစ္ဆိတော- အလိုရှိအပ်သည်။ စေ ဟောတိ။ အကယ်၍ ဖြစ်အံ့။ အညပဒေန- ပုဒ်တပါးဖြင့်။ ကာတဗ္ဗော- ၏။ ကသ္မာ- အဘယ့်ကြောင့် မိမိပုဒ်နှင့် ဝိဂြိုဟ်မပြုကောင်းသနည်းဟူမူကား။ ယသ္မာ- ကြောင့်။ ကာရသဒ္ဒေါ- သည်၊ ကတ္တရိ- ပြုတတ်သောသူဒြဗ်၌။ န ဟောတိ- မဖြစ်။ တသ္မာ- ထို့ကြောင့်တည်း။

## ၎င်းဂါထာ၏ ပိဏ္ဍတ္ထမှတ်ဘွယ် အကျဉ်းအဓိပ္ပါယ်သော်ကား-

ကာရသဒ္ဒါသည် ကာရက သဒ္ဒါကဲ့သို့ ကာရော၊ ကာရာ၊ ကာရံ အစရှိသည်ဖြင့် နာမနာမ်ပုဒ် ရုပ်အစဉ်အသီးအခြား မဖြစ်စကောင်း။ ကုမ္ဘနှင့် အမြဲတွဲ၍သာလျှင် ကုမ္ဘကာရော၊ ကုမ္ဘကာရာ၊ ကုမ္ဘကာရံ - အစရှိသည်ဖြင့်သာ သမာသ်နာမ်ပုဒ် ရုပ်အစဉ်ဖြစ်ကောင်းသောကြောင့် ကုမ္ဘနှင့် ကာရကိုခွဲ၍ ဝါကျဝိဂြိုဟ် မပြုစကောင်းဟူလိုသော်။

**အဘယ့်ကြောင့်** ကာရ-သဒ္ဒါသည် ကုမ္ဘ-သဒ္ဒါနှင့်ကင်း၍ ကာရော၊ ကာရာ၊ ကာရံ အစရှိသည်ဖြင့် နာမနာမ်ပုဒ် ရုပ်အစဉ်မဖြစ်ကောင်းသနည်းဟူမူကား-

ကာရော-၌ ဏပစ္စည်းသည် ဓာတုယာ ကမ္မာဒိမှိ ဏော ဟူသော သုတ်ဖြင့် အစ၌ ကံပုဒ်ရှိသော ဓာတ်နောင်မှသာ သက်သော ပစ္စည်းဖြစ်သောကြောင့်တည်း။

**လိုရင်းမှတ်ဘွယ် ဗျဂ်ျတ္တအဓိပ္ပါယ်သော်ကား-**

ကုမ္ဘံ ကာရော ဂစ္ဆတိ၊ ကုမ္ဘကာရာ ဂစ္ဆန္တိ- အစရှိသည်ဖြင့် သမာသ်ပုဒ်ဖြင့်သာ ပါဠိပါဌ်သား မစီထားအပ်။

ကုမ္ဘကာရော ဂစ္ဆတိ၊ ကုမ္ဘကာရာ ဂစ္ဆန္တိ- အစရှိသည်ဖြင့် သမာသ်ပုဒ်ဖြင့်သာ စီထားအပ်၏ ဟူလိုသော်။

- ♦ **သမာသ်အလုတ္တ၊ သမာသ်ဝါကျ၊ ထိုနှစ်ဝ၊ ထူးထအကြောင်း အသိ့နည်း။**
- ♦ **ဝါကျမူကား၊ အနက်များ၊ သမာသ်မူကား၊ နက်တပါး၊ ကွဲပြားဤသို့တည်း။**

**အဓိပ္ပါယ်သော်ကား-**

ဒေဝါနံပိယတိဿော- အစရှိသောပုဒ်တို့သည် ဝိဘတ် မကျေသည်ကိုစွဲ၍ ဝါကျမည်ကောင်းသည်မဟုတ်တုံလော။ ဝါကျနှင့် အလုတ္တသမာသ်သည် အသို့ထူးသနည်းဟူငြားအံ့။

**ဝါကျသည်** သကသက ကိုယ်စီကိုယ်င များသောအနက်ကို ဟော၏။ **အလုတ္တသမာသ်သည်ကား**- တခုတည်းသောနာမပညတ် အနက်ကိုသာ ဟော၏။ ဤသည်ပင်လျှင် အထူးတည်းဟူလိုသော်။

ထို့ကြောင့် ဒေဝါနံပိယတိဿော ဟူသောသဒ္ဒါသည် ဒေဝါနံပိယတိဿမင်းတည်းဟူသော တခုတည်းသောအနက်ကို ဟောသည်ဖြစ်၍ ဝါကျမဟုတ်။ သမာသ်သာတည်းဟူလိုသော်- သမာသ်ဖြစ်လျက် အဘယ့်ကြောင့် ဝိဘတ်ကို မချေသနည်းဟူမူကား။

ဝါကျအနက် မထင်ရှားမည်စိုးသောကြောင့် မချေရသတည်း။ (ဝါ) ဝိဘတ်တစ်ပါးလျှဉ်းပါးမည်စိုးသောကြောင့် မချေရသတည်း။ များသောအားဖြင့် ဝိဘတ်အနက် သိခက်ရာတို့၌ ဝိဘတ် ကိုမချေသည် ဟူလိုသော်။

♦ **သမာသ်အလုတ္တ၊ ဟူသမျှ၊**
**မှတ်ကြ ဤနည်းနှင်နှင်တည်း။**

အလုတ္တသမာသ်အဆုံးဖြတ်ကား
ဤတွင် အပြီးသတ်လတ်ပြီ။

## လောပပဒသမာသ်အဆုံးအဖြတ်

♦ **ယင်းသဒ္ဒါကိုပင်၊ ချေကတဲ့၊ ယင်းအနက်မူ၊ မပျောက်ဘဲ။**
**ပညာရှိသူ၊ ကြံ၍ယူလျှင် မခက်ခဲ။**
**ထိုသဒ္ဒါကိုသာ ချေစမြဲ။**

**အဓိပ္ပါယ်သော်ကား-**

လောပပဒသမာသ်တို့၌ ရှေ့နောက်အလယ် မရွေးချယ်ဘဲ မခက်ခဲသောပုဒ် တို့ကိုချေအပ်၏။ (ဝါ) မပြခာန်းသောပုဒ်တို့ကို ချေအပ်၏ဟူလိုသော်-

**ပြယုဂ်ကား-**

ဒေဝေန ဒတ္တော- ဒတ္တော၊ အသေန ယုတ္တော ရထော- အသ ရထော၊ ရူပဿ ဘဝေါ- ရူပံ အစရှိသည်တည်း။

လောပပဒသမာသ် အဆုံးအဖြတ်
ဤတွင်နှစ်ရပ် အပြီးသတ်လတ်ပြီ။

## အဗျယီဘောသမာသ်အဆုံးအဖြတ်

♦ အဗျယီဘာဝါ၊ သမာသ်နှစ်ဖြာ၊ နိစ္စာအနိစ္စ။
ဥပသာရပုဒ်နှင့်ကား နိစ္စ၊ နိပါတ်ပုဒ်နှင့်ကား အနိစ္စ၊

**ပြယုဂ်ကား-**

ဥပနဂရံ၊ အန္တောပါသာဒံ- အစရှိသည်တည်း။

**အဓိပ္ပါယ်သော်ကား-**

အဗျယီဘောသမာသ်တို့သည် ဥပဟူသော ဥပသာရနှင့် သမာသ်ဖြစ်သည်ဖြစ်၍ နိစ္စ သမာသ်မည်၏။ ထို့ကြောင့် ဥပဟူသော ဥပသာရပုဒ်နှင့် ဝိဂြိုဟ်မပြမူ၍ နဂရဿ သမီပံ ဥပနဂရံ- ဟု ပုဒ်တပါးဖြင့် ဝိဂြိုဟ်ပြု၏။

အန္တောပါသာဒံ- အစရှိသော အဗျယီဘောသမာသ်တို့သည် အန္တော-အစရှိသောနိပါတ်နှင့် သမာသ်ဖြစ်သည်ဖြစ်၍ အနိစ္စသမာသ်မည်၏။ ထို့ကြောင့် ပါသာဒဿ အန္တော- အန္တောပါသာဒံ ဟုမိမိပုဒ်ဖြင့် ဝိဂြိုဟ်ပြုအပ်၏။

ဤအဗျယီဘော သမာသ်သည်လည်း ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုံး လိင်အားဖြင့် သုံးပါးအပြားရှိ၏။

အကာရန္တ၊ အာကာရန္တ၊ ဣကာရန္တ၊ ဤကာရန္တ၊ ဥကာရန္တ၊ ဦကာရန္တ၊ ဩကာရန္တ အားဖြင့်ကား ခုနှစ်ပါးအပြားရှိ၏။

ထိုခုနှစ်ပါးတို့တွင် အကာရန္တအဗျယီဘောသမာသ်၌ ပထမာ ဝိဘတ်၊ ဒုတိယာဝိဘတ်ကို အမြဲအံပြုရ၏။ တတိယာ၊ စတုတ္ထီ၊ ဆဋ္ဌီ၊ သတ္တမီဝိဘတ်တို့ကို ဝိကပ်အားဖြင့် အံပြုရ၏။ ပဉ္စမီဝိဘတ်ကိုကား အချင်းခပ်သိမ်း အံမပြုရ။ ပကတိနာမ်ပုဒ်ကဲ့သို့ပြုရ၏။

## ၎င်းလက္ခဏာနှင့်အညီ ရုပ်အစဉ်ဖြစ်ဟန်ကား-

ဥပနဂရံ- မြို့၏အနီး၌ဖြစ်သောစကားသည်။ တို့သည်။ တို့ကို။ ဥပနဂရံ၊ ဥပနဂရေန- မြို့၏အနီး၌ဖြစ်သောစကားဖြင့်။ ဥပနဂရံ- ဥပနဂရေဟိ- တို့ဖြင့်။ ဥပနဂရံ၊ ဥပနဂရဿ- အား။ ၏။ ဥပနဂရံ၊ ဥပနဂရာနံ- တို့အား။ တို့၏။ ဥပနဂရမှာ- မှ။ ဥပနဂရေဟိ- တို့မှ။ ဥပနဂရံ၊ ဥပနဂရမှိ- ၌။ ဥပနဂရံ၊ ဥပနဂရေသု -မြို့၏အနီး၌ ဖြစ်သော စကားတို့၌ အစရှိသည်ဖြင့် ဖြစ်၏။

အာကာရန္တအဗျယီဘောသမာသ်သည်လည်း အကာရန္တ အဗျယီဘောသမာသ်နည်းတူပင် ဝိဘတ်ခြောက်သွယ်ကို အံပြုအပ်၏။

**ပြယုဂ်ကား-** ဥပဂင်္ဂ- အစရှိသည်တည်း။

ဥပဂင်္ဂ- ဂင်္ဂါ၏ အနီး၌ဖြစ်သော ယောက်ျား၊ မိန်းမ၊ နပုံးသည်။ တို့သည်။ ကို။ တို့ကို။ ဖြင့်။ အား။ ၏။ တို့၏။ ၌။ တို့၌။ အစရှိသည်ဖြင့် ဖြစ်၏။

ဣကာရန္တ- ဣ၊ ဥ၊ ဦ။ ဩကာရန္တ အဗျယီဘောသမာသ်တို့၌ ဝိဘတ်ခုနှစ်သွယ်ကို အချင်းခပ်သိမ်းချေအပ်၏။

**ဧင်းလက္ခဏာရှိသည်နှင့်အညီ- ရုပ်အစဉ်ဖြစ်ဟန်ကား-**

အဓိတ္ထိ၊ အဓိကုမာရိ၊ အဓိဓေနု၊ အဓိဂု -အစရှိသည်ဖြင့်ဖြစ်၏။ အနက်ပေးလေ။

ဤအတူနောက်ပုလ္လိင် ဖြစ်ရာ၌လည်း- ဥပဂ္ဂိ၊ ဥပဘိက္ခု၊ ဥပသယမ္ဘု၊ ဥပဂု- အစရှိသည်ဖြင့်ဖြစ်၏။ အနက်ပေးလေ။

ဤအတူ နပုံးလိင် နောက်ပုဒ်ရှိရာ၌လည်း- ဥပဒ္ဓိ၊ ဥပသုခကာရိ အစရှိသည်ဖြင့်ဖြစ်၏။ အနက်ပေးလေ။

**အဓိပ္ပါယ်သော်ကား-**

ဥပနဂရံ- မြို့၏အနီး၌ဖြစ်သော။ ပုရိသော- ယောကျ်ားသည်။ ဥပနဂရံ- မြို့၏အနီး၌ဖြစ်သော။ ပုရိသာ- ယောကျ်ားတို့သည်။ ဥပနဂရံ- သော။ ပုရိသံ- ကို။ ဥပနဂရံ- ကုန်သော။ ပုရိသေ- တို့ကို။ ဥပနဂရံ- မြို့၏အနီး၌ဖြစ်သော။ ပုရိသေန- ဖြင့်- စသည်ဖြင့် လည်းကောင်း။

ဥပနဂရံ- သော။ ဣတ္ထီ- သည်။ ဥပနဂရံ- ကုန်သော။ ဣတ္ထိယော- တို့သည်။ ဥပနဂရံ- သော။ ဣတ္ထိယံ- ကို။ ဥပနရံ- ကုန်သော။ ဣတ္ထိယော- တို့ကို။ ဥပနရံ- သော။ ဣတ္ထိယာ- ဖြင့်၊ စသည်ဖြင့်လည်းကောင်း။

ဥပနဂရံ- သော။ စိတ္တံ-သည်။ ဥပနရံ- ကုန်သော။ စိတ္တာနိ- တို့သည်။ ဥပနဂရံ- သော။ စိတ္တံ- ကို။ ဥပနဂရံ-ကုန်သော။ စိတ္တာနိ-

တို့ကို။ ဥပနဂရံ- သော။ စိတ္တေန- ဖြင့်၊ စသည်ဖြင့်လည်းကောင်း။
**လိင်သုံးပါး ဝိသေသသျပုဒ်တို့နှင့် ယှဉ်အပ်ကုန်၏။**

**အကာရန္တ အဗျယီဘောသမာသ်၌လည်း** ဥပဂင်္ဂ- ဂင်္ဂါ၏ အနီး၌ဖြစ်သော။ ဂါမော- ရွာသည်။ ဥပဂင်္ဂ- ကုန်သော။ ဂါမာ- တို့သည်။ ဥပဂင်္ဂါ- သော။ ဂါမံ- ကို။ ဥပဂင်္ဂ- ကုန်သော။ ဂါမေ- တို့ကို။ ဥပဂင်္ဂ- သော။ ဂါမေန- ဖြင့်၊ စသည်ဖြင့်လည်းကောင်း။

ဥပဂင်္ဂ- သော။ ဗာရာဏသီ- ဗာရာဏသီပြည်သည်။ ဥပဂင်္ဂ- ကုန်သော။ ဗာရာဏသိယော- တို့သည်။ ဥပဂင်္ဂ- သော။ ဗာရာဏသိံ- ကို။ ဥပဂင်္ဂ- ကုန်သော။ ဗာရာဏသီယော- တို့ကို။ ဥပဂင်္ဂ- သော။ ဗာရာဏသိယာ- ဖြင့်- စသည်ဖြင့်လည်းကောင်း။

ဥပဂင်္ဂ- သော။ ဝနံ- တောသည်။ ဥပဂင်္ဂ-ကုန်သော။ ဝနာနိ- တို့သည်။ ဥပဂင်္ဂ- သော။ ဝနံ- ကို။ ဥပဂင်္ဂ-ကုန်သော။ ဝနာနိ- တို့ကို။ ဥပဂင်္ဂ-သော။ ဝနေန- ဖြင့်၊ စသည်ဖြင့်လည်းကောင်း။ လိင်သုံးပါး ဝိသေသျပုဒ်တို့နှင့် ယှဉ်အပ်ကုန်၏။

အဗျယီဘောသမာသ် အဆုံးအဖြတ်ကား
ဤတွင်အပြီးသတ်လတ်ပြီ။

## ကမ္မဓာရယ်သမာသ်

♦ **ဣတိဟုတွာ၊ သင်္ခါတ၊ ဘူတတတွေ၊ ဇဝတစိ၊ သဒ္ဒါရှိ၊**
**သိလေကမ္မဓာရယာ၊ ကိုးပါးမှာ၊ သမ္ဘာဝနာပေ၊**
**သာမညမှ ဝိသေသရောက်က၊ သမ္ဘာဝနာမှတ်လေ။**

**ဣတိသဒ္ဒါ ကျေရာ၌ ပြယုဂ်ကား-**

အနိစ္စာ ဣတိ သညာ- အနိစ္စသညာ တည်း။ အနိစ္စာ ဣတိ- သော။ သညာ- တည်း။ အနိစ္စသညာ- သညာ။

ဤပြယုဂ်၌ သာမညသညာအဖြစ်မှသည် အနိစ္စဟူ၍ ထင်သော ဝိသေသသညာအဖြစ်သို့ ရောက်စေခြင်းသည်ပင်လျှင် ချီး မြှောက်ခြင်း သမ္ဘာဝနာမည်၏ဟူဆိုသော်-

အာဒိသဒ္ဒါဖြင့် အသုဘာ ဣတိ သညာ- အသုဘသညာ။ မရဏံ ဣတိ သညာ- မရဏသညာ။ ဓမ္မော ဣတိ ဗုဒ္ဓိ- ဓမ္မဗုဒ္ဓိ။ ပါဏော ဣတိ သညာ- ပါဏသညာ အစရှိသည်ကိုယူလေ။

အသုဘာ ဣတိ- အသုဘဟူ၍ထင်သော။ သညာ- သညာ တည်း။ အသုဘသညာ- အသုဘဟူ၍ထင်သောသညာ။ မရဏံ ဣတိ- မရဏဟူ၍ထင်သော။ သညာ- သညာတည်း။ မရဏသညာ- မရဏဟူ၍ထင်သောသညာ။ ဓမ္မော ဣတိ- ဓမ္မဟူ၍သိသော။ ဗုဒ္ဓိ-

အသိဉာဏ်တည်း။ ဓမ္မဗုဒ္ဓိ- ဓမ္မဟူ၍သိသောအသိဉာဏ်။ ပါဏော က္ကတိ- သတ္တဝါဟူ၍သိသော။ သညာ- အမှတ်သညာတည်း။ ပါဏ သညာ- သတ္တဝါဟူ၍ သိသောသညာ။

## ဟုတွာသဒ္ဒါ ကျေရာ၌ပြယုဂ်ကား-

အန္ဓော ဟုတွာ ဘူတော- အန္ဓဘူတော တည်း။

အန္ဓော ဟုတွာ- အစိတ်ဖြစ်၍။ ဘူတော- ဖြစ်သည်တည်း။ အန္ဓဘူတော- အစိတ်ဖြစ်၍ ဖြစ်သည်။

## သင်္ခါတသဒ္ဒါ ကျေရာ၌ ပြယုဂ်ကား-

ယကာရသင်္ခါတော အာဒေသော- ယကာရာဒေသော တည်း။ ယကာရာသင်္ခါတော= ယ-အက္ခရာဟုဆိုအပ်သော။ အာဒေသော- အပြုတည်း။ ယကာရာဒေသော= ယ-အက္ခရာ ဟုဆိုအပ်သောအပြု။

## ဘူတသဒ္ဒါကျေရာ၌ ပြယုဂ်ကား-

ဘေူတော ကာရော- ဧကာရော တည်း။ ဘေူတော- ဖြေစ် ၍ဖြစ်သော။ ကာရော- အက္ခရာတည်း။ ဧကာရော- ဧဖြစ်၍ဖြစ်သော အက္ခရာ။

## ဧဝသဒ္ဒါ ကျေရာ၌ပြယုဂ်ကား-

အဧဝ ကာရော- အကာရော တည်း။ အဧဝ- သည်သာလျှင်။ ကာရော- အက္ခရာတည်း။ အကာရော- အသည်ပင်လျှင်အက္ခရာ။

**ဝိသေသဏပုဗ္ဗပဒ ကမ္မဓာရာယ်သမာသ်နှင့်, ၎င်းသမ္ဘာဝနာ ကမ္မဓာရာယ်သမာသ် နှစ်ပါးတို့၏ အထူးကား-**

ဝိသေသဏပုဗ္ဗပဒ ကမ္မဓာရာယ်သမာသ်မှာ- ပကတိအားဖြင့် ရှေးပုဒ်က ဂုဏ်ဝိသေသကို ဟောသည်။

သမ္ဘာဝနာကမ္မဓာရာယ်သမာသ်မူကား- ပကတိအားဖြင့် ရှေးပုဒ်က ဒြပ်တစ်ပါးကို ဟောသည်။ ဣတိအစရှိသော သဒ္ဒါယှဉ်မှသာလျှင် ဂုဏ်ဝိသေသကို ဟောသည်။ နောက်ပုဒ်နှင့်လည်း အရတူသည်။ ထိုသို့ဂုဏ်ဝိသေသ ပေါ်အောင် ထုတ်ဖော်ချီးမြှောက်ခြင်း သည်ပင်လျှင် သမ္ဘာဝနာကမ္မဓာရာယ်သမာသ်မည်၏ ဟု မှတ်လေ။ ဤကားအထူးတည်း။

**ဧဝသဒ္ဒါယှဉ်သော သမ္ဘာဝနာ ကမ္မဓာရာယ်သမာသ်နှင့် အဝဓာရဏကမ္မဓာရာယ်နှစ်ပါးတို့၏ အထူးကား-**

အဝရဓာရဏကမ္မဓာရာယ်သမာသ်မှာ- မြစ်အပ်သော အနက်တပါးရှိသည်။ သမ္ဘာဝနာကမ္မဓာရယ်သမာသ်မှာ- မြစ်အပ်သော အနက်တပါးမရှိ။ ဤကားအထူးတည်း။

**အဝဓာရဏကမ္မဓာရာယ်သမာသ်၌ ပြယုဂ်ကား-**

စက္ခုမေဝ ဣန္ဒြိယံ- စက္ခုန္ဒြိယံ တည်း။ စက္ခုမေဝ- စက္ခုသည် သာလျှင်။ ဣန္ဒြိယံ- ဣန္ဒြေတည်း။ စက္ခုန္ဒြိယံ- စက္ခုသည်သာလျှင် ဣန္ဒြေ။

ဤ၌ ဧဝသဒ္ဒါဖြင့် သတ္တဇီဝ အစရှိသော မြစ်အပ်သော အနက် တစ်ပါးရှိသောကြောင့် အဝဓာရဏကမ္မဓာရာယ် သမာသ်မည်၏ မှတ်လေ။

**ဣန္ဒြေဟူသည်**- သတ္တ၊ ဇီဝ၊ လောက၊ **ဝေနေယျနှင့် လျဉ်း ပါးဘွယ်ရှိသောကြောင့်** စက္ခုန္ဒြိယံဟု စက္ခုသဒ္ဒါဖြင့် အထူးပြု၍ ဆိုသည် ဟူလို။

သီလမေဝ ဓနံ-သီလဓနံ။ သုတမေဝ ဓနံ- သုတဓနံ။ စာဂမေဝ ဓနံ- စာဂဓနံ အစရှိသောပြယုဂ်တို့၌ **ရွှေငွေအစရှိသော ဥစ္စာ တပါးကို နစ်စေသောကြောင့် အဝဓာရဏကမ္မဓာရာယ်**မည်၏။

အဇေဝ ကာရော- အကာရော အစရှိသောပြယုဂ်တို့၌ မြစ်အပ် သော အနက်တစ်ပါး မရှိ။ အက္ခရာဟူသည် တမျိုးတမည်ရှိသည် မဟုတ်။ အ-ကိုပင်လျှင် အက္ခရာဆိုသည်၏အဖြစ်ကို သိစေခြင်းငှာ အကာရော ဟု အ-အက္ခရာ နှင့်အထူးပြု၍ဆိုသတည်း။

ထို့ကြောင့် အဝဓာရဏကမ္မဓာရာယ်မဟုတ် သမ္ဘာဝနာကမ္မ ဓာရာယ်သမာသ်ဟူ၍သာမှတ်အပ်၏။

ဂုဏဝါဒိဂိုဏ်းနှင့် သမာသ်ဖြစ်သည်ရှိသော် အလုံးစုံသော နို- ပစ္စည်းကို အံပြု၍-

ဂုဏဝါ ပုရိသော။ ဂုဏဝံ ပုရိသော။ ဂုဏဝတိ ကညာ။ ဂုဏဝံ ကညာ။ ဂုဏဝံ ကုလံ။ ဘဂဝါ မူလံ ယဿာတိ ဘဂဝံမူလကော။ ဘဂဝါ ပမုခေါ ယဿာတိ- ဘဂဝံပမုခေါ အစရှိသည်ဖြင့် ပြုအပ်၏။

**ဂစ္ဆန္တာဒိဂိုဏ်း၌ မဟန္တသဒ္ဒါနှင့် သမာသ်ဖြစ်သည်ရှိသော် မဟန္တ သဒ္ဒါကို မဟာပြု၍-**
မဟန္တော ပုရိသော- မဟာပုရိသော။ မဟတိ ကရုဏာ- မဟာကရုဏာ။ မဟန္တံ ကုလံ- မဟာကုလံ ဟူ၍လည်းကောင်း။

**မဟန္တသဒ္ဒါကို မဟပြု၍**- မဟန္တံ ဘယံ - မဟဗ္ဘယံ ဟူ၍လည်းကောင်း။ မဟတိ ရတ္တိ- မဟာရတ္တိ။ မဟတိ ဓေနု- မဟာဓေနု။ မဟတိ ဝဓူ- မဟာဝဓူ ဟူ၍လည်းကောင်း။ မဟန္တော အဂ္ဂိ- မဟဂ္ဂိ။ မဟန္တာ စ တေ အဂ္ဂယောစာတိ- မဟဂ္ဂယော။ မဟန္တာ ဒဏ္ဍီ- မဟာဒဏ္ဍီ။ မဟန္တာ စ တေ ဒဏ္ဍိနောစာတိ- မဟာဒဏ္ဍိနော။ မဟန္တော သယမ္ဘူ မဟာသယမ္ဘူ။ မဟန္တာ စ တေ သယမ္ဘုနောစေတိ- မဟာသယမ္ဘုနော ဟူ၍လည်းကောင်း။ မဟန္တံ အဋ္ဌိ- မဟဋ္ဌိ။ မဟန္တာနိ စ တာနိ အဋ္ဌီနိစေတိ- မဟဋ္ဌီနိ။ မဟန္တာ အာယု- မဟာယု။ မဟန္တာနိ စ တာနိ အာယူနိစေတိ- မဟာယူနိ။ မဟန္တံ ဂေါတြဘူ- မဟာဂေါတြဘူ ဟူ၍ဖြစ်၏။

**သန္တသဒ္ဒါနှင့် သမာသ်ဖြစ်သည်ရှိသော် သန္တသဒ္ဒါကို သပြု၍**- သန္တော ပုရိသော- သပ္ပုရိသော။ သန္တော ဓမ္မော- သဒ္ဓမ္မော အစရှိသည်ဖြင့်ဖြစ်၏။

**ပုမသဒ္ဒါနှင့် သမာသ်ဖြစ်သည်ရှိသော်**- ပုမာ စ ဣတ္ထီ စ-ပုမိတ္ထိ အစရှိသည်ဖြင့်ဖြစ်၏။ အချို့သောအရာ၌ မ- အက္ခရာကို

နိဂ္ဂဟိတ်ပြု၍- ပုမာ စ သော ကောကိလော စ ပုင်္ကောကိလော အစရှိသည်ဖြင့် ပြုအပ်၏။

**ရာဇသဒ္ဒါနှင့် သမာသ်ဖြစ်သည်ရှိသော်**- ရာဇာ စ သော ဣဿရော စာတိ- ရာဇိဿရော။ ရာဇာနံ ဒဿနံ- ရာဇဒဿနံ။ ရညာ ကတံ- ရာဇကတံ။ ရာဇူဟိ ကတံ- ရာဇကတံ။ ရညော ပုရိသော- ရာဇပုရိသော။ ရညံ ပုရိသော- ရာဇပုရိသော။ ရညာ အပေတော- ရာဇာပေတော။ ရညော ဌိတံ- ရာဇဋ္ဌိတံ အစရှိသည်ဖြင့်ဖြစ်၏။

**သတ္ထုသဒ္ဒါနှင့်သမာသ်ဖြစ်သည်ရှိသော်-** သတ္ထာ စ သော ဗုဒ္ဓေါစာတိ- သတ္ထုဗုဒ္ဓေါ။ သတ္ထာရံ ဒဿနံ- သတ္ထုဒဿနံ။ သတ္ထာရာ ဒေသိတော- သတ္ထုဒေသိတော။ သတ္ထုနော ဓမ္မော- သတ္ထုဓမ္မော။ အစရှိသည်ဖြင့်ဖြစ်၏။

ဤအတူ **ကတ္တုသဒ္ဒါ၌လည်း-** ကတ္တာ စ သော ကာရကော စာတိ- ကတ္တုကာရကော။ ကတ္တာရံ နိဒ္ဒေသော- ကတ္တုနိဒ္ဒေသော။ ကတ္တာရနိဒ္ဒေသောဝါ။ ကတ္တာရာ ဝစ္စော- ကတ္တုဝစ္စော။ ကတ္တုနော သန္တကံ- ကတ္တုသန္တကံ အစရှိသည်ဖြင့်ဖြစ်၏။

**သတ္ထာရဒဿနံ၊ ကတ္တာရနိဒ္ဒေသော**-တို့၌ နိပါတနသုတ်ကြီးဖြင့် သမာသ်၏အလယ်၌ ဥကိုအာပြု၍ ပြီးသည်။

**ရတ္တိသဒ္ဒါသည် ဒိဂုသမာသ်-ဒွန်သမာသ်တို့၏ အရာတို့၌** ဒွေ ရတ္တိယော- ဒွိရတ္တံ။ တိဿော ရတ္တိယော- တိရတ္တံ။ အဟော စ ရတ္တိ စ အဟောရတ္တံ- အစရှိသည်ဖြင့် နပုံးလိင်ကဲ့သို့ ရုပ်အစဉ်သည်ဖြစ်၏။

ဤ၌ ဒွိရတ္တိ။ တိရတ္တာနိ။ ဒွိရတ္တေန- အစရှိသည်ဖြင့် စိတ္တသဒ္ဒါကဲ့သို့ ရုပ်အစဉ်ကို မှတ်အပ်၏။

အချို့သောအရာ၌ကား ကမ္မဓာရာယ်သမာသ်၌လည်း နပုံးလိင်ကဲ့သို့ဖြစ်၏။

**ပြယုဂ်ကား-** စိရာယ ရတ္တံ- စိရာရတ္တံ အစရှိသည်တည်း။

ဤ၌ စိရာရတ္တံ၊ စိရာရတ္တာနံ၊ စိရာရတ္တေန- အစရှိသည်ဖြင့် စိတ္တသဒ္ဒါကဲ့သို့ ရုပ်အစဉ်ကို မှတ်အပ်၏။

အဟောရတ္တံ-ကား သိဝိဘတ်မကျေသော အလုတ္တသမာသ်တည်း။ ရတ္တံ-၌ နိပါတနသုတ်ကြီးဖြင့် ဣကိုအပြု၍ အဟောရတ္တံဟု ပြီးသည်။ ဗဟုဗ္ဗီဟိသမာသ်၌ အာကာရန္တပုဒ်နှင့် သမာသ်ဖြစ်သည်ရှိသော် ဣတ္ထိလိင် ပုလ္လိင်တို့၌ အာကိုအပြု၍ ပြီး၏။

## ဣတ္ထိလိင်၌ ပြယုဂ်ကား-

ဗဟု ကညာယော ယဿာတိ- ဗဟုကညော။ ဗဟုမာလော အစရှိသည်တည်း။

**ပုလ္လိင်၌ ပြယုဂ်ကား-**

ဗလဝေါ ပစ္စက္ခဓမ္မာ ယဿာတိ- ဗဟုပစ္စက္ခဓမ္မာတည်း။

ဣကာရန္တပုဒ်အစရှိသည်နှင့် သမာသ်ဖြစ်သည်ရှိသော် လိင်သုံးပါးတို့၌ က-အက္ခရာလာ၍ ပြီး၏။

**ဣတ္ထိလိင်၌ ပြယုဂ်ကား-**

ဗဟူ နဒိယော ယဿာတိ- ဗဟုနဒိကော။ ဗဟူ ရတ္တိယော ယဿာတိ ဗဟုရတ္တိကော အစရှိသည်တည်း။

**ပုလ္လိင်၌ ပြယုဂ်ကား-**

ဗဟဝေါ အဂ္ဂယော ယဿာတိ- ဗဟွဂ္ဂိကော။ ဗဟုဒဏ္ဍိကော-တည်း။

**နပုံးလိင်၌ ပြယုဂ်ကား-**

ဗဟူနိ အဋ္ဌီနိ ယဿာတိ- ဗဟွဋ္ဌိကော။ ဗဟူနိ အဋ္ဌီနိ ယေသန္တေတိ ဗဟွဋ္ဌိကာ အစရှိသည်တည်း။

ဂေါသဒ္ဒါနှင့် သမာသ်ဖြစ်သည်ရှိသော် သရနှောင်းသော်လည်းကောင်း၊ မနှောင်းသော်လည်းကောင်း အဝပြု၍ ပြီး၏။

**သရနှောင်းရာ၌ကား**- အမြဲအဝပြုရ၏။ **သရမနှောင်းရာ၌ကား**- ဝိကပ်အားဖြင့်အဝပြုရ၏။

**သရနှောင်းရာ၌ပြယုဂ်ကား-**

ဂဝဿကံ၊ ဂဝေဠကံ၊ ဂဝတ္တော၊ ဂဝါလယော၊ ဂဝါပေတော တည်း။

**သရမနှောင်းရာ၌ပြယုဂ်ကား-**

ဂဝါ ဓနော- ဂေါဓနော၊ ဂဝံ ပတိ- ဂေါပတိတည်း။ ဂါဝေါ ဓနာနိ ဧတဿာတိ- ဂဝဓနော၊ ဂေါဓနော၊ ဂေါဏာနံ ပတိ ဂဝံပတိ၊ ဂေါပတိဟုပြု။

ဂေါသဒ္ဒါသည် သမာသ်ပုဒ်၏အဆုံး၌တည်သည်ရှိသော် အချို့သောအရာ၌ ဂေါသဒ္ဒါ၏အစိတ်ဩကို ဥ-ရဿပြု၍ပြီး၏။ အချို့သောအရာ၌ အဝ-ပြု၍ပြီး၏။

**ပြယုဂ်ကား-**

စိတ္တဂု၊ တိဋ္ဌဂု၊ ပဉ္စဂု၊ ပဉ္စဂဝံ၊ ဇရဂ္ဂဝေါ တည်း။

စိတ္တဂု- ပြောက်ကျားသောနွားရှိသောသူ။ တိဋ္ဌဂု- နွားတို့၏တည်ရာဖြစ်သောနေရာ။ ပဉ္စဂု- ငါးခုသောနွားရှိသောသူ။ ပဉ္စဂဝံ- နွားငါးကောင်။ ဇရဂ္ဂဝေါ- နွားအို။

စိတ္တာ ဂါဝေါ ဧတဿာတိ- စိတ္တဂု။ ဂါဝေါ တိဋ္ဌန္တိ ဧတ္ထာတိ- တိဋ္ဌဂု။ ပဉ္စ ဂဝေါ ဧတဿာတိ- ပဉ္စဂု။ ပဉ္စ ဂဝေါ- ပဉ္စဂဝံ၊ ဇရာ စ သော ဂေါစာတိ- ဇရဂ္ဂဝေါ ဟုဝစနတ္ထပြု။

ပုလ္လိင်အရာ၌ ဩကို ဥ,ရဿပြု။ ပုလ္လိင်အရာ၌ပင် ဩကို အဝ-ပြု။ ဤကာအထူးတည်း။

- **နိယတလိင်ချင်း၊ သမာသ်တွဲ၊**
  **ရှေ့ပုဒ်နောက်ပုဒ်၊ လိင်နှင့်ကွဲ။**
- **သူ့ဆီကိုငါ၊ ငါဆီကိုသူ၊ မလိုက်ဘဲ၊**
  **ငါလည်းခံတက်ပင်က မီးတကျည်ဘဲ။**
- **ယင်းသို့ဖြစ်ခါ၊ တသဒ္ဒါ၊**
  **နောက်ပုဒ်လိင်ကိုသာ၊ လိုက်စမြဲ။**

**ပြယုဂ်ကား-**

ဇရာ စ သော အသောာစာတိ- ဇရသာ။

ဝီသတိ စ တံ စိတ္တဉ္စာတိ ဝီသတိစိတ္တံ တည်း။

ဝီသတိစိတ္တံဟူသော ပြယုဂ်၌ကား ဝီသတိသဒ္ဒါသည် ဣတ္ထိလိင်ကို အမြဲဟောသည်။ စိတ္တသဒ္ဒါသည်လည်း နပုံးလိင်ကိုအမြဲဟောသည်ဖြစ်၍ တပါးသည် တပါး၏လိင်သို့မလိုက်။ တသဒ္ဒါသည်လည်း ထိုနှစ်ပုဒ်နှင့် ဆက်ဆံသော်လည်း အပဓာနဖြစ်သော ဝီသတိသဒ္ဒါကိုငဲ့၍ သာ-ဟုမထားဘဲလျက် ပဓာနဖြစ်သော စိတ္တသဒ္ဒါကိုငဲ့၍ တံ-ဟုထား အပ်သည်ဟူလို။

## "တရံတခါ ရှေ့ပုဒ်သို့လည်းလိုက်၏။"

**ပြယုဂ်ကား -**

ဝိနယော စ သော ပိဋကဉ္စာတိ- ဝိနယပိဋကံ တည်း။

- **ဒြပ်တစ်ပါးပင်ဖြစ်ကတဲ၊ အမည်နှစ်ပါးကွဲ။**
  **ယင်းအနက်ကို၊ စသဒ္ဒါဖြင့်ပြရမြဲ။**
- **အမည်နှစ်ပါးပင်ပြားကတဲ၊ ဒြပ်တစ်ခုထဲ၊**
  **ယင်းအနက်ကို တသဒ္ဒါဖြင့်ပြရမြဲ။**
  **ကမ္မဓာရာယ်သမာသ် သူဖြစ်နဲ။**

**ပြယုဂ်ကား** -

မဟန္တော စ သော ပုရိသောစာတိ- မဟာပုရိသောတည်း။

ဤ၌ယောက်ျားဒြပ်တခုတည်း၌ မဟန္တဟူသောအမည် ပုရိသဟူသောအမည်နှစ်ပါးရှိသည်၏အဖြစ်ကိုသိစေခြင်းငှာ စသဒ္ဒါကိုယှဉ်သည်။ ထိုအမည်နှစ်ပါးပင် ပြားသော်လည်း ဒြပ်တခုပင်တည်းဟု သိစေခြင်းငှာ တသဒ္ဒါကိုယှဉ်သည်ဟူလို။

ထိုစသဒ္ဒါ, တသဒ္ဒါတို့သည် တုလျာဓိကရဏအနက်ကို ထွန်းသာထွန်းပြနိုင်ကုန်၏။ သမာသ်ပုဒ်တို့ သည်သာလျှင် တုလျာဓိကရဏအနက်ကို ဟောနိုင်ကုန်၏။

ထို့ကြောင့်- မဟန္တော ပုရိသော- မဟာပုရိသော။ မဟတိကညာ- မဟာကညော အစရှိသည်ဖြင့် စသဒ္ဒါ တသဒ္ဒါတို့ကို မယှဉ်ဘဲလျှက်လည်း ပြုအပ်ကုန်၏။

အဘယ်ကဲ့သို့နည်းဟူမူကား- သုဓာတ်အစရှိသည်တို့သည် ဥပသာရပုဒ်နှင့်ယှဉ်သော်လည်းကောင်း၊ မယှဉ်သော်လည်းကောင်း ဟောမြဲတိုင်းသောအနက်ကို ဟောနိုင်သကဲ့သို့တည်း။

အဘိဘူ- ဟူသောပါဠ်၌ လွှမ်းမိုးခြင်းအနက်ကို ထွန်းပြတက်သော အဘိ-ဟူသောဥပသာရနှင့်တကွဖြစ်သော ဘူဓာတ်သည် ဂေါတြဘူ- ဟူသောပုဒ်၌ အဘိ-ဟူသောဥပသာရနှင့် ကင်း၍လည်း လွှမ်းမိုးခြင်းအနက်ကို ဟောနိုင်သကဲ့သို့တည်းဟူလို။

ထို့ကြောင့် **"ဥပသဂ္ဂဿ အဒဿနေ ဥပသဂ္ဂေန ဝိနာပိ ဝိညာယတိ"** ဟူ၍ ဆရာတို့မိန့်အပ်ကုန်၏။

ဥပသဂ္ဂဿ- ၏။ အဒဿနေ-ကို။ ဥပသဂ္ဂေန- နှင့်။ ဝိနာပိ-၍လည်း။ ဝိညာယတိ- အပ်၏။

**နိပါတ်ပုဒ်နှင့်လည်း နည်းတူပင်။**

**ဗဟုဗ္ဗီဟိသမာသ်သည်ကား-** ပထမဗဟုဗ္ဗီဟိသမာသ်၊ ဒုတိယာဗဟုဗ္ဗီဟိသမာသ် အစရှိသောအားဖြင့် ခုနစ်ပါးအပြားရှိ၏။

ထိုခုနစ်ပါးကို တဂ္ဂုဏသံဝိညာဏ၊ အတဂ္ဂုဏသံဝိညာဏ နှစ်ပါးဖြင့် မြှောက်သည်ရှိသော် တဆယ့်လေးပါးဖြစ်၏။

ထိုတစ်ဆယ့်လေးပါးကို ဒွိပဒ၊ တိပဒဗဟုဗ္ဗီသမာသ်နှစ်ပါးနှင့် မြှောက်သည်ရှိသော် နှစ်ဆယ့်ရှစ်ပါးဖြစ်၏။

ထိုနှစ်ဆယ့်ရှစ်ပါးကို လိင်သုံးပါးနှင့် မြှောက်သည်ရှိသော် ရှစ်ဆယ့်လေးပါးဖြစ်၏။

ထိုရှစ်ဆယ့်လေးပါးကို ဝုစ်လေးပါးနှင့် မြှောက်သည်ရှိသော် သုံးရာ့သုံးဆယ့်ခြောက်ပါးဖြစ်၏။

ထိုသုံးရာ့သုံးဆယ့် ခြောက်ပါးကို ယ, တ, ဧတ, ဣမ, အမု- ဟူသော အညပုဒ်တို့နှင့် မြှောက်သည်ရှိသော် တစ်ထောင့်ခြောက်ရာ့ ရှစ်ဆယ် အပြားရှိ၏။

**ဝုစ်လေးပါးဟူသော်ကား**- သမာသ်ပုဒ်က ဧကဝုစ်ဖြစ်၍ အညပုဒ်က ဗဟုဝုစ်လည်းတပါး၊ သမာသ်ပုဒ်က ဗဟုဝုစ်ဖြစ်၍ အညပုဒ်က ဧကဝုစ်လည်းတပါး၊ သမာသ်ပုဒ်က ဧကဝုစ် အညပုဒ် လည်း ဧကဝုစ်တပါး၊ သမာသ်ပုဒ်လည်း ဗဟုဝုစ် အညပုဒ်လည်း ဗဟုဝုစ် တပါး။ ဤသို့အားဖြင့် မြောက်၍ ဝုစ်လေးပါးဖြစ်၏။

**ပြယုဂ်အမြွက်ကား-**

လမ္ဗော ကဏ္ဏော ယေသံပုရိသာနန္တိ- လမ္ဗကဏ္ဏာ။ လမ္ဗာ ကဏ္ဏာ ယဿပုရိသဿာတိ- လမ္ဗကဏ္ဏော။ လမ္ဗော ကဏ္ဏော ယဿပုရိသဿာတိ- လမ္ဗကဏ္ဏော။ လမ္ဗာ ကဏ္ဏာ ယေသံ ပုရိသာနန္တိ- လမ္ဗကဏ္ဏာ- ဟူ၍ ပုလ္လိင်၌ဖြစ်၏။

လမ္ဗော ကဏ္ဏော ယေသံနပုံသကာနန္တိ- လမ္ဗကဏ္ဏာနိ။ လမ္ဗာ ကဏ္ဏာ ယဿနပုံသကဿာတိ လမ္ဗကဏ္ဏံ။ လမ္ဗာ ကဏ္ဏာ ယဿ နပုံသကဿာတိ လမ္ဗကဏ္ဏံ။ လမ္ဗာ ကဏ္ဏာ ယေသံ နပုံသကာနန္တိ- လမ္ဗကဏ္ဏာနိ- ဟူ၍ နပုံးလိင်၌ဖြစ်၏။

လမ္ဗော ကဏ္ဏော ယာသံဣတ္ထီနန္တိ- လမ္ဗကဏ္ဏာယော။ လမ္ဗာ ကဏ္ဏာ ယဿာဣတ္ထိယာတိ- လမ္ဗကဏ္ဏာ။ လမ္ဗော ကဏ္ဏော ယဿာ ဣတ္ထိယာတိ- လမ္ဗကဏ္ဏာ။ လမ္ဗာ ကဏ္ဏာ ယာသံဣတ္ထီနန္တိ- လမ္ဗကဏ္ဏာယော- ဟူ၍ ဣတ္ထိလိင်၌ ဖြစ်၏။

ဤအတူ ဆိန္နော ဟတ္ထော ယေသန္တေတိ- ဆိန္နဟတ္ထာ။ ဆိန္နာ ဟတ္ထာ ယဿသောတိ- ဆိန္နဟတ္ထော။ ဆိန္နော ဟတ္ထော ယဿ သောတိ- ဆိန္နဟတ္ထော။ ဆိန္နာ ဟတ္ထာ ယေသန္တေတိ- ဆိန္နဟတ္ထာ ဟူ၍ ပုလ္လိင်၌ လည်းကောင်း။

ဆိန္နော ဟတ္ထော ယေသန္တာနီတိ- ဆိန္နဟတ္ထာနိ။ ဆိန္နာ ဟတ္ထာ ယဿတန္တိ ဆိန္နဟတ္ထံ။ ဆိန္နော ဟတ္ထော ယဿတန္တိ ဆိန္နဟတ္ထံ။ ဆိန္နာ ဟတ္ထာ ယေသန္တာနီတိ ဆိန္နဟတ္ထာနိ- ဟူ၍ နပုံးလိင်၌လည်းကောင်း။

ဆိန္နော ဟတ္ထော ယာသန္တာတိ- ဆိန္နဟတ္ထာယော။ ဆိန္နာ ဟတ္ထာ ယဿာတိ- ဆိန္နဟတ္ထာ။ ဆိန္နော ဟတ္ထော ယဿာတိ- ဆိန္နဟတ္ထာ။ ဆိန္နာ ဟတ္ထာ ယာသန္တာတိ- ဆိန္နဟတ္ထာယော ဟူ၍ ဣတ္ထိလိင်၌လည်းကောင်း- ဤသို့ အစရှိသည်ဖြင့်ဖြစ်၏။

**ဤနည်းအတူ တအစရှိသော အညပုဒ်တို့ဖြင့်လည်း တဿ၊ တေသံ၊ တိဿာ၊ တာသံ အစရှိသည်ဖြင့် ရံထည့်၍ ပြုအပ်ကုန်၏။**

ဤနည်းကား သမာသ်ပုဒ်က ပုလ္လိင်၊ အညပုဒ်က လိင်သုံးပါး ဖြင့် မြှောက်၍ယူသောနည်းတည်း။

ဤနည်းအတူ သမာသ်ပုဒ်က ဣတ္ထိလိင်၊ အညပုဒ်က လိင်သုံး ပါး၏ အစွမ်းဖြင့် မြှောက်၍လည်း ပြုအပ်၏။

**ပြယုဂ်ကား-**

နီလာ မာလာ ယေသန္တေတိ- နီလမာလာ။ နီလာယော မာလာ ယော ယဿသောတိ- နီလမာလော။ နီလာ မာလာ ယဿသောတိ-

နီလမာလော။ နီလာယော မာလာယော ယေသန္တေတိ- နီလမာလာ ဟူ၍ ပုလ္လိင်၌ဖြစ်၏။ နပုံးလိင်၊ ဣတ္ထိလိင်တို့၌ ဤနည်းကိုမှီ၍ပြုလေ။

သမာသ်ပုဒ်က နပုံးလိင်၊ အညပုဒ်က လိင်သုံးပါးအစွမ်းဖြင့် မြောက်၍လည်း ပြုအပ်၏။

**ပြယုဂ်ကား-**

မဟန္တံ ကုသလံ ယေသန္တေတိ- မဟာကုလာ။ မဟန္တာနိ ကုလာနိ ယဿသောတိ- မဟာကုလော။ မဟန္တံ ကုလံ ယဿသောတိ- မဟာကုလော။ မဟန္တာနိ ကုလာနိ ယေသန္တေတိ- မဟာကုလာ ဟူ၍ပုလ္လိင် ပုဒ်၌ဖြစ်၏။

မဟန္တံ ကုလံ ယေသန္တာနီတိ- မဟာကုလာနိ။ မဟန္တာနိ ကုလာနိ ယဿတန္တိ- မဟာကုလံ။ မဟန္တံ ကုလံ ယဿတန္တိ- မဟာကုလံ။ မဟန္တာနိ ကုလာနိ ယေသန္တာတိ- မဟာကုလာနိ ဟူ၍ နပုံးလိင် ၌ဖြစ်၏။

မဟန္တံ ကုလံ ယာသန္တာတိ- မဟာကုလာယော။ မဟန္တာနိ ကုလာနိ ယဿာတိ- မဟာကုလာ။ မဟန္တံ ကုလံ ယဿာတိ- မဟာကု လာ။ မဟန္တာနိ ကုလာနိ ယာသန္တာတိ- မဟာကုလာယော ဟူ၍ ဣတ္ထိ လိင်၌ဖြစ်၏။

နီလာမာလောဟု မဆိုမူ၍ နီလမာလောဟု ဆိုရခြင်းသည် ဣတ္ထိယံ- ပ။ စေ။ ဟူသော သုတ်ဖြင့် ဟောဘူးသော ပုလ္လိင်ရှိသော နီလာဟူသော ရှေးပုဒ်၌ ပုလ္လိင်ကဲ့သို့ ငဲ့၍ ဣတ္ထိလိင်အာပစ္စည်းကို အလိုအလျောက်ပျောက်စေသည်။ မာလာဟူသော နောက်ပုဒ်၌ အာကို

အရသပြု၍ ပြီးသည်- **ဤကား ရူပသိဒ္ဓိဆရာ၊ ယင်းဋီကာဆရာ နိဒ္ဒေသဆရာတို့အလိုတည်း။**

**တနည်းကား** ဟောအပ်သောပုလ္လိင်ရှိသော မာလာဟူသော နောက်ပုဒ်ကို ပုလ္လိင်ကဲ့သို့ငဲ့၍ ဣတ္ထိလိင်အာပစ္စည်းကိုပျောက်စေ သည်။ နီလာ ဟူသောရှေ့ပုဒ်၌ အာကိုအရသပြု၍ ပြီးသည်- **ဤကား သဒ္ဒနီတိဆရာ၊ ဥဒသ်ဆရာတော်တို့အလိုတည်း။**

**ရူပသိဒ္ဓိဆရာတို့အလို**တို့၌ နီလသဒ္ဒါသည် ယခုအခါ မာလာ ဟူသောပုဒ်ကိုငဲ့၍ ဣတ္ထိလိင်ကို ဟောငြားသော်လည်း ရှေးအခါ၌ နီလော ပဋော အစရှိသည်ဖြင့် ပုလ္လိင်ဝိသေသျပုဒ်ကို ငဲ့ခဲ့ဖူးသော ကာလက ပုလ္လိင်ကို ဟောခဲ့ဖူးသည်ဖြစ်၍ သမာသ်ပုဒ်ပြီးသောကာလ ရှေးအခါ ထိုပုလ္လိင်ကို ငဲ့ဖူးသည်နှင့်လျော်စွာ ပုလ္လိင်ကိုကဲ့သို့ငဲ့၍ နီလ ဟုထားရသည်ဟူလိုသော်။

**သဒ္ဒနီတိဆရာတို့အလို**၌ မာလာသဒ္ဒါသည် ပကတိအားဖြင့် ဣတ္ထိလိင်ကို ဟောငြားသော်လည်း သမာသ်ပုဒ်ပြီးသောကာလ အည ပုဒ်လိင်သို့လိုက်၍ ပုလ္လိင်ကိုဟောသည်၏အဖြစ်ကြောင့် ထိုအနက် ပုလ္လိင်ဖြစ်သည်အားလျော်စွာ သဒ္ဒါကိုလည်း ပုလ္လိင်ကဲ့သို့ငဲ့၍ မာလော ဟုထားရသည် ဟူလိုသော်။

**ရူပသိဒ္ဓိဆရာတို့အလို**၌ ဣတ္ထိယံ- ဣတ္ထိလိင်၌။ ဘာသိတ ပုမာ- ဟောဖူးသောပုလ္လိင်ရှိသော (ဝါ) ရှေးအခါ ပုလ္လိင်ရှိသော (ဝါ)

ရှေးအခါ ပုလ္လိင်ဝိသေသျပုဒ်ကို ငဲ့သောကာလက ပုလ္လိင်ကို ဟောခဲ့ဖူး သော။ ဣတ္ထီ- အနိယတဣတ္ထိလိင်ဟောသဒ္ဒါသည်။ စေ ဟောတိ- အကယ်၍ဖြစ်ငြားအံ့။ သာ- ထိုရှေးကာလက ပုလ္လိင်ကို ဟောဖူး၍ ယခုအခါ ဣတ္ထိလိင်ဝိသေသျပုဒ်ကို ငဲ့သောကာလ၌ ဣတ္ထိလိင်ကို အခိုက်အတန့်အားဖြင့် ဟောသောသဒ္ဒါကို။ ပုမာဝ- ပုလ္လိင်ကိုကဲ့သို့။ ဒဋ္ဌဗ္ဗာ- မှတ်အပ်၏ ဟူ၍ယောဇနာလေ။

**သဒ္ဒနီတိဆရာတို့ အလို**၌ ဣတ္ထိယံ- ၌။ ဘာသိတပုမာ- ဟောအပ်သောပုလ္လိင်ရှိသော။ (ဝါ) အညပုဒ်သို့လိုက်၍ အခိုက် အတန့်အားဖြင့် ပုလ္လိင်ကိုဟောအပ်ဆဲဖြစ်သော။ ဣတ္ထီ -ပြကတေ့ အားဖြင့် ဣတ္ထိလိင်ကိုဟောနေကျဖြစ်သောသဒ္ဒါကို။ ပုမာဝ- သို့။ ဒဋ္ဌဗ္ဗာ- ၏ ဟူ၍သမ္ဗန်လေ။

ထိုနှစ်ပါးကုန်သောဆရာမြတ်တို့၏ အယူဝါဒတို့၌ပင်-ဘာသိ တော ပုမာ ယေနာတိ- ဘာသိတပုမော ဟု တတိယာ ဗဟုဗ္ဗီဟိ သမာသ်ဝိဂြိုဟ်ပြုလေ။

ယေန- အကြင်အနိယတဣတ္ထိလိင်ဟောသဒ္ဒါသည်။ ဝါ- နိယတဣတ္ထိလိင်ဟောသဒ္ဒါသည်။ ပုမာ- ပုလ္လိင်ကို။ ဘာသိတော- ဟောဘူးလေပြီ။ဝါ-ဟောအပ်ဆဲ။ဣတိတသ္မာ- ထိုသို့ပုလ္လိင် ကိုဟော ဘူး၊ ဟောဆဲသတ္တိကြောင့်။ သော- ထိုသဒ္ဒါသည်။ ဘာသိတပုမော- မည်၏။

ရှေးအနက်ကား ရူပသဒ္ဓိဆရာတို့ အလိုတည်း။ နောက်အနက် ကား သဒ္ဒနီတိဆရာတို့အလိုတည်း။

ရှေးပုဒ်၌ အနိယတဣတ္ထိလိင် ဤကာရန္တဖြစ်သော ကမ္မ ဓာရာယ်သမာသ်၌လည်း ပုလ္လိင်ကဲ့သို့ ငဲ့ရ၏။

**ပြယုဂ်ကား-**

ဗြဟ္မဏီ စ သာ ဒါရိကာစာတိ ဗြဟ္မဏဒါရိကာ တည်း။

ဤကမ္မဓာရာယ်သမာသ်၌ ခပ်သိမ်းကုန်သောဆရာမြတ်တို့၏ အယူဝါဒအားဖြင့် ဟောဘူးသော ပုလ္လိင်ရှိသောရှေးပုဒ်ကို ပုလ္လိင်ကဲ့သို့ ငဲ့ရသည်ဟူ၍ မိန့်ဆိုတော်မူကြကုန်၏။

**ဟောဘူးသောပုလ္လိင်ဟူသည်ကား-**

ခပ်သိမ်းကုန်သောသတ္တဝါဟောသဒ္ဒါတို့သည် ကမ္ဘာဦးကာလ က ဣတ္ထိ, ပုရိသဟု အထူးမရှိသေးကြောင်း ပုလ္လိင်အသွင်ကိုစွဲကုန်၍ ခတ္တိယ, ဗြာဟ္မဏ အစရှိသောသဒ္ဒါတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ခတ္တိဗြာဟ္မဏ အစရှိသောသဒ္ဒါတို့သည် ပုလ္လိင်ကို ဟောဘူးသည် မည် ကုန်၏ဟူ၍ မိန့်ဆိုကုန်၏။

အနိယတဣတ္ထိလိင်ကိုဟောသော အကာရန္တပုဒ်နှင့်သမာသ်ဖြစ် ရာ၌လည်း ပုလ္လိင်ကဲ့သို့ငဲ့ရ၏။

**ပြယုဂ်ကား-**

သုခါ စ သာ ဝေဒနာစာတိ- သုခဝေဒနာ။ သုခါယ သဟဂတံ -သုခသဟဂတံ။ သုခါ စ သာ ဝေဒနာ ယဿာတိ သုခဝေဒနာတည်း။

နိယတဣတ္ထိလိင်ကိုဟောသော အကာရန္တပုဒ်နှင့် သမာသ်ဖြစ် သည်ရှိသော်ကား ပုလ္လိင်ကဲ့သို့မငဲ့ရ။

**ပြယုဂ်ကား-**

ဥပေက္ခာ စ သာ ဝေဒနာစာတိ- ဥပေက္ခာဝေဒနာ။ ဥပေက္ခာယ သဟဂတံ- ဥပေက္ခာသဟဂတံ။ ဥပေက္ခာ ဝေဒနာ ယဿာတိ ဥပေက္ခာဝေဒနာ တည်း။

ကြတ္တိလိင်အာပစ္စည်းကို မပျောက်စေလိုသည် ဟူလိုသော်။

သုခ သဒ္ဒါသည် သုခေါ။ သုခါ။ သုခံအစရှိသည်ဖြင့် ရှိသင့်သောကြောင့် အနိယတကြတ္တိလိင်မည်၏။

ဥပေက္ခာသဒ္ဒါသည်ကား ဥပေက္ခော၊ ဥပေက္ခံ အစရှိသည်ဖြင့် မရှိသင့်။ ဥပေက္ခာဟူ၍သာ ရှိသင့်သောကြောင့် နိယတကြတ္တိလိင်မည်၏။ ဤနိယတကြတ္တိလိင်ကို ပုလ္လိင်ကဲ့သို့ငဲ့၍ မဖြစ်နိုင်ဟူလိုသော်။

သဒ္ဒနီတိဆရာ၏ အလိုအားဖြင့် နပုံးလိင်ကိုကဲ့သို့ ငဲ့သည်လည်းရှိ၏။ ဟောအပ်သောနပုံးလိင်ရှိသော ပုလ္လိင်၊ ကြတ္တိလိင်ကို နပုံးလိင်ကိုကဲ့သို့ ငဲ့ရ၏ ဟူလို။

**ပုလ္လိင်ကို နပုံးလိင်ငဲ့ရာ၌ ပြယုဂ်ကား-**

လမ္ဗော ကဏ္ဏော ယဿတန္တိ လမ္ဗကဏ္ဏံ တည်း။

**ကြတ္တိလိင်ကို နပုံးလိင်ကဲ့သို့ငဲ့ရာ၌ ပြယုဂ်ကား-**

နတ္ထိ သဒ္ဓါ ဧတဿကုလဿာတိ- အသဒ္ဓံ တည်း။

ရူပသိဒ္ဓိဆရာတို့ အလိုအားဖြင့် ဤသို့သောအရာများ၌ အညပုဒ်လိင်သို့ လိုက်၍ နပုံးလိင်ကို ဟောကုန်၏။ နပုံးလိင်ကဲ့သို့ ငဲ့ဘွယ်မရှိ။ သရော ရဿော နပုံသကေ- ဟူသောသုတ်ဖြင့် အာကိုရဿပြုရသည် ဟူကုန်၏။

ဗဟူ ကုက္ကုဋ္ဋိယော ယဿာတိ- ဗဟုကုက္ကုဋ္ဋိကော။ ဗဟူ ဣတ္ထိယော ယဿာတိ- ဗဟွိတ္ထိကော အစရှိသော ပြယုဂ်တို့၌ ဣတ္ထိလိင်ကို ပုလ္လိင်ကဲ့သို့ မငဲ့သောကြောင့် နောက်၌ပုလ္လိင်ကဲ့သို့ ငဲ့၏ဟူသော ဝါဒသည် ယုတ္တတရမဖြစ်ကုန်ဟု- ရူပသိဒ္ဓိဋီကာဆရာမိန့်၏။

ဤတွင်တခန်း နည်းတဆန်း ခါးပန်းအပြီးသတ်လတ်ပြီ။

- **ဧကတ္ထီဘာဝေါ၊ သူ့သဘော၊ မှတ်လောဤသည်နဲ့။**
- **နှစ်ပုဒ်သုံးပုဒ်၊ လေးပုဒ်စသည်ရှိတကဲ၊ အနက်တခုထဲ။**
- **ၚင်းသဘောကို၊ ဧကတ္ထီဘောဆိုရမြဲ။**

ပုရိသော အစရှိသောပုဒ်တို့၌ ပု-ဟူသော၊ ရိ-ဟူသော၊ သ-ဟူသော အက္ခရာအပေါင်းတို့သည် ယောကျ်ားဒြပ်တည်းဟူသော တခုတည်းသောအနက်ကိုဟောသကဲ့သို့ ဥပနဂရံ-အစရှိသော ပြယုဂ်တို့၌ ဥပ-ဟူသော နဂရံ-ဟူသောပုဒ်အပေါင်းတို့သည် မြို့၏အနီးဖြစ်သော စကားတည်းဟူသော တခုတည်းသော အနက်ရှိသောကြောင့် ဧကတ္ထီဘောမည်၏ ဟူလိုသော်။

အနေကတ္ထောပိ ဧကတ္ထော ဝိယ ဘဝတီတိ- ဧကတ္ထီဘာဝေါ။ ဧကတ္ထံ ဝိဘာဝေတီတိ ဝါ- ဧကတ္ထီဘာဝေါ ဟု ဝစနတ္ထပြု။

အနေကတ္တောပိ- များသောအနက်ပင်ဖြစ်သော်လည်း။ ဧကတ္တောဝိယ- တခုတည်းသောအနက်ကဲ့သို့။ ဘဝတိ-၏။ ႃကတိ တသ္မာ-ကြောင့်။ ဧကတ္တိဘာဝေါ- ၏။

ဝါ-ကား။ ဧကတ္တံ-တခုတည်းသောအနက်ကို။ ဝိဘာဝေတိ- ပြတတ်၏။ ႃကတိတသ္မာ- ကြောင့်။ ဧကတ္တိဘာဝေါ- ၏။

ယင်းသို့ဖြစ်သည်ရှိသော် သမဏဗြာဟ္မဏာ အစရှိသော ဒွန် သမာသ်တို့၌ အသို့လျှင် အနက်တခုတည်းရှိသည် ဖြစ်နိုင်ကောင်းအံ့ နည်းဟူငြားအံ့။

သမဏ-သဒ္ဒါသည်လည်း ရဟန်းပုဏ္ဏားအနက်ဟော။ ဗြာဟ္မဏ-သဒ္ဒါလည်း ရဟန်းပုဏ္ဏားအနက်ဟော။ ဤသို့အနက်ဟော တူသည်၏ အဖြစ်ကြောင့် ဧကတ္တိဘောမည်၏ဟူလိုသော်။

အဘယ့်ကြောင့် သမဏ သဒ္ဒါတခုတည်းလျက် ရဟန်းပုဏ္ဏား ကို ဟောနိုင်သနည်း။

ဗြာဟ္မဏသဒ္ဒါတခုတည်းလျက် အဘယ့်ကြောင့် ရဟန်း ပုဏ္ဏားကို ဟောနိုင်သနည်းဟူငြားအံ့။

ဘူဓာတ်အစရှိသည်တို့သည် အဘိအစရှိသော ဥပသာရပုဒ် နှင့်ယှဉ်သည်ရှိသော် ထူးသောအနက်ကို ဟောနိုင်သကဲ့သို့ သမုစ္စည်း အနက်ရှိသော စသဒ္ဒါနှင့်ယှဉ်၍ အထူးထူးသောအနက်ကို ဟော၏ ဟူလို။

ယင်းသို့ဖြစ်သည်ရှိသော် ရဟန်းနှစ်မျိုး ပုဏ္ဏားနှစ်မျိုး ဖြစ် ကောင်းအံ့လောဟူငြားအံ့။

သမဏသဒ္ဒါ ဗြာဟ္မဏသဒ္ဒါတို့သည် တခုတည်းသောရဟန်း ပုဏ္ဏားအနက်ကို ပဓာန၊ အပ္ပဓာနအားဖြင့် ထပ်၍ဟောသောကြောင့် ရဟန်းနှစ်မျိုး ပုဏ္ဏားနှစ်မျိုး မဟုတ်ဟူလိုသော်။

သမဏသဒ္ဒါ ပဓာနအားဖြင့် ဟောအပ်သော ရဟန်းဒြပ်တည်း ဟူသောအနက်ကို၊ ဗြာဟ္မဏသဒ္ဒါက အပဓာနအားဖြင့် ဟောသည်။

ဗြာဟ္မဏသဒ္ဒါသည် ပဓာနအားဖြင့် ဟောအပ်သော ပုဏ္ဏားဒြပ်တည်းဟူသောအနက်ကို သမဏသဒ္ဒါက အပ္ပဓာနအားဖြင့်ဟောသည် ဟူလို။

**ထင်ထင်ရှားရှား၊ မိမိအနက်ကို၊ ဟောတုံငြား၊ မှတ်သား ပဓာန။ မထင်မရှား၊ သူတပါးအနက်ကို၊ ထွန်းတုံငြား၊ မှတ်သား အပ္ပဓာနတည်း။** ဤကားဘေဒစိန္တာဆရာ၏အလိုတည်း။

**သမ္ဗန္ဓစိန္တာဆရာ၏အလိုအားဖြင့်** -သမဏသဒ္ဒါ ဗြာဟ္မဏ သဒ္ဒါတို့သည် သမဏဗြာဟ္မဏာ ဂစ္ဆန္တိ။ သမဏဗြာဟ္မဏေ ပဿန္တိ အစရှိသည်ဖြင့် ကြိယာတခုတည်း၌ စပ်အပ်သော အနက်တူသော ကြောင့် ဧကတ္ထီဘော ဖြစ်၏ဟူလိုသော်။

- ♦ **န ဗြာဟ္မဏော- အဗြာဟ္မဏော ပယောဂေါ၊ မှတ်လော ဤသို့ဧကတ္ထ။**
- ♦ **ပုဏ္ဏားတုချည်းသာ၊ ထိုနှစ်ဖြာ၊ ထပ်ကာထပ်ကာ ဟောတုံတိ။ နသဒ္ဒါကဇာတက၊ ဗြာဟ္မသဒ္ဒါကဝါစက၊ ဤမျှကွဲတုံဘိ။**
  **ထို့ကြောင့်ရကာ ယင်းနှစ်ဖြာ မှတ်ပါ ဧကတ္ထ။**

**အဓိပ္ပါယ်သော်ကား-**

နသဒ္ဒါသည်ကား ဗြာဟ္မဏသဒ္ဒါ၏အနက်ကို မြစ်သည်မဟုတ်။ ဗြာဟ္မဏသဒ္ဒါကို ရွတ်ဆိုသော ဝဒန္တပုဂ္ဂိုလ်၏ ပုဏ္ဏားစစ်ဟူ၍ထင်သော မိစ္ဆာဉာဏ်ကို နစ်စေ၍ ပုဏ္ဏားတုအနက်ကို ထွန်းပြသည်။

ဗြာဟ္မဏသဒ္ဒါသည်ကား- ထိုနသဒ္ဒါသည် ထွန်းပြအပ်သော ပုဏ္ဏားတုဟူသောအနက်ကို ထပ်၍ဟောသည်။ ထို့ကြောင့် ဧကတ္ထီဘော ဖြစ်၏ ဟူလိုသော်။

အကြင်သူတယောက်ကသည် ပုဏ္ဏားနှင့်တူသောသူတယောက်ကို မြင်သည်ရှိသော် ပုဏ္ဏားစစ်ဟုမှတ်ထင်သည်ရှိသော် ပုဏ္ဏားစစ်ဟုမှတ်ထင်သည်ဖြစ်၍ ဤသူကား ဗြာဟ္မဏ ဗြာဟ္မဏ ဟုရွတ်ဆို၏။ ထိုရွတ်ဆိုသော ဗြာဟ္မဏသဒ္ဒါသည် ထိုပုဏ္ဏားတုကိုပင် စွဲ၍ဖြစ်သောကြောင့် ထိုပုဏ္ဏားတုကိုပင် ဟော၏။ ထိုအခါ အကြင်သူ တယောက်က ဤသူသည် ထင်မှတ်သည့်အတိုင်း ပုဏ္ဏားစစ်မဟုတ်၊ နသဒ္ဒါကို ရွတ်ဆို၏၊ ထိုနသဒ္ဒါသည် ထိုပုဏ္ဏားတုကိုပင် စွဲ၍ဖြစ်သောကြောင့် ထိုပုဏ္ဏားတုကိုပင်ဟော၏ ထို့ကြောင့် ဧကတ္ထီဘော ဖြစ်၏ ဟူလိုသော်။

နာမာနံ သမာသော ယုတ္တတ္ထော-ဟူသောသုတ်၌ ယုတ္တသဒ္ဒါ၏ အစွမ်းကြောင့် ပုဒ်အချင်းချင်း အလျဉ်းမငဲ့သော် သမာသ်မဖြစ်။

ငဲ့ပင်ငဲ့သော်လည်း အလယ်က ပုဒ်တပါးခြားသည်ရှိသော် သမာသ်မဖြစ်။ ပုဒ်တပါးပင် မခြားသော်လည်း ငဲ့ရာတပါးရှိသေးသည် ရှိသော် သမာသ်မဖြစ် ဟူ၍သိအပ်၏။

**ပုဒ်အချင်းချင်း အလျဉ်းမငဲ့ရာ၌ ပြယုဂ်ကား-**

ပတ္တော ဘိက္ခုဿ စီဝရံ သာမဏေရဿ -အစရှိသည်တည်း။

ဤ၌ သင်္ကန်းက သာမဏေသင်္ကန်းဖြစ်သောကြောင့် ဘိက္ခုစီဝရံဟု ပါဠိပါဌ်သား မစီထားအပ်ဟူလိုသော်။

**အလယ်ကပုဒ်တပါး ခြားရာ၌ ပြယုဂ်ကား-**

ဗကာယ သေတာနိ ပတ္တာနိတည်း။

ဗကာယ- ဗျိုင်း၏။ သေတာနိ- ဖြူကုန်သော။ ပတ္တာနိ- အတောင်တို့တည်း။

ဤပြယုဂ်၌ ဗကသဒ္ဒါသည် သေတဟူသော အလယ်ကပုဒ်တပါးခြားသောကြောင့် ဗကပတ္တာနိဟု သမာသ်မဖြစ်ဟူလို။

**ငဲ့ရာတပါး ရှိရာ၌ ပြယုဂ်ကား-**

ဒေဝဒတ္တဿ ကဏ္ဍာဒန္တာ တည်း။

ဒေဝဒတ္တဿ- ဒေဝဒတ်၏။ ကဏ္ဍာ- ကဏ္ဍာမည်သောမယား။ ဒန္တာ- ဒန္တာမည်သောမယား။

ဤ၌ဒေဝဒတ္တသဒ္ဒါသည် ကဏ္ဍာသဒ္ဒါကိုသာ ငဲ့သည်မဟုတ်။ ဒန္တာ သဒ္ဒါကို ငဲ့သေးသောကြောင့် ဒေဝဒတ္တကဏ္ဍာဟု သမာသ် မဖြစ်ဟူလို။

ကဏ္ဍာ စ ဒန္တာ စ - ကဏ္ဍာဒန္တာဟု ဒွန်သမာသ်ပြုပြီးမှ ဒေဝဒတ္တဿ ကဏ္ဍာဒန္တာ- ဒေဝဒတ္တကဏ္ဍာဒန္တာဟု တပ္ပုရိသ်တွဲသည် ရှိသော် သမာသ်ဖြစ်၏ဟူလိုသော်။

ဤအတူ- ရာဇဂဝေါ-မင်း၏နွားဟူ၍ လည်းကောင်း၊

ရာဇသော- မင်း၏မြင်းဟူ၍ လည်းကောင်း- ဤကဲ့သို့ကား သမာသ်မဖြစ်။

ရာဇဿ- ၏။ ဂဝသော- နွားမြင်း။ ရာဇဂဝသော- မင်း၏နွားမြင်း ဟူ၍လည်းကောင်း ဤကဲ့သို့ကား သမာသ်ဖြစ်၏။

ဤသို့ငဲ့ရာတပါးရှိသော်လည်း ဂမ္မကသဘောရှိရာ၌သာ သမာသ်ဖြစ်၏။

**ပြယုဂ်ကား-** ပုပ္ဖေဟိဝါသိတသာနုတည်း။

ဤ၌ ဝါသိတသဒ္ဒါသည် သာနုသဒ္ဒါကိုသာ ငဲ့သည်မဟုတ် ပုပ္ဖသဒ္ဒါကိုလည်း ငဲ့သေးသည်ဖြစ်လျက် ဂမ္မကသဘောရှိသည်၏အဖြစ်ကြောင့် ဝါသိတသာနု ဟုသမာသ်ဖြစ်၏။

**ဂမ္မကသဘောဟူသည်ကား-** ဝါကျပင်ခွဲ၍ထားသော်လည်း သမာသ်တွဲ၍ထားသကဲ့သို့သောအနက်ကို သိစေတတ်သောသဘောသည်ပင်လျှင် ဂမ္မသဘောမည်၏ဟူလိုသော်

ဤ၌ ပုပ္ဖေဟိဝါသိတသာနု ဟုဝါကျခွဲ၍ပင်ထားသော်လည်း ပုပ္ဖဝါသိတသာနု ဟုသမာသ်တွဲ၍သာ စပ်ရခြင်းရှိသည်၏ အဖြစ်ကို သိစေခြင်းသည်ပင် ဂမ္မကသဘောတည်း။

ထို့ကြောင့် အရှင်မဟာကစ္စည်းဆရာ မထေရ်မြတ်သည် **သာပေက္ခတ္တေ သတိပိ ဂမ္မကတ္တာ သမာသော** ဟုမိန့်သတည်း။ ထိုပါဌ်၏ အနက်သော်ကား-

ဘောအာစရိယ- ဆရာ။ ဒေဝဒတ္တဿ- ဒေဝဒတ်၏။ ကဏှာ- ကဏှာမည်သောမယား။ ဒန္တာ- ဒန္တာမည်သောမယား။ က္ကစ္စာဒီသု-

တို့၌။ ဒေဝဒတ္တသဒ္ဒဿ- ၏။ သာပေက္ခတ္တာ- ကဏ္ဍာသဒ္ဒါမှ တပါး ဒန္တာသဒ္ဒါကိုလည်း ငဲ့ခြင်းရှိသည်၏အဖြစ်ကြောင့်။ ကဏ္ဍသဒ္ဒေန- နှင့်။ သမာသော- သည်။ န ဟောတိ ယထာ- သို့။ ဝါကျမေဝ- ဝါကျချည်း သာလျှင်။ ဟောတိ ယထာ- သို့။

ဣဓာပိ- ၌လည်း။ ဝါသိတသဒ္ဒဿ- ၏။ သာပေက္ခတ္တာ- သာနုသဒ္ဒါမှတပါး ပုပ္ဖသဒ္ဒါကိုလည်း ငဲ့ခြင်းရှိသည်၏အဖြစ်ကြောင့်။ သာနုသဒ္ဒေန- နှင့်။ သမာသော- သည်။ န ဟောတိ နနု- မဖြစ်သင့် သည်မဟုတ်လော။ ဝါကျမေဝ- သာလျှင်။ ဟောတိ နနု- လော။ အထ- ထိုသို့ဖြစ်လျှက်။ ကသ္မာ- ကြောင့်။ အာစရိယေန- သည်။ ဝါသိတသာနူတိ- ဟူ၍၊ သမာသော- ကို၊ ကတော- ပြုဘိသနည်း။ ဣတိအယံ- ဤသည်ကား၊ စောဒနာ- ခြင်းတည်း။

ဘောသိဿ- အိုတပည့်။ ဣဓ- ၌။ သာပေက္ခာ- ဝါသိတ သဒ္ဒါသည် သာနုသဒ္ဒါကိုသာမက ပုပ္ဖသဒ္ဒါကိုလည်း ငဲ့ခြင်းရှိသည် ၏အဖြစ်သည်။ သတိပိ- လည်း။ ဝါ- ရှိလင့်ကစား။ သာနုသဒ္ဒေန- နှင့်။ သမာသော- သည်။ ဟောတိယေဝ- တည်း။

ကသ္မာ- အဘယ်ကြောင့်နည်းဟူမူကား။ ဂမ္မကတ္တာ- ဝါသိတ သဒ္ဒါကို သာနုသဒ္ဒါနှင့် သမာသ်တွဲသော်လည်း ပုပ္ဖသဒ္ဒါ ဝါသိတ သဒ္ဒါ၌ စပ်ရသည်၏အဖြစ်ကို ဆ၍သိလောက်သောကြောင့်တည်း။ ဣတိအယံ- ကား။ ပရိဟာရော- အဖြေတည်း။

အလယ်ပုဒ်တပါး ခြားသည်ရှိသော် သမာသ်မဖြစ်ဟူသော စကားကို ဂမ္မကသဘောမရှိရာ၌သာ မှတ်အပ်၏။

အလယ်ကပုဒ်တပါး ခြားသည်ရှိသော် သမာသ်မဖြစ်ဟူသော စကားကို ယေဘုယျအားဖြင့်သာ မှတ်အပ်၏။

အပွကအားဖြင့်ကား အလယ်က ပုဒ်ခြားသော်လည်း သမာသ်ဖြစ်၏။

**ပြယုဂ်ကား-** နဝံ ပန ဘိက္ခုနာ စီဝရလာဘေန တည်း။

နဝံ စီဝရံ - နဝစီဝရံ၊ နဝစီဝရံ လဒ္ဓံ ယေနာတိ- နဝံ စီဝရလာဘော ဟု ဝစနတ္ထပြု။

နဝံ- အသစ်ဖြစ်သော။ စီဝရံ- သင်္ကန်းတည်း။ နဝံစီဝရံ- သင်္ကန်းသစ်။ ယေန- အကြင်ရဟန်းသည်။ နဝစီဝရံ- ကို။ လဒ္ဓံ- ရအပ်ပြီ။ ဣတိတသ္မာ- ကြောင့်။ နဝံစီဝရလာဘော- မည်၏။

နဝစီဝရ လာဘ ဟုဆိုလိုလျှက် နိဂ္ဂဟိတ်လာ၍ နဝံစီဝရ လာဘဟု ဆိုသတည်း။

ဤ၌ ပန ဘိက္ခုနာ သဒ္ဒါအလယ်ကခြားလျှက် နဝသဒ္ဒါနှင့် စီဝရသဒ္ဒါသည် သမာသ်ဖြစ်၏ဟူလို။

အချင်းချင်းငဲ့မှသာ သမာသ်ဖြစ်၏ဟူသောစကားကိုလည်း ယေဘုယျအားဖြင့် မှတ်အပ်၏။

အပွကအားဖြင့် အချင်းချင်းပင်မငဲ့သော်လည်း သမာသ် ဖြစ်၏။

**ပြယုဂ်ကား-** အသဒ္ဓဘောဇီ တည်း။

ဤ၌ န-သဒ္ဒါနှင့် သဒ္ဓသဒ္ဒါသည် အချင်းချင်းမငဲ့ဘဲလျှက် အသဒ္ဓံ ဟု တပုဒ်တည်းသမာသ်ဖြစ်၏။

နာမ်အချင်းချင်းမှသာ သမာသ် ဖြစ်၏ ဟူသော စကားကိုလည်း ယေဘုယျအားဖြင့်သာမှတ်အပ်၏။

အပွကအားဖြင့် နာမ်နှင့်အာချာတ် သမာသ်ဖြစ်သည်လည်းရှိ၏။

**ပြယုဂ်ကား-**

အနညာတညဿာမိက္ကတိ ပဝတ္တံ ဣန္ဒြိယံ- အနညတညဿာ မီတိန္ဒြိယံ။ ပါတိံ မောက္ခေတီတိ- ပါတိမောက္ခံ တည်း။

အနညာတံ- မသိဘူးသေးသည်ကို။ ဉ ဿာမိ- သိအံ့ဟု။ ဣတိ- ဤသို့။ ပဝတ္တံ- သော။ ဣန္ဒြိယံ- ဣန္ဒြေတည်း။ အနညာ တညဿာမီတိန္ဒြိယံ- အနညာတညဿာမီတိန္ဒြေမည်၏။

ပါတိံ- စောင့်တတ်သောသူကို။ မောက္ခေတိ- လွတ်စေတတ်၏။ ဣတိတသ္မာ- ထိုသို့စောင့်တတ်သောသူကိုလွတ်စေတတ်သော သတ္တိ နာမဂုဏ်တေဇကြောင့်။ ပါတိမောက္ခံ- ပါတိမောက္ခမည်၏။

ပါတိ၌ ပါဓာတ်၊ တိ ဝိ ဘတ်၊ အာချာတ်ပုဒ်တည်း။ ထိုအာချာတ် ပုဒ်သည် မောက္ခေတိ ဟူသော သကမ္မကကြိယာတပါးကိုငဲ့သည်ဖြစ်၍ ဒုတီယာဝိဘတ်သက်သဖြင့် နာမ်အဖြစ်သို့ရောက်၏။

ထို့ကြောင့် -

**"ဓာတ်၏နောက်တွင်၊ နာမ်ဝိဘတ်ကိုအရယူ၍၊ ဓာတ်ပင် တဘန်၊ နာမ်ဖြစ်ပြန်၏"** ဟူ၍မိန့်ကုန်၏။

ဓာတ်နောင် နာမ်ဝိဘတ်သက်သည်ရှိသော် နာမ်ဖြစ်သကဲ့သို့ နာမ်ပုဒ်နောင် အာချာတ်ဝိဘတ်ပစ္စည်းသည်ရှိသော် အာချာတ်ပုဒ် ဖြစ်၏။

**ပြယုဂ်ကား-** ပဗ္ဗတာယတိတည်း။

ဤ၌ပဗ္ဗတသဒ္ဒါသည် တဒ္ဓိတ်နာမ်ပုဒ်ဖြစ်လျှက် အာယပစ္စည်း တိဝိဘတ်သက်သဖြင့် အာချတ်ပုဒ်ဖြစ်၏။
ထို့ကြောင့် - **"နာမ်၏နောက်တွင်၊ ပစ္စည်းမြင်၊ နာမ်ပင်မလွဲ ဓာတ်ဖြစ်မြဲ"** ဟူ၍မိန့်ကုန်၏။ ဆတ္တီယတိ၊ ဓဇီယတိ၊ အစရှိသည်၌ ၎င်းနည်းတူ ပင်မှတ်လေ။

ဇေနဂေနရကာရေန၊ ယုတ္တေန ဘိက္ခုနာ ကတော။
အယံ ဂန္ထော သုနိဋ္ဌိတော၊ သမာသဂဏ္ဌိတိ သညိတော။
ဣမိနာ ပုညကမ္မေန၊ ပါပုဏိဿံ ပဒံ ဝရံ။
ဘဝါဘဝေပိ သံသာရံ၊ ဣဋ္ဌာနိဋ္ဌေ ဇယံ သုခံ။

သမာသ်ဂဏ္ဌိဤတွင်ပြီး၏။

# ဂဏာဘေဒဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဂဏီယန္တေ သင်္ချာယန္တေ သမူဟိနော ဧတေနာတိ ဂဏော-
ဟူသော ဝစနတ္ထနှင့်အညီ များစွာကုန်သော အစိတ်အစိတ် ဖြစ်ကုန်
သော သဘောတူ သဒ္ဒါအပေါင်းတို့ကို တပေါင်းတမျိုးတည်းပြု၍
ရေတွက်ကြောင်းဖြစ်သောကြောင့်ဂိုဏ်းမည်၏။

ဧတေန သမူဟေန- ဤအပေါင်းဖြင့်။ သမူဟိနော- အစိတ်
အစိတ်သောသဘောတူသဒ္ဒါတို့ကို။ ဂဏီယန္တေ သင်္ချာယန္တေ- တပေါင်း
တည်းပြု၍ရေတွက်အပ်ကုန်၏။ ဣတိ- ထိုကြောင့်။ ဂဏော- ဂိုဏ်း
မည်၏။

ထိုဂိုဏ်းသည်လည်း - **မနောဂိုဏ်း၊ မနောဂဏာဒိဂိုဏ်း၊ အမနောဂိုဏ်းအားဖြင့်** သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်
မနောဂဏာဒိတော သ္မိံနာနမိအာ၊ သဿ စော၊ သသရေ ဝါဂမော-
ဟူသောသုတ်တို့ဖြင့် စီရင်၍ -

နာဝိဘတ်နှောင်းရာ၌ သာအဆုံးရှိခြင်း၊ သဝိဘတ်နှောင်းရာ၌
သောအဆုံးရှိခြင်း၊ သ္မိံဝိဘတ်နှောင်းရာ၌ သိအဆုံးရှိခြင်းတည်းဟူသော

လက္ခဏာတစ်ပါး၊ သမာသ် တဒ္ဓိတ်တို့၏ အလယ်၌ ဧတေသမော လောပေ ဟူသောသုတ်ဖြင့် အ- အက္ခရာကိုသြပြု၍ ပြီးခြင်းတည်း ဟူသော လက္ခဏာတစ်ပါး၊ ကြိယာ၏ကံ၌ အံသိနမော-ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့်လည်းကောင်း၊ အံဝစနသော- ဟူသော သဒ္ဒနီတိ သုတ်ဖြင့်လည်းကောင်း အံဝိဘတ်ကို သြပြု၍ပြီးခြင်းတည်းဟူသော လက္ခဏာတစ်ပါး၊ ဤသုံးပါးသော လက္ခဏာနှင့်ယှဉ်သော ဂိုဏ်းသည် မနောဂိုဏ်းမည်၏။

**ပြယုဂ်ကား-**

မနသာ မနသော မနသိ မနောမယံ မနောဥတ္တာ တည်း။

မနသာ- စိတ်ဖြင့်။ မနသော- စိတ်အား-၏။ မနသိ- ၌။ မနောဓာတု- မနောဓာတ်။ မနောမယံ- စိတ်ဖြင့်ပြီးသည်။ အတ္တနော- မိမိ၏။ မနသာ- စိတ်ဖြင့်။ အညေသံ- သူတစ်ပါးတို့၏။ မနော- စိတ်အကြံကို။ ဥတ္တာ- သိ၍။

အာဒိသဒ္ဒါဖြင့် ဝစသာ ဝစသော ဝစသိ ဝစောမယံ ဝစော သုတ္တာ စသည်ကိုယူ။

**ရုပ်အစဉ်ဖြစ်ဟန်ကား-**

| | |
|---|---|
| မန | မနာ |
| မနော | မနာ |
| မနံ | မနေ |
| မနေန မနသာ | မနေဟိ မနေဘိ |

မနသော မနသ မနာနံ
မနမှာ မနာ မနသ္မာ မနေဟိ မနေဘိ
မနသော မနသ မနာနံ
မနသိ မနမှိ မနသ္မိံ မနေသု -ဟူ၍ဖြစ်၏။

မန- အိုစိတ်။ မနာ- အိုစိတ်၊ အိုစိတ်တို့။ မနော- သည်။ မနာ- တို့သည်။ မနံ- ကို။ မနေ-တို့ကို။ မနေန- မနသာ- ဖြင့်။ မနေဟိ- မနေဘိ- တို့ဖြင့်၊ တို့မှ။ မနသော- မနသ- အား၊ ၏။ မနာနံ- တို့အား၊ တို့၏။ မနမှာ- မနာ၊ မနသ္မာ- မှ။ မနသိ- မနမှိ- မနသ္မိံ- ၌။ မနေသု- တို့၌ ဟူ၍ဖြစ်၏။

**ရုပ်ပြီးဟန်ကား-**

မန-တည်။ အာလုပ်သိသက်။ အာလပနေသိဂသညော-ဖြင့် သိကို ဂမှည့်၊ နခွင်း၊ အကာရပိတာဒျန္တာနမာ - ဟူသောသုတ်ဖြင့် အကို အာပြု၍။ အာကာရောဝါ- ဟူသောသုတ်ဖြင့် အာကို အရဿပြု၍၊ သေသတော လောပံ ဂသိပိ- ဟူသောသုတ်ဖြင့် သိ ဝိဘတ်ကိုချေ။ ပြီး၏။

မနာ ကား- ရှေးနည်းအတူ အကိုအာပြု သိကိုချေ ပြီး၏။

အာလုပ်ယောဝိဘတ်သက်ရာ၌ အာကို ဂမှည့်၍ ဃပတော စ ယောနံ လောပေါ- ဖြင့် ယောဝိဘတ်ကိုချေ။ ပြီး၏။

မနော- ကား မန တည်၊ နခွင်း။ သော - ဟူသော သုတ်ဖြင့် သိဝိဘတ်ကို ဩပြု။ ပြီး၏။

မနာ၊ မနေ တို့ကား သဗ္ဗယောနီနမာဧ -ဟူသောသုတ်ဖြင့် အာကို ဧပြု။ ပြီး၏။

မနံ- ကား အံဝိဘတ်သက်၍ပြီး၏။

မနေန- ကား အတောနေန- ဟူသောသုတ်ဖြင့် နေပြု၍ ပြီး၏။ မနသာ- ကား မနတည်၊ နာ သက်။ မနောဂဏာဒိတော သ္မိံနာနမိအာ သုတ်ဖြင့် နာကို အာပြု၍။ သသရေဝါဂမော ဖြင့် သအက္ခရာလာ၍ ပြီး၏။

မနေဟိ၊ မနေသု တို့ကား သုဟိသွကာရောဧ- ဟူသောသုတ် ဖြင့် အကို ဧပြု၍ ပြီး၏။

မနေဘိ -ကား သ္မာဟိသ္မိံနံ မှာဘိမှိဝါ သုတ်ဖြင့် ဘိပြုသည်သာ ထူးသည်။

မနသော -ကား မန တည်။ သသက်။ သဿစော ဖြင့် သဝိဘတ်ကို ဩပြု၍။ သသရေဝါဂမော ဖြင့် သအက္ခရာလာ။ ကပ်။ ပြီး၏။

မနဿ ကား- မနတည်။ သသက်။ သာဂမော သေ- ဟူသောသုတ်ဖြင့် သအက္ခရာလာ။ ကပ်။ ပြီး၏။

မနာနံ- ကား မနတည်။ သုနံဟိသုစ ဟူသောသုတ်ဖြင့် အကို အာဒီဃပြု၍ ပြီး၏။

မနမှာ၊ မနမှိ -တို့ကား သ္မာဟိသ္မိံနံ မှာဘိမှိဝါ ဟူသောသုတ်ဖြင့် သ္မာဝိဘတ်ကို မှာ၊ သ္မိံ ဝိဘတ်ကို မှိပြု၍ ပြီး၏၊

မနာ- မနေ တို့ကား သ္မာသ္မိံနံဝါ ဖြင့် သ္မာဝိဘတ်ကို အာ၊ သ္မိံ ဝိဘတ်ကို ဧပြု၍ ပြီး၏။

မနသိကား မနတည်။ သို့ သက်၊ မနောဂဏာဒိတော သို့နာန မိအာဖြင့် သို့ဝိဘတ်ကို ဣပြု၍။ သသရေဝါဂမော ဖြင့် သအက္ခရာလာ။ ကပ်။ ပြီး၏။

ယင်းလက္ခဏာသုံးပါးတို့နှင့် မပြည့်စုံမူ၍ ယင်းလက္ခဏာတပါးနှင့်သာလည်းကောင်း၊ နှစ်ပါးနှင့်သာလည်းကောင်း ယှဉ်သောဂိုဏ်းသည် မနောဂိုဏ်းနှင့် တစိတ်အားဖြင့် တူသည်၏အဖြစ်ကြောင့် မနောဂဏာဒိဂိုဏ်းမည်၏။

**လက္ခဏာတစ်ပါးနှင့်ယှဉ်ရာ၌ ပြယုဂ်ကား-**

ဗိလသာ ဗိလသော ဗိလသိ ဗိလမယံ ဗိလံ ပါဝိသိတည်း။

ဗိလသာ- အစုဖြင့်။လာ။ ဗိလံ- အစုသို့။ ဝါ။ တွင်းသို့။ ပါဝိသိ- ဝင်၏။ ဤ၌ ဗိလသဒ္ဒါသည် အဆုံးလက္ခဏာနှစ်ပါးနှင့် မယှဉ်သောကြောင့် ဗိလောမယံ၊ ဗိလော ပါဝိသိ ဟု ဩအက္ခရာနှင့် မယှဉ်မူ၍ ဗိလမယံ -ဗိလံ ပါဝိသိ ဟု ပြယုဂ်ဖြစ်သတည်း။

**လက္ခဏာနှစ်ပါးနှင့်ယှဉ်ရာ၌ ပြယုဂ်ကား-**

အာပေါမယံ အာပေါ ဥတ္တာ အာပေန အစရှိသည်တည်း။

အာပေါမယံ- ရေဖြင့်ပြီးသည်။ အာပေါ- ရေကို။ ဥတ္တာ- သိ၍။ ဤ၌ အာပသဒ္ဒါသည် အစလက္ခဏာတပါးနှင့်မယှဉ်သောကြောင့် **အာပသာ** ဟုမဆိုမူ၍ **အာပေန** ဟုဆိုအပ်သတည်း။

မနောဂိုဏ်း၊ မနောဂဏာဒိဂိုဏ်းမှတပါးသော ဂိုဏ်းသည် အမနောဂိုဏ်းမည်၏။

ထိုအမနောဂိုဏ်းသည်လည်း ပုရိသာဒိဂိုဏ်း ဂုဏဝါဒိဂိုဏ်း ပုမာဒိဂိုဏ်း ဂစ္ဆန္တာဒိဂိုဏ်း ရာဇာဒိဂိုဏ်း သတ္ထာဒိဂိုဏ်း စိတ္တာဒိဂိုဏ်း ရတ္တာဒိဂိုဏ်း ကညာဒိဂိုဏ်း နဒါဒိဂိုဏ်း ဂဟပတာဒိဂိုဏ်း အားဖြင့် တဆဲ့တပါးအပြားရှိ၏။

# ပုရိသာဒိဂိုဏ်း

ထိုတွင် သော- ဟူသောသုတ်ဖြင့် သိဝိဘတ်ကို သြပြု၍ ပြီးကောင်းသောသဒ္ဒါအပေါင်းသည် ပုရိသသဒ္ဒါလျှင် အတူရှိသောကြောင့် ပုရိသာဒိဂိုဏ်းမည်၏။

**ပြယုဂ်ကား-** ပုရိသော အစရှိသည်တည်း။

ဤပုရိသာဒိဂိုဏ်း၌ အာလုပ်သိဝိဘတ်နှောင်းသည်ရှိသော် ဘောပုရိသ ဘောပုရိသာ ဟူ၍ဖြစ်၏။

ပထမယောဝိဘတ်နှောင်းသည်ရှိသော် ဘဝန္တော ပုရိသာ တေ ပုရိသာ ဟူ၍ဖြစ်၏။ ဒုတီယာ ယောဝိဘတ်နှောင်းသည်ရှိသော် တေ ပုရိသေ ဟူ၍ဖြစ်၏။ အံဝိဘတ်စသည်နှောင်းသည်ရှိသော် ထိုက်သည်အားလျော်စွာ -

| | |
|---|---|
| ပုရိသံ | ပုရိသေ |
| ပုရိသေန | ပုရိသေဟိ ပုရိသေဘိ |
| ပုရိသဿ | ပုရိသာနံ |

ပုရိသသ္မာ ပုရိသမှာ ပုရိသာ ပုရိသေဟိ ပုရိသေဘိ
ပုရိသသ္မိံ ပုရိသမှိ ပုရိသေ ပုရိသေသု -ဟူ၍ ဖြစ်၏။

ဘော ပုရိသ- အိုယောကျ်ား။ ဘော ပုရိသာ- အိုယောကျ်ား။ ဘဝန္တော ပုရိသာ- အိုယောကျ်ားတို့။ တေ ပုရိသာ- တို့သည်- စသည်ဖြင့် အနက်ပေး။

ဘော ပုရိသ- ကား ပုရိသတည်။ အာလုပ်သိ ဝိဘတ်သက်။ အာလပနေသိဂသညော- ဖြင့် သိကိုဂ-မှည့်၊ သ-ခွင်း၊ အကာရပိတာ ဒျန္တာနမာ- ဟူသောသုတ်ဖြင့် အကို အာပြု၊ အာကာရောဝါ -ဟူသော သုတ်ဖြင့် အာကို အရဿပြု၊ သေသတော လောပံ ဂသိပိ- သုတ်ဖြင့် သိဝိတ်ကိုချေ။ ပြီး၏။

ဘော ပုရိသာ- ကား ရှေးနည်းအတူ။ အကိုအာပြု၍ သိကို ချေ၍ ပြီး၏။

ပုရိသော- ကား သော-ဟူသောသုတ်ဖြင့် သိကိုဩပြု၊

ပုရိသာ ပုရိသေ- တို့ကား သဗ္ဗယောနီနမာဧ - ဟူသောသုတ် ဖြင့် ယောဝိဘတ်ကို အာ၊ ဧပြု၍ ပြီး၏။

ပုရိသံ- ကား အံဝိဘတ်သက်၍ ပြီး၏။ ပုရိသေန-ကား အတောနေန -ဟူသောသုတ်ဖြင့် နေပြု၍ ပြီး၏။

ပုရိသေဟိ- ကား သုဟိသွကာရောဧ -ဟူသောသုတ်ဖြင့် အကို ဧပြု၍ ပြီး၏။

ပုရိသေဘိ- ကား သမ္မာဟိသွိမ်နံမှာဘိမ်ုဝါ -ဟူသောသုတ်ဖြင့် ဘိပြုသည်သာ ထူးသည်။

ပုရိသသ-ကား သာဂမောသေ- ဟူသောသုတ်ဖြင့် သအက္ခရာ လာ၍ပြီး၏။

ပုရိသာနံ- ကား သုနံဟိသုစ- ဟူသောသုတ်ဖြင့် အကိုအာဒီဃ ပြု၍ ပြီး၏။

ပုရိသမှာ၊ ပုရိသမှိ- တို့ကား သမ္မာဟိသွိမ်နံဝါ မှာဘိမ်ုဝါ -ဟူသော သုတ်ဖြင့် သမ္မာဝိဘတ်ကို မှာ၊ သွိမ်ဝိဘတ်ကိုမှိပြု၍ ပြီး၏။

ပုရိသာ၊ ပုရိသေ- တို့ကား သမ္မာသွိမ်နံဝါ -ဟူသောသုတ်ဖြင့် သမ္မာ ဝိဘတ်ကိုအာပြု၊ သွိမ်ဝိဘတ်ကို ဧပြု၍ ပြီး၏။

**“ အိုနှင့်တိုအို၊ တို့သည်နှင့်မှ၊ ဤလေးဝ၊ မှတ်ကြ ပုရိသာ၏ အနက်တည်း။ ဥှနှင့်တို့ကို၊ ပေးစေလို၊ စွဲဆိုပုရိသေ၏ အနက်တည်း”။** ဟူ၍ ကဗျာလှစ်ဖွင့် ကျူးရင့်အပ်၏။

ပုရိသာဒိဂိုဏ်းပြီး၏။

# ဂုဏဝါဒိဂိုဏ်း

သိဝိဘတ်နှောင်းသည်ရှိသော် ပုလ္လိင်အရာ၌ အာသိမှိ- ဟူသော သုတ်ဖြင့် သိဝိဘတ်နှင့်တကွ န္တုပစ္စည်းကို အာပြု၍လည်းကောင်း၊ နပုံးလိင်အရာ၌ အံနပုံသကေ- ဟူသောသုတ်ဖြင့် သိဝိဘတ်နှင့်တကွ န္တုပစ္စည်းကိုအံပြု၍လည်းကောင်း ပြီးကောင်းသော ဝန္တု-ပစ္စည်း၊ မန္တု-ပစ္စည်း၊ တဝန္တု-ပစ္စည်း၊ အာဝန္တု-ပစ္စည်း၊ က္ကမန္တု-ပစ္စည်း အဆုံးရှိသော သဒ္ဒါအပေါင်းသည် ဂုဏဝန္တုသဒ္ဒါလျှင် အတူရှိသောကြောင့် ဂုဏဝါဒိ ဂိုဏ်း မည်၏။

**ပြယုဂ်ကား-**

ဂုဏဝါ၊ သတိမာ၊ ဘုတ္တဝါ၊ ဧတ္တဝါ၊ စန္ဒိမာ၊ ပုတ္တိမာ၊ ဂုဏဝံ၊ သတိမံ အစရှိသည်တည်း။

ဂုဏဝါ- ဂုဏ်ရှိသောယောကျ်ားသည်။ သတိမာ- သတိရှိသောယောကျ်ားသည်။ ဘုတ္တဝါ- စားပြီးသော ယောကျ်ားသည်။ ဧတ္တဝါ- ဤမျှအတိုင်းအရှည်ရှိသောယောကျ်ားသည်။ စန္ဒိမာ- စန္ဒမည်သော နတ်သားရှိသော လဗိမာန်သည်။ ပုတ္တိမာ- သားရှိသော ယောကျ်ားသည်။ ဂုဏဝံ- ဂုဏ်ရှိသောနပုံးသည်။ သတိမံ- သတိရှိသောနပုံးသည်။

ဤဂုဏဝါဒိဂိုဏ်း၌ **အာလုပ်သိဝိဘတ်နှောင်းရသည့်ရှိ သော်-** ဘောဂုဏဝ၊ ဘောဂုဏဝါ၊ ဘောဂုဏဝံဟူ၍ ဖြစ်၏။ အိုဂုဏ် ရှိသော ယောက်ျား၊ နပုံး ပေး။

**ပထမာယောဝိဘတ်နှောင်းသည့်ရှိသော်-** ဂုဏဝန္တော ဂုဏဝန္တာ ဂုဏဝန္တာနိ ဂုဏဝန္တိ-ဟူ၍ဖြစ်၏။ ဂုဏ်ရှိသောသူတို့သည်။ အိုဂုဏ်ရှိသောသူတို့ ပေး။

**ဒုတိယာယောဝိဘတ်နှောင်းသည့်ရှိသော်-** ဂုဏဝန္တေ ဂုဏဝန္တာနိ ဂုဏဝန္တိဟူ၍ဖြစ်၏။ အနက်ကား- တို့ကိုပေးလေ။

**ဒုတိယာအံဝိဘတ်နှောင်းသည့်ရှိသော်-** ဂုဏဝံ ဂုဏဝန္တံ ဟူ၍ ဖြစ်၏။ ဂုဏ်ရှိသောယောက်ျား၊ နပုံးကို ပေးလေ။

**တတိယာနာဝိဘတ်နှောင်းသည့်ရှိသော်-** ဂုဏဝတာ ဂုဏဝန္တေန ဟူ၍ဖြစ်၏။ ဂုဏ်ရှိသောယောက်ျား၊ နပုံးဖြင့် ပေးလေ။

**ဟိဝိဘတ်နှောင်းသည့်ရှိသော်-**ဂုဏဝန္တေဟိ ဂုဏဝန္တေဘိ ဟူ၍ ဖြစ်၏။ ဂုဏ်ရှိသောယောက်ျား၊ နပုံးတို့ဖြင့်၊ တို့မှ ပေးလေ။

**သဝိဘတ်နှောင်းသည့်ရှိသော်-** ဂုဏဝသော ဂုဏဝန္တဿ ဂုဏဝတောဟူ၍ဖြစ်၏။ ဂုဏ်ရှိသောယောက်ျား နပုံးအား၊ ၏ပေးလေ။

**နံဝိဘတ်နှောင်းသည့်ရှိသော်-** ဂုဏဝတံ ဂုဏဝန္တာနံဟူ၍ ဖြစ်၏။ဂုဏ်ရှိသောယောက်ျားတို့အား၊ တို့၏ ပေးလေ။

**သ္မာဝိဘတ်နှောင်းသည့်ရှိသော်-** ဂုဏဝန္တာ ဂုဏဝန္တမှာ ဂုဏဝန္တသ္မာ ဂုဏဝတာဟူ၍ဖြစ်၏။ ဂုဏ်ရှိသောယောက်ျား၊ နပုံးမှ ပေးလေ။

**သို့ဝိဘတ်နှောင်းသည်ရှိသော်-** ဂဏဝတိ ဂဏဝန္တမှိ ဂဏဝန္တသို့ ဂဏဝန္တေဟူ၍ဖြစ်၏။ ဂဏ်ရှိသောယောက်ျား၊ နပုံး၌ ပေးလေ။

**သုဝိဘတ်နှောင်းသည်ရှိသော်-** ဂဏဝန္တေသု ဟူ၍ဖြစ်၏။ ဂဏ်ရှိသောယောက်ျား၊ နပုံးတို့၌ ပေးလေ။

**ရုပ်ပြီးဟန်ကား-** ဂဏဝါ ကား၊ ဂဏဝန္တုတည်၊ သိသက်၊ အာသိမှိဟူသောသုတ်ဖြင့် သိဝိဘတ်နှင့်တကွ န္တု-ပစ္စည်းကိုအာပြု၊ ကပ်ပြီး၏။ သတိမာ၊ ဘုတ္တဝါ စသည်တို့လည်း နည်းတူ။

ဂဏဝံ- ကား၊ ဂဏဝန္တုတည်၊ သိသက်၊ အံနပုံသကေ ဟူသောသုတ်ဖြင့် ဝိဘတ်နှင့်တကွ န္တု-ပစ္စည်းကိုအံပြု ဝ-ကိုခွင်း၊ သရလောပေါချေ၊ ကပ်၊ ပြီး၏။

သတိမံ- ကား၊ သတိမန္တုတည်၊ ဂဏဝံနှင့်နည်းတူ။ သိဝိဘတ်နှင့် တကွ အလုံးစုံသောန္တု-ပစ္စည်းကို အံပြု၊ သရလောပေါချေ၊ ကပ်၊ပြီး၏။

ဘော ဂဏဝ- ကား၊ ဂဏဝန္တုတည်။ အာလုပ်သိသက်၊ အဝဏ္ဏာစဂေဖြင့် အပြု၊ ဘော ဂဏဝါ၊ ဘော ဂဏဝံတို့၌လည်း အာ၊ အံပြုသည်သာထူးသည်။

ဂဏဝန္တော- ကား၊ န္တုဿန္တော ယောသု စ ဟူသောသုတ်ဖြင့် ယောဝိဘတ် နှင့် တကွ န္တု-ပစ္စည်းကို န္တောပြု၊ ပြီး၏။

ဂဏဝန္တာ- ကား၊ န္တုဿန္တော ယောသု စ ဟူသောသုတ်ဖြင့်

န္တု-ပစ္စည်း၏အစိတ်ဥကို အပြု ယောဝိဘတ်ကိုအာပြု ပြီး၏။

ဂုဏဝန္တာနိ- ကား၊ ထိုအတူ ဥကိုအပြု၍၊ အတော နိစ္စံ ဖြင့် ယောဝိဘတ်ကို နိပြု၍၊ ယောသုကတနိကာရလောပေသု ဒီဃံ သုတ်ဖြင့် အကို အာဒီဃပြု ပြီး၏။

ဂုဏဝန္တိ- ကား၊ ထိုအတူ န္တုဿန္တော ယောသုစ ဟူသောသုတ်၌ အန္တသဒ္ဒါဖြင့် ဥကိုအပြု ယောကို ဣပြု၍ ပြီး၏။

ဂုဏဝတာ- ကား၊ ဂုဏဝန္တုတည်၊ နာသက်၊ တောတိတာ သသ္မိံနာသု သုတ်ဖြင့် နာဝိဘတ်နှင့်တကွတာပြု ပြီး၏။

ဂုဏဝန္တေန- ကား၊ န္တုဿန္တော ယောသု စ ဟူသောသုတ်၌ စသဒ္ဒါ ဖြင့် ဥကိုအပြု အတောအနေန သုတ်ဖြင့် ဧနပြု ပြီး၏။

ဂုဏဝန္တေဟိ- ကား၊ ထိုအတူ ဥကိုအပြု သုဟိသွကာရောဧ ဖြင့် အကို ဧပြု ပြီး၏။

ဂုဏဝဿ- ကား၊ သဗ္ဗဿဝါ အံသေသု ဟူသောသုတ်ဖြင့် န္တု-ပစ္စည်းကိုအပြု ဝ-အသို့ကပ်၊ သလာ၊ ပြီး၏။

ဂုဏဝန္တဿ- ကား၊ န္တဿ သေဝါ ဟူသောသုတ်ဖြင့် စီရင်၍ ပြီး၏။

ဂုဏဝတော- ကား၊ တောတိတာ သသ္မိံနာသု သုတ်ဖြင့် သဝိဘတ်နှင့်တကွ န္တု-ပစ္စည်းကို တောပြု ပြီး၏။

ဂုဏဝန္တာနံ- ကား၊ ရှေးနည်းအတူ ဥကိုအပြု သုနံဟိသုစ ဖြင့် အကိုအာဒီဃပြု ပြီး၏။

ဂုဏဝတာ- စသည်တို့ကား ဂုဏဝန္တုတည်၍ သ္မာဝိဘတ်သက်

၍ န္တသန္တောယောသုစ ဌ် စသဒ္ဒါဖြင့် ဥကိုအပြု၍ သွာဝိဘတ်ကို အာ- စသည်ပြု၍ ပြီး၏။

ဂုဏဝတာ- ကား၊ ဂုဏဝန္တုတည်၍၊ သွာသက်၍ နာဝိဘတ် ကဲ့သို့ ငဲ့၍၊ တောတိတာသို့မ်နာသုဖြင့် စီရင်ပြီး၏။

ဂုဏဝတိ- ကား၊ တောတိတာ သသို့မ်နာသုဖြင့် သို့မ်ဝိဘတ် နှင့်တကွ န္တု- ပစ္စည်းကို တိပြု ပြီး၏။

ဂုဏဝန္တေ- ကား၊ ရှေးနည်းအတူ ဥကိုအပြု၍ သွာသို့မ်နံဝါဖြင့် သို့မ်ဝိဘတ်ကို ဧပြု ပြီး၏။

ဂုဏဝန္တေသု- ကား၊ ရှေးနည်းအတူ ဥကိုအပြု၍ သုဟိသွ ကာရောဧ ဖြင့် ရှေးအကို ဧပြု ပြီး၏ ။

ဤဂုဏဝါဒိဂိုဏ်း၌ အကျုံးဝင်သော သဒ္ဒါတို့သည် ဣတ္ထိလိင် ဟော ဤပစ္စည်းနှင့် ယှဉ်သည်ရှိသော် နဒါဒိဂိုဏ်း၌ အကျုံးဝင်ကုန်၏။

**ရုပ်အစဉ်ဖြစ်ဟန်ကား -**

ဘောတိ ဂုဏဝတိ ဘောတိ ဂုဏဝန္တိ သာ ဂုဏဝတီ ဂုဏဝန္တီ တံ ဂုဏဝတိံ ဂုဏဝန္တိံ ဂုဏဝတိယော ဂုဏဝန္တိယော ဂုဏဝတိယာ ဂုဏဝန္တိယာ ဂုဏဝတီဟိ ဂုဏဝန္တီဘိ ဂုဏဝတီနံ ဂုဏဝန္တီနံ ဂုဏဝတိယံ ဂုဏဝန္တိယံ ဂုဏဝတီသု ဂုဏဝန္တီသု ဟူ၍ ဖြစ်၏။

ဘောတိ ဂုဏဝတိ ဘောတိ ဂုဏဝန္တိ -အိုဂုဏ်ရှိသောမိန်းမ။ သာ ဂုဏဝတီ ဂုဏဝန္တီ -ထိုဂုဏ်ရှိသော မိန်းမသည်။ တံ ဂုဏဝတိံ ဂုဏဝန္တိံ - ထိုဂုဏ်ရှိသော မိန်းမကို။ ဂုဏဝတိယော ဂုဏဝန္တိယော - ဂုဏ်ရှိသော မိန်းမတို့သည်၊ တို့ကို။ အိုဂုဏ်ရှိသော မိန်းမတို့။ ဂုဏဝတိ

ယာ ဂုဏဝန္တိယာ- ဂုဏ်ရှိသော မိန်းမဖြင့်။နှင့်။လ။မိန်းမကြောင့်။ **ဆယ်နက်ပေး။** ဂုဏဝတီဟိ ဂုဏဝန္တီဘိ- တို့ဖြင့်။ တို့မှ။ ဂုဏဝန္တီနံ- ဂုဏ်ရှိကုန်သော မိန်းမတို့အား။ တို့၏။ ဂုဏဝတိယံ ဂုဏဝန္တိယံ- ဂုဏ်ရှိသော မိန်းမ၌။ မိန်းမကို။ ဂုဏဝတီသု ဂုဏဝန္တီသု- ဂုဏ်ရှိကုန် သောမိန်းမတို့၌။

**ရုပ်ပြီးဟန်ကား-**

န္တုသ္သ တမီကာရေ -သုတ်ဖြင့် န္တုပစ္စည်းကို တပြုရသည်သာထူး သည် ဆိုလတ္တံ့သော ဣတ္ထိသဒ္ဒါနှင့် နည်းတူထွက်လေ။

ဘောတိဂုဏဝတိ- ကား၊ ဂုဏဝန္တုတည်။ ဏဝဏိက ဏေယဏန္တုဟိ ဟူသောသုတ်ဖြင့် ဤပစ္စည်းသက်။ န္တုသ္သ တမီကာရေ -သုတ်ဖြင့် ဤပစ္စည်းနှောင်းသောကြောင့် န္တုပစ္စည်းကို တပြု။ ကပ်။ နာမ်ငဲ့။ သိသက်။ ဈလပါရသံ သုတ်ဖြင့် ရဿပြု။ ချေ။ ကပ်။ ပြီး၏။ ဤနည်းကိုမှီ၍ တွက်လေ။

နသံယုဂ်ရှိသောရုပ်တို့၌ ဝါသဒ္ဒါဖြင့် မြစ်၍၊ တုပစ္စည်းကို တ- မပြုရ။ သရလောပေါဖြင့် ဥ- ကို ချေ၍ တွက်လေ။ ရဿပြုသင့်သော အရာတို့၌ အဃောရဿမေကဝစန ယောသွပိစ သုတ်ဖြင့်ပြု။

**ဤအရာဝယ် သိလွယ်နာသာ လင်္ကာအချုပ်ကား။**

- **“ဝ, မံ, ဝံ,မံ ဆုံးရှိပြန်၊ မှတ်ရန် ဂုဏဝါဒိဂိုဏ်းအထူး။**
- **နပုံသကာ၊ ပုလ္လင်္ဂါ၊ ဖြစ်ရာ ၎င်းဂိုဏ်းအထူး။**
- **ဤပစ္စယာ နှောင်းသောအခါ၊ ဣတ္ထိလိင်မှာ၊ သူပျော်**

မြူးဟူ၍ငင်း။

- ♦ န္တော- ဝါ- န္တာ-န္တေ၊ ဤလေးထွေ၊ မှတ်လေပုလ္လိင်သာ။
- ♦ န္တာ,နိ,ဝန္တိ၊ မြင်ပြန်ဘိ၊ သိလော့နပုန်းသာ’။
- ♦ ကြွင်းရစ်သေသာ၊ ရုပ်တို့မှာ၊ မှတ်ပါလိင်နှစ်ဖြာဟူ၍ငင်း။
- ♦ အံ နှင့်အ-အာ၊ န္တော- န္တိ- န္တာ၊ န္တသတောတိ၊ တာတံပြု။
- ♦ န္တုပစ္စယာ၊ ကာရိယာ၊ နောင်လာအမြဲရှုဟူ၍ငင်း။
- ♦ သည်နှင့်အိုကို၊ သုံးပါးကို၊ စွဲဆို-ဝံ-အနက်။
- ♦ အိုဟူ၍သာ၊ ပေးသင့်ပါ၊ မှတ်ပါ-ဝ-အနက်။
- ♦ သည်-အို နှစ်တန်၊ ပေးသင့်ပြန်၊ မှတ်ရန်-ဝါ-အနက်။
- ♦ မောဂ္ဂလာန်အလို၊ ကျမ်းအဆို၊ တို့သည်ဟူ၍လည်းပေါင်းသုံးနက်။
- ♦ အထောက်သာကော၊ ပြယုဂ်မှာ၊ ဝဏ္ဏဝါ ဟောန္တိပီဏိန္ဒြိယာ စသည်တည်း။
- ♦ သံယုဂ်မပါ၊ တောကိုသာ၊ နှစ်ဖြာအား-၏နက်။
- ♦ သံယုဂ်ပါရာ၊ န္တောကိုသာ၊ ပေးပါ တို့သည်၊ တို့ကိုနက်။
- ♦ သံယုဂ်မပါ၊ တာကိုသာ၊ ပေးပါ-မှ ဖြင့်နက်။
- ♦ သံယုဂ်ပါရာ၊ န္တာကိုသာ၊ ပေးပါ တို့သည်၊ တို့ကို-

ဤနှစ်နက်။

- သံယုဂ်မပါ၊ တိကိုသာ၊ ပေးပါ ဌအနက်။
- သံယုဂ်ပါရာ၊ န္တိကိုသာ၊ ပေးပါ တို့သည်၊ တို့ကို၊ တို့အို- ဤသုံးနက်။
- သံယုဂ်မပါ၊ တံကိုသာ၊ ပေးပါ တို့အား၊ တို့၏ ဤနှစ်နက်။
- သံယုဂ်ပါရာ၊ န္တံကိုသာ၊ ပေးပါ ကိုအနက်။
- ဂိုဏ်းဂုဏဝါ၊ မိန့်ခွန်းဖြာ၊ ဤခါကမ်းသို့တက်။

ဂုဏဝါဒိဂိုဏ်း ပြီး၏။

# ပုမာဒိဂိုဏ်း

သိဝိဘတ်နှောင်းသည်ရှိသော် ပုမန္တသာသိမှိ ဟူသောသုတ်ဖြင့် ဝိဘတ်နှင့်တကွ ရှေးသရကိုအာပြု၍ ပြီးကောင်းသောသဒ္ဒါအပေါင်းသည် ပုမသဒ္ဒါလျှင် အတူရှိသောကြောင့် ပုမာဒိဂိုဏ်းမည်၏။

**ပြယုဂ်ကား-** ပုမာ။ မဃဝါ။ ယုဝါ။ တည်း။

ပုမာ- ယောက်ျားသည်။ မဃဝါ။ သိကြားသည်။ ယုဝါ။ လုလင်သည်။

ဤပုမာဒိဂိုဏ်း၌ ပုမသဒ္ဒါနောင် အာလုပ်သိဝိဘတ် နှောင်းသည်ရှိသော် ဘော ပုမံ ဟူ၍ ဖြစ်၏။

**ယောဝိဘတ်သုံးခုနှောင်းသည်ရှိသော်-** ပုမာနော ဟူ၍ ဖြစ်၏။ ပုမာနော- ယောက်ျားတို့သည်။ တို့ကို။ အို ယောက်ျားတို့။

**အံဝိဘတ်နှောင်းသည်ရှိသော်-** ပုမံဟူ၍ ဖြစ်၏။

**နာဝိဘတ် နှောင်းသည်ရှိသော်-** ပုမုနာ။ ပုမာနာ။ ပုမေန ဟူ၍ ဖြစ်၏။

**ဟိဝိဘတ်နှောင်းသည်ရှိသော်-** ပုမာနေဟိ။ ပုမာနေဘိ ဟူ၍ ဖြစ်၏။

**သဝိဘတ်နှောင်းသည်ရှိသော်-**ပုမုနော၊ ပုမဿ ဟူ၍ဖြစ်၏။

**နံဝိဘတ်နှောင်းသည်ရှိသော်-** ပုမာနံ ဟူ၍ ဖြစ်၏။

**သ္မာဝိဘတ်နှောင်းသည်ရှိသော်-** ပုမုနာ၊ ပုမာနာ၊ ပုမမှာ၊

ပုမသ္မာ၊ ပုမာ၊ ပုမေန ဟူ၍ ဖြစ်၏။

**သ္မိံဝိဘတ်နှောင်းသည်ရှိသော်-** ပုမာနေ၊ ပုမေ၊ ပုမသ္မိံ၊ ပုမမှိ၊ ဟူ၍ဖြစ်၏။

**သုဝိဘတ်နှောင်းသည်ရှိသော်-** ပုမာသု၊ ပုမေသု ဟူ၍ ဖြစ်၏။

**ယုဝသဒ္ဒါ၌ကား-** ပုမသဒ္ဒါ၏ကာရိယတို့တွင် အာနေအပြု၊ အာနောအပြု၊ အံအပြု၊ ဥအပြုတို့ကိုကြဉ်၍ ဝိဘတ်ခုနှစ်သွယ်နှောင်းရာတို့၌ ယုဝသဒ္ဒါ၏အစိတ် အ-ကို အာနပြုရခြင်းသည်လည်းကောင်း၊ ယုဝနောင် တိ-ပစ္စည်းသက်ရခြင်းသည်လည်းကောင်း ဤမျှသာထူးကုန်၏။

## ရုပ်အစဉ်ဖြစ်ဟန်ကား-

ဘောယုဝ၊ ဘောယုဝါ၊ ဘောယုဝါန၊ ဘောယုဝါနာ၊ ဘဝန္တော ယုဝါနာ၊ သော ယုဝါ၊ သော ယုဝါနော၊ တေ ယုဝါ၊ တေ ယုဝါနာ၊ တံ ယုဝံ၊ တံ ယုဝါနံ၊ တေ ယုဝေ၊ တေ ယုဝါနေ၊ တေန ယုဝေန၊ တေန ယုဝါနေန၊ တေန ယုဝါနာ၊ တေဟိ ယုဝေဟိ၊ တေဘိ ယုဝေဘိ၊ တေဟိ ယုဝါနေဟိ၊ တေဘိ ယုဝါနေဘိ၊ တဿ ယုဝဿ၊ တဿ ယုဝါနဿ၊ တေသံ ယုဝါနံ၊ တေသံ ယုဝါနာနံ၊ တသ္မာ ယုဝါ၊ တသ္မာ ယုဝါနာ၊ တသ္မာ ယုဝမှာ၊ တသ္မာ ယုဝါနမှာ၊ တသ္မိံ ယုဝေ၊ တသ္မိံ ယုဝါနေ၊ တေသု ယုဝေသု၊ တေသု ယုဝါသု ဟူ၍ ပုလ္လိင်၌ရုပ်အစဉ်ဖြစ်၏။

ဘော ယုဝ- အိုလုလင်ယောကျာ်း စသည်ဖြင့်အနက်ပေးလေ။

ယုဝတောတိ ဟူသော မောဂ္ဂလာန်သုတ်ဖြင့် ယုဝနောင် တိ-ပစ္စည်းသက်၍ ဟေ ယုဝတိ၊ ဟေ ယုဝတိယော၊ တာ ယုဝတိ၊ တာ ယုဝတိယော၊ တံ ယုဝတိံ၊ တာ ယုဝတိယော၊ တာယ ယုဝတိယာ စသည်ဖြင့် ဣတ္ထိလိင်၌ ရုပ်အစဉ်ဖြစ်၏။

ဟေ ယုဝတိ- အိုလုလင်မှ စသည်ဖြင့်အနက်ပေးလေ။

## ရုပ်ပြီးဟန်ကား-

ပုမာ- ကား၊ ပုမတည် သိသက်၊ ပုမန္တဿာသိမှိ ဟူသောသုတ်ဖြင့် သိဝိဘတ်နှင့်တကွ ရှေးသရကိုအာပြု။ ကပ်။ ပြီး၏။

မဃဝါ ယုဝါတို့ကား ပုမန္တဿာသိမှိ ဟူသောသုတ်၌ အန္တသဒ္ဒါဖြင့် စီရင်၍ပြီး၏။

ဟေပုမံ- ကား၊ ပုမတည်၊ အာလုပ်သိသက်၊ အမာလပနေက ဝစနေဟူသောသုတ်ဖြင့် အာလုပ်သိဝိဘတ်နှင့်တကွ အသရကိုအံပြု၊ ကပ်၊ ပြီး၏။

ပုမာနော- ကား၊ ပုမတည်၊ ယောသက်၊ ယောသွာနော သုတ်ဖြင့် ယောဝိဘတ်နှင့်တကွ ရှေ့အသရကို အာနောပြု၊ ကပ်၊ ပြီး၏။

ပုမံ- ကား၊ ပုမတည်၊ အံသက်၊ သရလောပေါ်သုတ်ဖြင့် ချေ၊ကပ်၊ ပြီး၏။

ပုမုနာ၊ ပုမာနာ- တို့ကား၊ နာဝိဘတ်သက်၍ ဥနာမှိစဖြင့် ဥကိုအာပြု၍ ပြီး၏။ ပုမေန- ကား၊ ဧနပြု၍ ပြီး၏။

ပုမာနေဟိ- ကား၊ ပုမတည်၊ ဟိသက်၊ ဟိဝိဘတ္တိမှိစသုတ်ဖြင့်

ရှေ့သရကိုအာနေပြု ကပ်၊ ပြီး၏။

ပုမုနော- ကား၊ စျလတော ဿနောဝါဖြင့် စီရင်၍ပြီး၏။

ပုမုနာ-ကား၊ ပုမတည်၊ ဿွာသက်၊ ဟိဝိဘတ္တိမှိစသုတ်၌ စသဒ္ဒါဖြင့် ဿွာဝိဘတ်နှောင်းသောကြောင့် ရှေးအသရကိုဥပြု ဥကိုလမှည့်၊ စျလတောစ သုတ်ဖြင့် ဿွာဝိဘတ်ကို နာပြု ပြီး၏။

ပုမာနာ- ကား၊ ပုမတည်၊ ဿွာသက်၊ ဿွာနာဟူသောသုတ်ဖြင့် နာပြု၍ ဥနာမှိစ သုတ်ဖြင့် အသရကို အာပြု ကပ်၊ ပြီး၏။

ပုမာနေ- ကား၊ အာနေသ္မိံမှိဝါ သုတ်ဖြင့် စီရင်၍ပြီး၏။

ပုမာနာသု- ကား၊ သုသ္မိံမာဝါ သုတ်ဖြင့် စီရင်၍ပြီး၏။ အကြွင်းကား လွယ်၏။

ယုဝါ၊ ယုဝါနာ၊ ယုဝါနံ- စသော အာနအပြုဟူသမျှတို့၌ ဟိဝိဘတ္တိမှိစသုတ်၌ စသဒ္ဒါဖြင့် အာနပြု၍ ပုရိသနှင့်အတူ သိအစရှိသော ဝိဘတ်တို့ကို စီရင်လေ။

တေ ယုဝါ၊ တေ ယုဝေ- စသည်တို့မှာ ပုရိသနှင့်နည်းတူ။

ယုဝါနာ၊ ယုဝါသု- တို့ကား အကမ္မန္တဿစ သုတ်၌ စသဒ္ဒါဖြင့် နာဝိဘတ်၊ သုဝိဘတ်နှောင်းရာ၌ အကိုအာပြု၍ ပြီး၏။

မဃဝါ- သဒ္ဒါ၌ကား၊ တိ-ပစ္စည်းသက်သည်ကို ကြဉ်၍ ယုဝအတိုင်း ရုပ်အစဉ်ဖြစ်၏။

### ♦ အံနှင့်အာပါ၊ အာနောပါ၊ ထည့်ပါ အာနေဥ၊

ပုမသဒ္ဒါ၊ ကာရိယာ၊ ငါးဖြာနောင်တို့ရှု၊
အိုနှင့်ကိုပါ၊ ဤနှစ်ဖြာ၊ မှတ်ပါပုမံအနက်တည်း။

- ♦ သည်လည်းတဝ၊ မှလည်းတဖုံ၊ ဤနှစ်စုံ၊ မှတ်ရုံပုမာ အနက်တည်း။
- ♦ တို့အိုတမည်၊ တို့သည်တစ်ခါ၊ တို့ကိုပါ၊ သုံးဖြာ ပုမာနော-၏ အနက်တည်း။
- ♦ ဖြင့်-နှင့်-တို့သည်၊ မှ-တမည်၊ ထူးလည်ယုဝါနာ ၏အနက်တည်း။
- ♦ တို့၏-တို့အား၊ ထည်ငြားကိုပါ၊ ဤသုံးဖြာ မှတ်ပါ ယုဝါနံအနက်တည်း။
- ♦ အာန-ဧ-အာ၊ ဤသုံးဖြာ၊ မှတ်ပါယုဝသဒ္ဒါ၏ အစိတ်ပြု။
- ♦ ဝိဘတ်ခုနှစ်သွယ်၊ နှောင်းရာဝယ်၊ မှတ်လွယ်အာနပြု။
- ♦ သု-ဟိ-နှစ်တန်၊ နှောင်းတုံပြန်၊ မှတ်ရန်ဧအပြု။
- ♦ သု-သိ-နံ-နာ၊ ဤလေးဖြာ၊ နှောင်းခါ အာအပြု။
- ♦ ပုမ-မဃဝါ၊ ပုလ္လိင်သာ၊ နောင်လာအမြဲရှု။
- ♦ ဣတ္ထိလိင်္ဂ၊ ပုလ္လိင်္ဂ၊ ယုဝသဒ္ဒါဤတစ်ခု။
- ♦ ပုမာဒိဂဏာ၊ မိန့်ခွန်းဖြာ၊ ဤခါဇယတု။

ပမာဒိဂိုဏ်းပြီးစီး အောင်မြင်လတ်ပြီ။

# ဂစ္ဆန္တာဒိဂိုဏ်း

သိဝိဘတ်နှောင်းသည်ရှိသော် သိမှိဂစ္ဆန္တာဒီနံန္တသဒ္ဒေါအံ ဟူသောသုတ်ဖြင့် ဝိကပ်အားဖြင့် န္တသဒ္ဒါကိုအံပြု၍ ပြီးကောင်းသောများသောအားဖြင့် ကြိယာကိုလည်းကောင်း၊ ဂုဏ်ကိုလည်းကောင်း၊ အကြောင်းပြု၍ ဒြပ်ကိုဟောသောသဒ္ဒါအပေါင်းသည် ဂစ္ဆန္တသဒ္ဒါလျှင် အတူရှိသောကြောင့် ဂစ္ဆန္တာဒိဂိုဏ်းမည်၏။

**ပြယုဂ်ကား -**

ဂစ္ဆံ ဂစ္ဆန္တော၊ စရံ စရန္တော၊ မဟံ မဟန္တော တည်း။

ဂစ္ဆံ- သွားသောသူသည်၊ ဂစ္ဆန္တော- သွားသောသူသည်၊ ဝါ-အိုသွားသောသူ။ စရံ၊ စရန္တော လည်းနည်းတူ။ မဟံ-မြတ်သောသူသည်။ မဟန္တော -သည်။ ဝါ-အိုမြတ်သောသူ။

ဂစ္ဆန္တ-သဒ္ဒါသည် သွားခြင်းကြိယာကို ရှေးဦးစွာဟောပြီးမှ သွားတတ်သောသူဒြပ်ကိုဟောသည်။ မဟန္တသဒ္ဒါသည်လည်း မြတ်သောဂုဏ်ကို ရှေးဦးစွာဟောပြီးမှ မြတ်သောလူဒြပ်ကိုဟောသည်။ ထို့ကြောင့် ဂစ္ဆန္တသဒ္ဒါ၊ မဟန္တသဒ္ဒါတို့ကို ကြိယာဂုဏ်ကို အကြောင်းပြု၍ ဒြပ်ကိုဟောသည်ဟု သမုတ်ရသည် မှတ်လေ။ **ဤကားအမှာ(ဝါ) စကားချပ်။**

ဤဂစ္ဆန္တာဒိဂိုဏ်း၌ အာလုပ် သိဝိဘတ်နှောင်းသည်ဖြစ်၍

ရုပ်အစဉ်၊ ရုပ်အစီအရင်အလုံးစုံသည် ဂုဏဝါဒိဂိုဏ်းနှင့်တူ၏။ သေသေသု န္တုဝသုတ်ဖြင့် အန္တ-ပစ္စည်းကို အန္တုသဒ္ဒါကဲ့သို့ ငဲ့ရသည် သာထူးသည်။

**ရုပ်အစဉ်ဖြစ်ဟန်ကား-**

ဘောဂစ္ဆံ ဘောဂစ္ဆ ဘောဂစ္ဆာ- အိုသွားသောသူ၊ ဂစ္ဆံ ဂစ္ဆန္တံ ဂစ္ဆန္တာ ဂစ္ဆန္တော ဂစ္ဆန္တာနိ ဂစ္ဆန္တိ ဂစ္ဆန္တေ၊ ဂစ္ဆတာ ဂစ္ဆန္တေန၊ ဂစ္ဆန္တေဟိ ဂစ္ဆန္တေဘိ၊ ဂစ္ဆတော ဂစ္ဆဿ ဂစ္ဆန္တဿ၊ ဂစ္ဆတံ ဂစ္ဆန္တာနံ၊ ဂစ္ဆတာ ဂစ္ဆမှာ ဂစ္ဆန္တမှာ ဂစ္ဆန္တသ္မာ ဂစ္ဆန္တာ၊ ဂစ္ဆတိ ဂစ္ဆန္တမှိ၊ ဂစ္ဆန္တေ ဂစ္ဆန္တသ္မိံ၊ ဂစ္ဆန္တေသု စသည်ဖြင့် ဖြစ်၏။

ဘော ဂစ္ဆံ၊ ဘော ဂစ္ဆ၊ ဘော ဂစ္ဆာ- အိုသွားသောသူ။ ဂစ္ဆံ၊ ဂစ္ဆန္တော- သွားသောယောက်ျားသည်။ ဂစ္ဆံ၊ ဂစ္ဆန္တံ- သွားသောယောက်ျား ကို။ ဂစ္ဆန္တာ၊ ဂစ္ဆန္တော- တို့သည်။ ဂစ္ဆန္တာနိ၊ ဂစ္ဆန္တိ- နပုံးတို့သည်၊ တို့ကို။ ဂစ္ဆန္တေ- တို့ကို။ ဂစ္ဆတာ- ဖြင့်။ ဂစ္ဆန္တေန- ဖြင့်။ ဂစ္ဆန္တေဟိ၊ ဂစ္ဆန္တေဘိ- တို့ဖြင့်၊ တို့မှ။ ဂစ္ဆတော- အား။ ၏။ ဂစ္ဆဿ၊ ဂစ္ဆန္တဿ- အား။၏။ ဂစ္ဆတံ၊ ဂစ္ဆန္တာနံ- တို့အား။ တို့၏။ ဂစ္ဆတာ- မှ။ ဂစ္ဆန္တမှာ- မှ။ ဂစ္ဆန္တသ္မာ၊ ဂစ္ဆန္တမှာ- မှ။ ဂစ္ဆတိ၊ ဂစ္ဆန္တမှိ၊ ဂစ္ဆန္တေ၊ ဂစ္ဆန္တသ္မိံ- ၌။ ဂစ္ဆန္တေသု- တို့၌။

**ဤပစ္စည်း နှောင်းသည်ရှိသော်-**

နဒါဒိဂိုဏ်း၌ အကျုံးဝင်၏။ ဣတ္ထိလိင်၌ ဖြစ်၏။

**ရုပ်အစဉ်ဖြစ်ဟန်ကား-**

ဘောတိ ဂစ္ဆတိ၊ ဘောတိ ဂစ္ဆန္တိ- အိုသွားသောမိန်းမ။ ဂစ္ဆတီ၊ ဂစ္ဆန္တီ- သွားသောမိန်းမသည်။ ဂစ္ဆတိယော၊ ဂစ္ဆန္တိယော- တို့သည်။ အိုမိန်းမတို့။ ဂစ္ဆတိံ ဂစ္ဆန္တိံ- ကို။ ဂစ္ဆတိယံ ဂစ္ဆန္တိယံ- ကို။ ဂစ္ဆတိယော- ဂစ္ဆန္တိယော- တို့ကို။ အိုမိန်းမတို့။ ဂစ္ဆတိယာ ဂစ္ဆန္တိယာ- ဖြင့်။ အား။ ၏။ မှ။ ဂစ္ဆတီဟိ ဂစ္ဆန္တီဟိ- တို့ဖြင့်။ တို့မှ။ ဂစ္ဆတိယံ ဂစ္ဆန္တိယံ- ၌။ ဂစ္ဆတီသု ဂစ္ဆန္တီသု- တို့၌ ဟူ၍ဖြစ်၏။

**ရုပ်ပြီးဟန်ကား-**

ဂစ္ဆံ- ကား၊ ဂစ္ဆန္တသဒ္ဒါတည်၊ အံသက်၊ သေသေသုန္တုဝ သုတ်ဖြင့် အန္တပစ္စည်းကို အန္တုပစ္စည်းကိုကဲ့သို့ငဲ့။ သဗ္ဗဿ ဝါအံသေသု -သုတ်ဖြင့် အံဝိဘတ်နှောင်းသောကြောင့် အလုံးစုံသော အန္တုပစ္စည်းကို အံပြု။ ကပ်။ ပြီး၏။ ဤနည်းချည်းသာတည်း။ ဂုဏဝါဒိဂိုဏ်းနှင့်အတူ တွက်လေ။

- **သံယုဂ်မပါ၊ တိကိုသာ၊ ပေးပါသည်အနက်။**
- **ဒီဃနှင့်သာ၊ ဖြစ်ပြန်လာ၊ ပေးပါတို့သည်နက်။**
- **သံယုဂ်ပါရာ၊ န္တိကိုလာ၊ ပေးပါတို့သည်-တို့ကို တို့အို အနက်။**
- **ဒီဃနှင့်သာ၊ ယှဉ်ပြန်လာ၊ ပေးပါသည်အနက်။"**

ဂစ္ဆတိ- သွားတတ်၏။ ဂစ္ဆတိ- ဂမုဓာတ်တည်။ ဂစ္ဆတိ - သွားသောယောကျ်ား နပုံး၌။ ဂစ္ဆတီ- သွားသောမိန်းမတို့သည်။ ဂစ္ဆန္တီ- သွားသောနပုံးတို့သည်။ တို့ကို။ အိုနပုံးတို့။ (ဝါ) သွားတတ်ကုန်၏။

ဂစ္ဆန္တိ- သွားသောမိန်းမသည်။ ဤသို့ အထူးထူးအပြားပြား အနက်ရှိသည်များကိုလည်း နှလုံးထားကြလေ။

**အာဒိဝန်ဖြင့်-** သန္တ၊ သရန္တ၊ ပစန္တ အစရှိသော သဒ္ဒါတို့ကို ယူလေ။

**သန္တသဒ္ဒါ၌** သံ- သူတော်ကောင်းသည်။ သူတော်ကောင်းကို။ သန္တော- သည်။ သန္တာ -တို့သည်။ သန္တေ- တို့ကို။ သန္တေန- ဖြင့်။ သတာ- ဖြင့်။ သန္တေဟိ- တို့ဖြင့်။ သဗ္ဘိ- တို့ဖြင့်။ သတော- အား။၏။ သဿ- အား။၏။ သတံ- တို့အား။ တို့၏။ သန္တာနံ- တို့အား။ တို့၏။ သတာ- မှ။ သန္တမှာ- မှ။ သန္တာ- သူတော်ကောင်းမှ။ သတိ- သူတော်ကောင်း၌။ (ဝါ) ရှိသည်၌။ (ဝါ) ရှိသည်ရှိသော်။ သန္တေသု- သူတော်ကောင်းတို့၌။ (ဝါ) ရှိကုန်သည်တို့၌။ (ဝါ) ရှိကုန်သည်။ (ဝါ) ရှိကုန်သည်ရှိသော်- ဤသို့ရုပ်အစဉ်ဖြစ်၏။

**♦ ဂုဏ်ကြိယာ၊ ပဓာနာ၊ ဟောရာ ဤသည့်ဂိုဏ်း။**
**♦ အန္တပစ္စည်း၊ သက်ရာလည်း၊ တနည်း ဉာဏ်ဖြင့်ပိုင်း။**
**♦ ၎င်းဂိုဏ်းမှာ၊ ပုလ္လိင်္ဂါ၊ ဖြစ်ရာသုံးဌာန။**
**♦ ဤပစ္စယာ၊ နှောင်းသောအခါ၊ ဣတ္ထိလိင်မှာဖြစ်နေကျ။**
**♦ ဂိုဏ်းဂစ္ဆန္တာ၊ မိန့်ခွန်းဖြာ၊ ဤခါပြီးအဆုံး။**
**♦ သောတုနောင်လာ၊ မျိုးသိဿ၊ ဉာဏ်ဝါမိုးသို့၊ ချုံးစေသော်။**

**သဒ္ဒနီတိဆရာအလိုအားဖြင့်** ဂစ္ဆံ- သွားသောမိန်းမ

သည်လည်းပေးအပ်၏။ နပုံးသည်ဟူ၍ကား မပေးသင့်။ **ရူပသိဒ္ဓိဆရာတို့အလို အားဖြင့်** ဂစ္ဆံ - သွားသောနပုံးသည်ဟူ၍ ပေးအပ်၏။

ဂစ္ဆန္တာဒိဂိုဏ်းပြီး၏။

## ရာဇာဒိဂိုဏ်း

သျာ စ သုတ်ဖြင့် သိဝိဘတ်ကိုအာပြု၍ ပြီးကောင်းသော သဒ္ဒါ အပေါင်းသည် ရာဇသဒ္ဒါလျှင်အတူရှိသောကြောင့် ရာဇာဒိဂိုဏ်း မည်၏။

**ပြယုဂ်ကား-** ရာဇ၊ ဗြဟ္မ၊ သခိ၊ အတ္တ အစရှိသည်တည်း။

ရာဇာ- မင်းသည်။ ဗြဟ္မာ- ဗြဟ္မာသည်။ သခါ- ခင်ပွန်းသည်။ အတ္တာ- ကိုယ်သည်။

**ရာဇာဒိဂိုဏ်း၌ ရာဇသဒ္ဒါနှောင်-**

**အာလုပ်သိဝိဘတ်နှောင်းသည်ရှိသော်-** အကာရပိတာ ဒျန္တာနမာ- သုတ်ဖြင့် အကိုအာပြု၍။ အာကာရော ဝါ -သုတ်ဖြင့် ဝိကပ်အားဖြင့် အာကိုအပြု၍။ သိဝိဘတ်ကို ချေ၍။ ဘော ရာဇ ဘော ရာဇာ ဟူ၍ဖြစ်၏။

**ယောဝိဘတ်နှောင်းသည်ရှိသော်-** ယောန မာနော သုတ် ဖြင့် ယောဝိဘတ်ကို အာနောပြု၍ ရာဇာနော ဟူ၍ဖြစ်၏။

**အံဝိဘတ်နှောင်းသည်ရှိသော်** ဗြဟ္မတ္တသခရာဇာဒိတော အမာနံ သုတ်ဖြင့် ဝိကပ်အားဖြင့် အံဝိဘတ်ကို အာနံပြု၍ ရာဇာနံ ရာဇံ ဟူ၍ ဖြစ်၏။

**နာဝိဘတ်နှောင်းသည်ရှိသော်-** နာမှိရညာဝါ- သုတ်ဖြင့် ဝိကပ်အားဖြင့် စီရင်၍ ရညာ ရာဇေန ဟူ၍ ဖြစ်၏။

**ဟိဝိဘတ်နှောင်းသည်ရှိသော်-** ရာဇူဟိ ရာဇူဘိ ရာဇေဟိ

ရာဇေတိ ဟူ၍ ဖြစ်၏။

**သဝိဘတ်နှောင်းသည်ရှိသော်-** ရညော၊ ရာဇိနော၊ ရာဇဿ ဟူ၍ ဖြစ်၏။

**နံဝိဘတ်နှောင်းသည်ရှိသော်-** ရညံနံမှိဝါ သုတ်ဖြင့် စီရင်၍ ရညံ ဟူ၍ ဖြစ်၏။

ရာဇဿရာဇု သုနံဟိသု စ- သုတ်ဖြင့်စီရင်၍ ရာဇူနံ ဟူ၍ ဖြစ်၏။

သုနံဟိသုစ သုတ်ဖြင့် စီရင်၍ ရာဇာနံ ဟူ၍လည်းဖြစ်၏။

**သ္မာဝိဘတ်နှောင်းသည်ရှိသော်** သ္မာဝိဘတ်ကို နာဝိဘတ်ကို ကဲ့သို့ငဲ့၍ နာမှိရညာဝါ သုတ်ဖြင့် ဝိကပ်အားဖြင့် စီရင်၍ ရညာ၊ ရာဇမှာ၊ ရာဇသ္မာ ဟူ၍ ဖြစ်၏။

**သ္မိံဝိဘတ်နှောင်းသည်ရှိသော်** သ္မိံမှိရညေရာဇိနိ- သုတ်ဖြင့် စီရင်၍ ရညေ ရာဇိနိ ဟူ၍ဖြစ်၏။

**သုဝိဘတ်နှောင်းသည်ရှိသော်** ရာဇူသု ဟူ၍ ဖြစ်၏။ ရာဇေသု ဟူ၍လည်းဖြစ်၏။

**သခသဒ္ဒါနှောင်** အာလုပ်ဝိဘတ်နှောင်းသည်ရှိသော် ဘော သခ၊ ဘော သခါ၊ ဘော သခိ၊ ဘော သခီ၊ ဘော သခ -ဟူ၍ ဖြစ်၏။

**ယောဝိဘတ်သုံးခုနှောင်းသည်ရှိသော်-** သခါယော သခါနော သခိနော ဟူ၍ ဖြစ်၏။

**အံဝိဘတ်နှောင်းသည်ရှိသော်-** သခါရံ သခံ သခါနံ ဟူ၍

ဖြစ်၏။

**နာဝိဘတ်နှောင်းသည်ရှိသော်-** သခိနာ ဟူ၍ ဖြစ်၏။

**ဟိဝိဘတ်နှောင်းသည်ရှိသော်-** သခါရေဟိ သခေဘိ ဟူ၍ ဖြစ်၏။

**သဝိဘတ်နှောင်းသည်ရှိသော်-** သခိဿ သခိနော ဟူ၍ ဖြစ်၏။

**သ္မာဝိဘတ်နှောင်းသည်ရှိသော်-** သခိနာ ဟူ၍ဖြစ်၏။

**နံဝိဘတ်နှောင်းသည်ရှိသော်-** သခိနံ သခါနံ ဟူ၍ဖြစ်၏။

**သ္မိံဝိဘတ်နှောင်းသည်ရှိသော်-** သခေ ဟူ၍ဖြစ်၏။

**သုဝိဘတ်နှောင်းသည်ရှိသော်-** သခါရေသု သခေသု ဟူ၍ ဖြစ်၏။

**ရုပ်ပြီးဟန်ကား-** သခါနော- ကား၊ ယောနမာနော သုတ်ဖြင့် စီရင်။ သခိနော- ကား၊ သခတည်း၊ ယောဝိဘတ်သက်။ သခတော စ ယောနော သုတ်ဖြင့် ယောဝိဘတ်ကို နောပြု။ သခန္တဿိနောနာနံ သေသု သုတ်ဖြင့် အကို ဣပြု။

သခါရံ- ကား၊ သုနမံသုဝါ သုတ်ဖြင့် အံဝိဘတ် နှောင်းသော ကြောင့် သခသဒ္ဒါ၏ အစိတ်အကို အာရပြု။

သခေ- ကား၊ သ္မိမေ ဟူသောသုတ်ဖြင့် သ္မိံ ဝိဘတ်ကို ဧပြု။ ပြီး၏။ အကြွင်းကား လွယ်၏။

သခ သဒ္ဒါပြီး၏။

ဗြဟ္မ-သဒ္ဒါနောင် **အာလုပ်သိဝိဘတ်နှောင်းသည်ရှိသော်-**

ပြဟ္မတော ဂဿ စ သုတ်ဖြင့် စီရင်၍ ဟေ ပြဟေ္မ ဟူ၍ ဖြစ်၏။

**ယောဝိဘတ်နှောင်းသည်ရှိသော်-** ယောနမာနော သုတ်ဖြင့် စီရင်၍ ပြဟ္မာနော ဟူ၍ဖြစ်၏။

**အံဝိဘတ်နှောင်းသည်ရှိသော်-** ပြဟ္မတ္တသခရာဇာဒိတော အမာနံ သုတ်ဖြင့် စီရင်၍ ပြဟ္မာနံ ပြဟ္မံ ဟူ၍ဖြစ်၏။

**နာဝိဘတ်နှောင်းသည်ရှိသော်-** ဥတ္တံသနာသု သုတ်ဖြင့် စီရင်၍ ပြဟ္မုနာ ဟူ၍ဖြစ်၏။

**ဟိဝိဘတ်နှောင်းသည်ရှိသော်-** ပြဟေ္မဟိ ဟူ၍ဖြစ်၏။

**သဝိဘတ်နှောင်းသည်ရှိသော်-** ဥတ္တံသနာသု သုတ်ဖြင့် ရှေး အသရကို ဥပြု၍။ ဈလတော သဿနောဝါ သုတ်ဖြင့် ဝိကပ်အားဖြင့် သကိုနောပြု၍ ပြဟ္မုနော ပြဟ္မုဿ ဟူ၍ဖြစ်၏။

**မောဂ္ဂလ္လာန် ဆရာအလိုအားဖြင့်** ပြဟ္မဿ ဟူ၍လည်း ဖြစ်၏။

**နံဝိဘတ်နှောင်းသည်ရှိသော်-** သုနံဟိသုစ သုတ်ဖြင့် စီရင်၍ ပြဟ္မာနံ ဟူ၍ဖြစ်၏။

**သ္မာဝိဘတ်နှောင်းသည်ရှိသော်-** သ္မာဝိဘတ်ကို နာဝိဘတ်ကိုကဲ့သို့ငဲ့၍ ဥတ္တံသနာသု သုတ်ဖြင့် ဥပြု၍။ ဈလတောစ သုတ်ဖြင့် သ္မာ ဝိဘတ်ကို နာပြု၍ ပြဟ္မုနာ ဟူ၍ဖြစ်၏။

**သ္မိံ ဝိဘတ်နှောင်းသည်ရှိသော်-** ပြဟ္မတော တု သ္မိံနိ သုတ်ဖြင့် စီရင်၍ ပြဟ္မနိ ဟူ၍ဖြစ်၏။

**သုဝိဘတ်နှောင်းသည်ရှိသော်-** သုဟိသွကာရော‌ဧ သုတ် ဖြင့်

စီရင်၍ ပြဟ္မသု ဟူ၍ဖြစ်၏။

ပြဟ္မ သဒ္ဒါပြီး၏။

အတ္တသဒ္ဒါနောင် အာလုပ်သိဝိဘတ်၊ အာလုပ်သိဝိဘတ်မဟုတ်သော သိဝိဘတ်၊ အံဝိဘတ်၊ ယောဝိဘတ်နှောင်းရာတို့၌ ရာဇသဒ္ဒါနှင့် နည်းတူဖြစ်၏။

**နာဝိဘတ်နှောင်းရာ၌-** ဧနပြု၍ အတ္တေန ဟူ၍ဖြစ်၏။

**ဟိဝိဘတ်နှောင်းရာ၌** အတ္တန္တောဟိသိမ္မနတ္တံ သုတ်ဖြင့် အကို အနပြု၍ သုဟိသွကာရောဧသုတ်ဖြင့် စီရင်၍ အတ္တနေဟိ အတ္တနေဘိ ဟူ၍ဖြစ်၏။

**သဝိဘတ်နှောင်းရာ၌** သဿနော သုတ်ဖြင့် သကို နောပြု၍ အတ္တနော ဟူ၍ဖြစ်၏။

**နံဝိဘတ်နှောင်းရာ၌** အတ္တာနံ ဟူ၍ဖြစ်၏။

**သ္မာဝိဘတ်နှောင်းရာ၌** သ္မာနာသုတ်ဖြင့် သ္မာကို နာပြု၍ အတ္တနာဟူ၍ ဖြစ်၏။

**သ္မိံဝိဘတ်နှောင်းသည်ရှိသော်** တတောသ္မိံနိ သုတ်ဖြင့် စီရင်၍ အတ္တနိ ဟူ၍ဖြစ်၏။

**သုဝိဘတ်နှောင်းသည်ရှိသော်-** သုဟိသွကာရောဧ ဖြင့်စီရင်၍ အတ္တေသု ဟူ၍ ဖြစ်၏။

**ၡင်းအတ္တသဒ္ဒါနောင်ကပစ္စည်းသက်သည်ရှိသော်** အတ္တ

န္တောဟိသို့မနတ္တံ သုတ်၌ အနတ္တသဒ္ဒါဖြင့် အတ္တသဒ္ဒါကို သပြု၍ သကော၊ သကာ၊ သကံ အစရှိသည်ဖြင့် လိင်သုံးပါး ဝိဘတ်ခုနစ်သွယ် တို့၌ ဆက်ဆံသော ရုပ်အစဉ်ဖြစ်၏။

သကော- မိမိဥစ္စာဖြစ်သော ယောက်ျားသည်။ သကာ- မိမိဥစ္စာ ဖြစ်သော မိန်းမသည်။ သကံ- မိမိဥစ္စာဖြစ်သောနပုံးသည် ဤသို့ စသည်ဖြင့် ပုလ္လိင်အရာ၌ ပုရိသ အတိုင်း၊ ဣတ္ထိလိပ်အရာ၌ ကညာ အတိုင်း၊ နပုံးလိင်အရာ၌ စိတ္တအတိုင်းတည်း။

**အတ္တနာပိ အတ္တာနံ ဇီဝိတာ ဝေါရောပေတိ။**

**အတ္တနာဝ အတ္တာနံ သမ္မန္နတိ** စသည်၌လာသော အတ္တနာ သဒ္ဒါသည်ကား ဝိဘတ်နှင့်တူသော **ဝိဘတ္တိပဋိရူပကနိပါတ်ပုဒ် တည်း။ တေနဟိသဒ္ဒါကဲ့သို့တည်း။**

ထို့ကြောင့် ဝုစ်နှစ်ပါးနှင့်လည်းကောင်း၊ ကတ္တားဟော ကြိယာနှင့် လည်းကောင်း ဆက်ဆံလေသည်။

အတ္တသဒ္ဒါပြီး၏။

ဤရာဇာဒိဂိုဏ်း၌ ရာဇသဒ္ဒါသည် ဣတ္ထိလိင်ကို ဟောသော

အခါ ဣနီပစ္စည်းသက်၍ ပြီး၏။

**ဂဟပတာဒိဂိုဏ်း၌ ရုပ်အစဉ်ဖြစ်ဟန်ကား-**

ရာဇိနီ၊ ရာဇိနိယော အစရှိသည်ဖြစ်၏။

ရာဇိနီ- မင်းမိန်းမသည်။ ရာဇိနိယော- မင်းမိန်းမတို့သည်။ တို့ကို။ အိုမင်းမိန်းမတို့။ ရာဇိနိယာ- မင်းမိန်းမဖြင့်။

**"အာနှင့်အာနံ၊ တတန်အာနော၊ ဉာ,ဉော,ညံ,ဉေ၊ တထွေဇိနော၊ ဇိနိ,ရာဇု၊ ပေါင်းဆယ်ခု၊ ရှုလော့ ရာဇ သဒ္ဒါ၏ ကာရိယ။**

**အာနှင့်အာနံ၊ တတန်အာနော၊ အာယော-နော၊ မှတ်လော ဣ,ဧ,အာရပြု၊ သခသဒ္ဒါ၊ ရုပ်ထူးသာ၊ ရှစ်ဖြာ အမြဲရှု။**

**အာနှင့်အာနံ၊ တတန်အာနော၊ ပယောဂေါ၊ မှတ်လော ဧ-ဉနိ၊ ပြဟ္မသဒ္ဒါ၊ ကာရိယာ၊ ခြောက်ဖြာ မှတ်ကုန်ဘိ။**

**အာနှင့်အာနံ၊ တတန်အာနော၊ ပယောဂေါ၊ ရှုလော နော-နိ-နာ။ အာနထည့်ကာ၊ ခုနစ်ဖြာ၊ အတ္တသဒ္ဒါ ၏ရုပ်အစဉ်။ ကျယ်ဝန်းလှစွာ၊ ဂိုဏ်းရာဇာ၊ ဤခါနိဗ္ဗာန် ဝင်လတ်ပြီ။**

ရာဇာဒိဂိုဏ်းပြီး၏။

# သတ္ထာဒိဂိုဏ်း

သိဝိဘတ်နှောင်းသည်ရှိသော် သတ္ထုပိတာဒီန။လ။လောပေါစ သုတ်ဖြင့် ရှေးဉသရကို အာပြု၊ သိဝိဘတ်ကိုချေ၍ ပြီးကောင်းသော ရတ္ထု၊ ရာတု၊ ရိတု၊ တုပစ္စည်းအဆုံးရှိသော သဒ္ဒါအပေါင်းသည် သတ္ထု သဒ္ဒါလျှင်အတူရှိသောကြောင့် သတ္ထာဒိဂိုဏ်းမည်၏။

**ပြယုဂ်ကား-** သတ္ထာ၊ ပိတာ၊ မာတာ၊ ဘာတာ၊ ကတ္တာ အစရှိသည် တည်း။

သတ္ထာ- ဆရာသည်။ ပိတာ- အဘသည်။ မာတာ- အမိသည်။ ဘာတာ- အစ်ကိုသည်။ ကတ္တာ- ပြုတတ်သောသူသည်။

ဤသတ္ထာဒိဂိုဏ်း၌ **အာလုပ်သိဝိဘတ်နှောင်းသည်ရှိ သော်-** အကာရပိတာဒျန္တာနမာ၊ အာကာရောဝါ ဟူသောသုတ်ဖြင့် ဝိကပ်အားဖြင့် စီရင်၍ ဘော သတ္ထ၊ ဘော သတ္ထာ ဟူ၍ ဖြစ်၏။

**ယောဝိဘတ်နှောင်းသည်ရှိသော်-** အညေသွာရတ္တံ၊ တတော ယောန မောတု ဟူသောသုတ်တို့ဖြင့် စီရင်၍ သတ္ထာရော ဟူ၍ ဖြစ်၏။

**နာဝိဘတ်နှောင်းသည်ရှိသော်-** အညေသွာရတ္တံ၊ နာအာ သုတ်တို့ဖြင့် စီရင်၍ သတ္ထာရာ ဟူ၍ဖြစ်၏။

**ဟိဝိဘတ်နှောင်းသည်ရှိသော်-** အညေသွာရတ္တံ၊ သုဟိသွ ကာရောဧ ဟူသော သုတ်တို့ဖြင့် စီရင်၍ သတ္ထာရေဟိ ဟူ၍ဖြစ်၏။

**သဝိဘတ်နှောင်းသည်ရှိသော်-** ဉသသ္မိံသလောပေါစ ဟူသော

သုတ်ဖြင့် ဝိကပ်အားဖြင့် စီရင်၍ သတ္ထု၊ သတ္ထုသ ဟူ၍ ဖြစ်၏။

စျလတော သသနောဝါ ဟူသောသုတ်ဖြင့် စီရင်၍ သတ္ထုနော ဟူ၍ဖြစ်၏။

**နံဝိဘတ်နှောင်းသည်ရှိသော်-** ဝါနံမှိ၊ သုနံဟိသုစ ဟူသော သုတ်တို့ဖြင့်စီရင်၍ သတ္ထာရာနံ ဟူ၍ဖြစ်၏။

သတ္ထုနတ္တဥ္စ၊ သုနံဟိသုစ ဟူသောသုတ်တို့ဖြင့် စီရင်၍ သတ္ထာနံ ဟူ၍လည်းဖြစ်၏။

**သ္မာဝိဘတ်နှောင်းသည်ရှိသော်-** သ္မာဝိဘတ်ကို နာဝိဘတ် ကဲ့သို့ငဲ့၍ အညေသွာရတ္တံ၊ နာအာ ဟူသော သုတ်တို့ဖြင့် စီရင်၍ သတ္ထာရာ ဟူ၍ ဖြစ်၏။

**သ္မိံဝိဘတ်နှောင်းသည်ရှိသော်-** အညေသွာရတ္တံ၊ တတော သ္မိမိ၊ အာရောရဿမိကာရေ ဟူသောသုတ်တို့ဖြင့် စီရင်၍ သတ္ထရိ ဟူ၍ ဖြစ်၏။

**သုဝိဘတ်နှောင်းသည်ရှိသော်-** အညေသွာရတ္တံ၊ သုဟိသွ ကာရောဧ ဟူသောသုတ်တို့ဖြင့် စီရင်၍ သတ္ထာရေသု ဟူ၍ဖြစ်၏။

ဤသတ္ထာဒိဂိုဏ်း၌ မာတု၊ ပိတု၊ ဘာတု သဒ္ဒါတို့သည် သတ္ထု သဒ္ဒါနှင့်နည်းတူကုန်၏။

**ဟိဝိဘတ်၊ နံဝိဘတ်၊ သုဝိဘတ်နှောင်းရာတို့၌** မာတူဟိ၊ မာတူနံ၊ မာတူသု ဟူ၍လည်းကောင်း။

တောပစ္စည်းနှောင်းရာတို့၌ ပိတာဒီနမသိမှိ ဟူသောသုတ်၌ အသိမှိ ဟူသောသဒ္ဒါလွန်ဖြင့် ဥကိုက္ကပြု၍ မာတိတော၊ ပိတိတော

ဟူ၍လည်းကောင်း။

အာရအပြုဝယ် ပိတာဒီနမသိမှ် ဟူသောသုတ်ဖြင့် အာကို အရဿပြု၍ ပိတရာ၊ မာတရာ၊ ပိတရော၊ မာတရော ဟူ၍ဖြစ်ခြင်း သည်လည်းကောင်း။ ဤမျှသာထူးကုန်၏။

**ကတ္တုသဒ္ဒါကား-** ကတ္တုဟိ၊ ကတ္တုနံ၊ ကတ္တုသု ဟူ၍ လွန်ခြင်းသာထူးကုန်၏။

အကြွင်းကား သတ္ထုသဒ္ဒါနှင့်အလုံးစုံတူကုန်၏။

- ♦ **အ-အာ-ဣဥ၊ အာရပြု၊ ဥ၏ကာရိယ၊**
- ♦ **ဦအပြုလည်း ရံတခါ၊ ဣတ္ထိလိင်ပါ၊ ပုလ္လိင်ပါ၊ နောင်လာ နှလုံးသွင်၊**
- ♦ **သန့်ရှင်းသိသာ၊ ဂိုဏ်းသတ္ထာ၊ ဤခါအောင်မြေနင်းလတ်ပြီ။**

သတ္ထာဒိဂိုဏ်းပြီး၏။

## စိတ္တာဒိဂိုဏ်း

သိဝိဘတ်ကို အံပြု၍ ပြီးကောင်းသော အကာရန္တ၊ အာကာရန္တ နပုလ္လိင်ဟူသမျှသည် စိတ္တသဒ္ဒါလျှင် အတူရှိသောကြောင့် စိတ္တာဒိဂိုဏ်းမည်၏။

**ပြယုဂ်ကား -** စိတ္တံ၊ အသဒ္ဓံ အစရှိသည်တည်း။ စိတ္တံ-စိတ်သည်၊ အသဒ္ဓံ- မကြည်ညိုသောအမျိုးသည်။

ဤစိတ္တ၊ အသဒ္ဓနောင် ယောဝိဘတ်နှောင်းသည်ရှိသော် အတော နိစ္စံ သုတ်ဖြင့် ယောဝိဘတ်ကို နိပြု၍ စိတ္တာနိ၊ အသဒ္ဓါနိ ဟူ၍ဖြစ်၏။

အံဝိဘတ် နာဝိဘတ်နှောင်းသည်မှစ၍ ပုရိသသဒ္ဒါနှင့်နည်းတူကုန်၏။

အသဒ္ဓံ- ကား၊ အသဒ္ဓါ တည်၊ သိသက် ခွင်း၊ အဃောရဿံ သုတ်ဖြင့် အာကို အရဿပြု၍ သိကိုအံပြု၍ပြီး၏။ **ရူပသိဒ္ဓိဆရာနည်း။**

စိတ္တာဒိဂိုဏ်းပြီး၏။

## ရတ္တာဒိဂိုဏ်း

သိဝိဘတ်ကို ချေ၍ ပြီးကောင်းသောသဒ္ဒါအပေါင်းသည် ရတ္တိ သဒ္ဒါလျှင် အတူရှိသောကြောင့် ရတ္တာဒိဂိုဏ်းမည်၏။ ဤရတ္တာဒိဂိုဏ်း သည် ဣတ္ထိလိင် ပုလ္လိင် နပုလ္လိင် ဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့ တွင် ဣတ္ထိလိင်သည်လည်း ဣကာရန္တ ဥကာရန္တ ဦကာရန္တဟူ၍ သုံးပါး အပြားရှိ၏။

**ထိုတွင် ဣကာရန္တ၌ ပြယုဂ်ကား** - ရတ္တိ၊ မတိ၊ ဓိတိ၊ သတိ၊ ဗုဒ္ဓိ၊ ဝိသုဒ္ဓိ အစရှိသည်တည်း။

ဤ၌ ရတ္တိသဒ္ဒါနောင် **အာလုပ်သိဝိဘတ်နှောင်းသည်ရှိ သော်**-သိဝိဘတ်ကို ချေ၍ ရတ္တိ ပင်ဖြစ်၏။

**ယောဝိဘတ်သုံးခုနှောင်းသည်ရှိသော်** ယောသုကတ နိကာရလောပေသု ဒီဃံ၊ ဃပတော စ ယောနံ လောပေါ သုတ်တို့ဖြင့် စီရင်၍ ရတ္တီ ဟူ၍ဖြစ်၏။ ယောဝိဘတ်ကို မချေမူ၍ ဒီဃလည်း မပြုမူ ၍ ရတ္တိယော ဟူ၍လည်းဖြစ်၏။

တတော ယောနမောတု သုတ်ဖြင့် ယောဝိဘတ်ကို ဩပြု၍ ဣကိုပမှည့်၍ ပသညသဿစ သုတ်ဖြင့် ဣကိုယပြု၍၊ ယကိုဩသို့ကပ်၍၊ ရတျော ဟူ၍လည်းဖြစ်၏။ **သဒ္ဒနီတိနည်း။**

**အံဝိဘတ်နှောင်းသည်ရှိသော်-** အံမော နိဂ္ဂဟိတံ စသော သုတ်ဖြင့်စီရင်၍ ရတ္တိံ ဟူ၍ဖြစ်၏။

**နာ အစရှိသော ဧကဝုစ်ဝိဘတ်ငါးလုံးနှောင်းသည်ရှိ**

**သော်-** ပတောယာ သုတ်ဖြင့်စီရင်၍ ရတ္တိယာ ဟူ၍ဖြစ်၏။

**ဟိဝိဘတ် နံဝိဘတ် သုဝိဘတ်နှောင်းသည်ရှိသော်** - သုနံဟိသုစ ဟူသောသုတ်ဖြင့် စီရင်၍ ရတ္တီဟိ ရတ္တီနံ ရတ္တီသု ဟူ၍ဖြစ်၏။

**ဣကာရန္တဟူသမျှ ဤကဲ့သို့ချည်းမှတ်လေ။**

**ဥကာရန္တ၌ ပြယုဂ်ကား-** ယာဂု၊ ဓေနု တည်း။

ယာဂု- ယာဂုသည်။ (ဝါ)အိုယာဂု။ ဓေနု- နွားမသည်။(ဝါ) အိုနွားမ။

ဤယာဂုသဒ္ဒါနောင် အံဝိဘတ် ယောဝိဘတ်အစရှိသည် နှောင်းသည်ရှိသော်- ယာဂုံ ယာဂုယော ယာဂုယာ အစရှိသည်ဖြင့် ရတ္တိသဒ္ဒါနှင့်နည်းတူကုန်၏။

ဓေနု -သဒ္ဒါလည်း ၎င်းနည်းတူ။

**ဦကာရန္တပြယုဂ်ကား-** ဝဓူ တည်း။

**ရုပ်အစဉ်ဖြစ်ဟန်ကား-**

ဝဓု ဝဓူ ဝဓူယော ဝဓုံ ဝဓုယာ အစရှိသည်ဖြင့် ဖြစ်ကုန်၏။

ဝဓု- အိုချွေးမ။ ဝဓူ- ချွေးမသည်။ ဝဓုယော- တို့သည်။ တို့ကို။ အိုချွေးမတို့။ ဝဓုံ- ကို။ ဝဓုယာ- ဖြင့်။ ဤသို့လျှင် ရတ္တိသဒ္ဒါနှင့်တူကုန်၏။

ပုလ္လိင်သည်လည်း အာကာရန္တ ဣ၊ ဤ၊ ဥ၊ ဦ၊ ဩကာရန္တ အားဖြင့်ခြောက်ပါးအပြားရှိ၏။

ထိုတွင်**အာကာရန္တ၌ ပြယုဂ်ကား** သာ၊ ရာ -တည်း။

သာ- ခွေးသည်။ ရာ- ဥစ္စာသည်။

**ဣကာရန္တပြယုဂ်ကား-** အဂ္ဂိ၊ အဂ္ဂယော၊ မုနိ၊ မုနယော တည်း။

**ဤကာရန္တ၌ ပြယုဂ်ကား-** ဒဏ္ဍီ၊ ဒဏ္ဍိနော တည်း။

**ဥကာရန္တ၌ ပြယုဂ်ကား-** ဘိက္ခု၊ ဘိက္ခဝေါ၊ သေတု၊ သေတဝေါ၊ ဗဟု၊ ဗဟဝေါ တည်း။

ဘိက္ခု- ရဟန်းသည်။ ဘိက္ခဝေါ- တို့သည်။ သေတု- တံတားသည်။ သေတဝေါ- တို့သည်။ ဗဟု- များသည်။ ဗဟဝေါ- အများတို့သည်။

**ဦကာရန္တ၌ ပြယုဂ်ကား**- သယမ္ဘူ၊ ဂေါတြဘူ၊ သဗ္ဗညူ အစရှိသည်တည်း။

**ဩကာရန္တ၌ ပြယုဂ်ကား**- ဂေါ ဟူသည်တည်း။

ထိုသဒ္ဒါအပေါင်းတို့တွင်

**သာသဒ္ဒါ၌ ရုပ်အစဉ်ဖြစ်ဟန်ကား**-

သာ၊ သံ ၊ သေန၊ သာဟိ၊ သာဘိ၊ သဿ၊ သာနံ၊ သသ္မာ၊ သမှာ၊ သာ၊ သသ္မိံ၊ သမှိ၊ သေ၊ သာသု ဟူ၍ဖြစ်၏။

**"သည်-တို့သည်-အို၊ တို့အိုနှင့်မှ၊ ဤငါး၀၊ မှတ်ကြသာ၏အနက်တည်း။**

**ကြွင်းရစ်သေသာ၊ ရုပ်တို့မှာ၊ မှတ်ပါပုရိသနှင့် နည်းတူ တည်း။"**

**ရုပ်ပြီးဟန်ကား-**

သာ- ကား၊ သာ ပင်တည်။ သိသက်။ ချေ။ ပြီး၏။

(တနည်း) သာ- ကား၊ သာ ပင်တည်။ ယော သက်။ ခွင်း။ အယောရဿမေကဝစန ယောသွပိစ- သုတ်ဖြင့် အာကို အရဿပြု။ ယော ကို အာပြု။ ပြီး၏။

ဤနည်းကိုမှီ၍ သံ သေအစရှိသော ကြွင်းသောရုပ်တို့ကို ပုရိသသဒ္ဒါနှင့်နည်းတူစီရင်လေ။ **ဤသာသဒ္ဒါနည်းကား ရူပသိဒ္ဓိ ဆရာနည်းတည်း။**

**သဒ္ဒနီတိ၌ကား ၎င်းသာသဒ္ဒါကို ရာဇာဒိဂိုဏ်း၌သွင်း၏။**

သာ- ခွေးသည်။ သာနော- တို့သည်။ တို့ကို။ သာနံ- ကို။ သာနေ- တို့ကို ဟူ၍ပြယုဂ်ထုတ်၏။

သာ- ထိုမိန်းမသည်။ သာ- ခွေးသည်။ သော- မိမိသည်။ မိမိဉစ္စာသည်။ ထိုယောကျ်ားသည်။ သံ- မိမိဉစ္စာသည်ဟူ၍ လည်း ကောင်း။ သံ- သူတော်ကောင်းသည်။ သူတော်ကောင်းကို။ မိမိကို။ မိမိဉစ္စာကို။ ခွေးကို။ (ဝါ) ကိုယ်တိုင်။ (ဝါ) ကောင်းစွာဟူ၍လည်း ကောင်း။ သေန- မိမိဖြင့်။ မိမိဉစ္စာဖြင့်။ ခွေးဖြင့်ဟူ၍လည်းကောင်း။ သဿ- မိမိအား။ မိမိဉစ္စာအား။ သူတော်ကောင်းအား။ ခွေးအား။ သဝိဘတ်အား ဟူ၍လည်းကောင်း ဤသို့အစရှိသည်ဖြင့် သဒ္ဒါတစ်ခု တည်းလျက် အနက်အထူးထူးအပြားပြားရှိသည်များကိုလည်း မှတ်သား အပ်၏။

**♦ သူတော်ကောင်းကို ဟောရာ၌လည်း သန္တသဒ္ဒါ၏ကာရိယ။**
**♦ မိမိ၊ မိမိဥစ္စာကို ဟောရာ၌ အတ္တသဒ္ဒါ၏ကာရိယ။**
**♦ ထိုမိန်းမ၊ ထိုယောကျ်ားကို ဟောရာ၌ တသဒ္ဒါ၏ကာရိယ။**
**♦ ခွေးကိုဟောရာ၌ သာသဒ္ဒါ၏ ကာရိယဟူ၍မှတ်လေ။**
**♦ ဤသို့မှတ်သားသတိ၊ စွဲမိပါမူ၊ ကဝိတဆူ မမြောက်လော။**

**အဂ္ဂိသဒ္ဒါ၌ရုပ်အစဉ်ဖြစ်ဟန်ကား-**

အဂ္ဂိ- မီးသည်။ ဘော အဂ္ဂိ- အိုမီး။ အဂ္ဂီ- မီးတို့သည်။ တို့ကို။ အိုမီးတို့။ အဂ္ဂိံ- ကို။ အဂ္ဂယော- တို့သည်။ တို့ကို။ အိုမီးတို့။ အဂ္ဂိနာ- ဖြင့်။ အဂ္ဂီဟိ- တို့ဖြင့်။ တို့မှ။ အဂ္ဂိနော၊ အဂ္ဂိဿ- အား။ ၏။ အဂ္ဂီနံ- တို့အား။ တို့၏။ အဂ္ဂိမှာ၊ အဂ္ဂိသ္မာ- မှ။ အဂ္ဂိမှိ- အဂ္ဂိသ္မိံ- ၌။ အဂ္ဂီသု- တို့၌။ ဟူ၍ဖြစ်၏။

**ဒဏ္ဍီသဒ္ဒါ၌ ရုပ်အစဉ်ဖြစ်ဟန်ကား-**

ဒဏ္ဍိသဒ္ဒါနောင် အာလုပ် သိဝိဘတ်နှောင်းသည်ရှိသော်- စျလပါရဿံ- ဟူသော သုတ်ဖြင့် ဤ ကို ဣရဿပြု။ သိဝိဘတ်ကို ချေ၍။ ဘော ဒဏ္ဍိ ဟူ၍ဖြစ်၏။

**ယော ဝိဘတ်သုံးခု နှောင်းသည်ရှိသော်** - အယောရဿ မေကဝစန ယောသွပိစ၊ ယောနံ နော ဟူသောသုတ်တို့ဖြင့် စီရင်၍ ဒဏ္ဍိနော ဟူ၍ ဖြစ်၏။

ယပတော စ ယောနံ လောပေါ ဖြင့် ယော ဝိဘတ်ကိုချေ၍ ဒဏ္ဍီ ဟူ၍လည်းဖြစ်၏။

**အံ ဝိဘတ် နှောင်းသည် ရှိသော်-** အယောရဿ သုတ်၊ နံစျတော ကတရဿာ သုတ်တို့ဖြင့် စီရင်၍ ဒဏ္ဍိနံ ဟူ၍ဖြစ်၏။

အယောရဿ သုတ်၊ အံမော နိဂ္ဂဟိတံ သုတ်တို့ဖြင့် စီရင်၍ ဒဏ္ဍိံ ဟူ၍လည်းဖြစ်၏။

**နာ ဝိဘတ်နှောင်းသည်ရှိသော်-** ဤကိုရဿပြု၍ ဒဏ္ဍိနာ ဟူ၍ ဖြစ်၏။

**သ္မိံ ဝိဘတ်နှောင်းသည်ရှိသော်-** ဤကို ရဿပြု၍ သ္မိံနိ- သုတ်ဖြင့် စီရင်၍ ဒဏ္ဍိနိ ဟူ၍ဖြစ်၏။

အကြွင်းမှာ အဂ္ဂိသဒ္ဒါနှင့်နည်းတူ။ ဤကို ရဿပြုသည်သာ ထူးသည်။

- **ဣကိုကားအ၊ ပြုတုံက၊ မှတ်ကြ ဤကာရန္တရုပ်အထူး။**
- **နော-နှင့်-နိ-နံ၊ ဤသုံးတန်၊ ပြုပြန် ဤကာရန္တရုပ်အထူး။**
- **ယောဝိဘတ်၏၊ နောအပြုကိုယူလေ။**

**ဘိက္ခုသဒ္ဒါ၌ ရုပ်အစဉ်ဖြစ်ဟန်ကား-** သိဝိဘတ်နှစ်ခုနှောင်း သည်ရှိသော် သိဝိဘတ်ကိုချေ၍ ဘိက္ခုဟူ၍ဖြစ်၏။

ဘိက္ခု- ရဟန်းသည်။ အိုရဟန်း။

**အံဝိဘတ်နှောင်းသည်ရှိသော်-** အံမော နိဂ္ဂဟီတံ သုတ်ဖြင့် စီရင်၍ ဘိက္ခုံ ဟူ၍ဖြစ်၏။

**ယောဝိဘတ်သုံးခုနှောင်းသည်ရှိသော်-** ဥကို ဦဒီဃပြု၍

ယောဝိဘတ်ကိုချေ၍ ဘိက္ခူ ဟူ၍ ဖြစ်၏။

ယောဝိဘတ်ကို လတော ဝေါကာရောစ သုတ်ဖြင့် ဝေါပြု၍။ ဝေဝေါသုလောစ သုတ်ဖြင့် ဥကိုအပြု၍ ဘိက္ခဝေါ ဟူ၍ဖြစ်၏။

အာလုပ်ယောဝိဘတ်ကို ဝေပြု၍။ ဥကို အပြု၍ ဘိက္ခဝေ ဟူ၍ ဖြစ်၏။

ဘိက္ခူ ဘိက္ခဝေါ- ရဟန်းတို့သည်။ ရဟန်းတို့ကို။ အိုရဟန်းတို့။ ဘိက္ခဝေ- ရဟန်းတို့။

**နာဝိဘတ်နှောင်းသည်ရှိသော်-** ဘိက္ခုနာ ဟူ၍ဖြစ်၏။

**ဟိဝိဘတ်နှောင်းသည်ရှိသော်-** ဥကိုဦဒီဃပြု၍ ဘိက္ခူဟိ၊ ဟိကို ဘိပြု၍ ဘိက္ခူဘိဟူ၍ဖြစ်၏။

**သဝိဘတ်နှောင်းသည်ရှိသော်-** ဈလတောသဿနောဝါ သုတ်ဖြင့် သဝိဘတ်ကို နောပြု၍ ဘိက္ခုနော ဟူ၍ဖြစ်၏။ သလာ၍ ဘိက္ခုဿ ဟူ၍လည်းဖြစ်၏။

**နံဝိဘတ်နှောင်းသည်ရှိသော်-** ဒီဃပြု၍ ဘိက္ခူနံဟူ၍ လည်းဖြစ်၏။ စသဒ္ဒါဖြင့် ဒီဃအပြုကိုမြစ်၍ ဘိက္ခုနံ ဟူ၍လည်းဖြစ်၏။

**သ္မာဝိဘတ်စသည်နှောင်းသည်ရှိသော်-** ဘိက္ခုမှာ၊ ဘိက္ခု သ္မာ၊ ဘိက္ခုနာ၊ ဘိက္ခုမှိ၊ ဘိက္ခုသ္မိံ၊ ဘိက္ခူသု၊ ဘိက္ခုသုဟူ၍ဖြစ်၏။

**သုဝိဘတ်၊ နံဝိဘတ်၊ ဟိဝိဘတ်နှောင်းရာတို့၌** ဒီဃအပြု သည် မမြဲ။ ခပ်သိမ်းကုန်သောပုဒ်တို့၌ပင် ဝိကပ်အားဖြင့် ဖြစ်သင့်၏ဟု မှတ်လေ။

သယမ္ဘူသဒ္ဒါနောင် **ယောဝိဘတ်သုံးခုနှောင်းသည်ရှိသော်**-
လတောဝေါကာရောစ သုတ်ဖြင့် ဝေါပြု၍၊ အယောရဿ ဖြင့် ဦကို ဥရဿပြု၍ သယမ္ဘုဝေါဟူ၍ဖြစ်၏။ ယောဝိဘတ်ကိုချေ၍ သယမ္ဘူ ဟူ၍လည်းဖြစ်၏။

အကြွင်းကား ဒဏ္ဍီ၊ ဘိက္ခုတို့နှင့် နည်းတူ။

သဗ္ဗညူသဒ္ဒါနောင် **ယောဝိဘတ်နှောင်းသည်ရှိသော်** လတော ဝေါကာရောစသုတ်၌ ကာရသဒ္ဒါဖြင့် ယောဝိဘတ်ကိုနောပြု ၍၊ ဦကို ဥရဿပြု၍ သဗ္ဗညုနော ဟူ၍ဖြစ်၏။ ယောဝိဘတ်ကိုချေ၍ သဗ္ဗညူ ဟူ၍လည်းဖြစ်၏။

**အကြွင်းကား-** သဗ္ဗညုံ၊ သဗ္ဗညုနာ၊ သဗ္ဗညူဟိ၊ သဗ္ဗညုနော၊ သဗ္ဗညုနံ၊ သဗ္ဗညုမှာ၊ သဗ္ဗညုနာ၊ သဗ္ဗညုမှိ၊ သဗ္ဗညူသု၊ သဗ္ဗညုသု စသည်ဖြင့် လွယ်လှလေပြီ။

**ဂေါသဒ္ဒါ၌ ရုပ်အစဉ်ဖြစ်ဟန်ကား-**

**အံဝိဘတ်နှောင်းသည်ရှိသော်-** အဝံမှိစသုတ်ဖြင့် ဧီရင်၍ ဂါဝံ၊ ဂဝံဟူ၍ဖြစ်၏။ အဝံမှိစ၊ အာဝဿုဝါ ဟူသောသုတ်ဖြင့် ဧီရင်၍ ဂါဝုံ ဟူ၍လည်းဖြစ်၏။

**ယောဝိဘတ်နှောင်းသည်ရှိသော်-** ယောသုစသုတ်ဖြင့် ဩကို အဝ ပြု၍။ တတော ယောနမောတု ဟူသောသုတ်၌ တုသဒ္ဒါဖြင့် ယောဝိဘတ်ကို ဩပြု၍ ဂါဝေါ ဟူ၍ လည်းကောင်း၊

အဝံမှိစ သုတ်၌ စသဒ္ဒါဖြင့် ဩ ကို အဝပြု၍၊ တတော ယောန မောတု သုတ်၌ တု သဒ္ဒါ ဖြင့် ယောဝိဘတ်ကို ဩပြု ဂဝေါလည်း ဖြစ်၏။

**နာဝိဘတ်၊ သဝိဘတ်နှောင်းသည်ရှိသော်-** ယောသုစ သုတ်၊ အဝံမှိစ သုတ်၌ စသဒ္ဒါဖြင့် ဂါဝသေ ဟူသောသုတ်ဖြင့် အစဉ်အတိုင်း အာဝ၊ အဝပြု၍ ဂါဝေန ဂဝေန ဂါဝဿ ဂဝဿ ဟူ၍ဖြစ်၏။

**ဟိဝိဘတ်နှောင်းသည်ရှိသော်-** သုနံဟိသုစ သုတ်၌ စသဒ္ဒါဖြင့် ဝိကပ်အားဖြင့် ဂေါသဒ္ဒါကို ဂဝယပြု၍ ဂဝေယေဟိ ဂဝယေဘိ ဂေါဟိ ဂေါဘိ ဟူ၍ဖြစ်၏။

**သ္မာဝိဘတ်နှောင်းသည်ရှိသော်-** ယခင်စသဒ္ဒါဖြင့် အာဝ၊ ဂါဝသေ ဟူသော သုတ်ဖြင့် အဝပြု၍ ဂါဝါ၊ ဂဝါ၊ ဂါဝမှာ၊ ဂဝမှာ၊ ဂါဝသ္မာ၊ ဂဝသ္မာ ဟူ၍ဖြစ်၏။

**နံဝိဘတ်နှောင်းသည်ရှိသော်-** သုနံဟိသုစ သုတ်၌ စသဒ္ဒါဖြင့် ဂေါသဒ္ဒါကို ဂုပြု၊ နောစ ဒွါဒိတောနံမှိ သုတ်၌ စသဒ္ဒါဖြင့် နအက္ခရာလာ၍ ဂုန္နံ ဟူ၍လည်းကောင်း။ တတောနမံ ပတိမှာ လုတ္တေစ သမာသေ သုတ်၌ စသဒ္ဒါဖြင့် ဩကိုအဝပြု၍။ နံဝိဘတ်ကို အံပြု၍ ဂဝံဟူ၍လည်းကောင်း။ ဝါသဒ္ဒါဖြင့် မြစ်၍ ဂေါဏံ ဟူ၍ဖြစ်၏။

**သ္မိံဝိဘတ်နှောင်းသည်ရှိသော်-** ယခင်ကဲ့သို့ အာဝ၊ အဝပြု ၍ ဂါဝေ၊ ဂဝေ၊ ဂါဝမှိ၊ ဂဝမှိ၊ ဂါဝသ္မိံ၊ ဂဝသ္မိံ ဟူ၍ဖြစ်၏။

**သုဝိဘတ်နှောင်းသည်ရှိသော်-** ဂါဝေသု၊ ဂဝေသု၊ ဂေါသု

ဟူ၍ ဖြစ်၏။

သုဟိနာသုစ သုတ်၌ စသဒ္ဒါဖြင့် ဂေါဏပြု၍ ဂေါဏော၊ ဂေါဏာ၊ ဂေါဏံ၊ ဂေါဏေ၊ ဂေါဏေန စသည်ဖြင့် ပုရိသသဒ္ဒါနှင့် နည်းတူ ဖြစ်ကုန်၏။

နပုံးလိင်သည်လည်း ဣကာရန္တ၊ ဤကာရန္တ၊ ဥကာရန္တ၊ ဦကာရန္တ၊ ဩကာရန္တ အားဖြင့် ငါးပါးအပြားရှိ၏။

ထိုငါးပါတို့တွင်

**ဣကာရန္တ၌ ပြယုဂ်ကား-** အဋ္ဌိ၊ အစ္ဆိ၊ ဝါရိ စသည်တည်း။

အဋ္ဌိ- အရိုးသည်။ အစ္ဆိ- မျက်စိသည်။ ဝါရိ- ရေသည်။

**ဤကာရန္တ၌ပြယုဂ်ကား-** သုခကာရိ၊ သီဃယာယိ စသည်တည်း။

**ဥကာရန္တ၌ပြယုဂ်ကား-** အာယု၊ စက္ခု စသည်တည်း။

**ဦကာရန္တ၌ပြယုဂ်ကား-** ဂေါတြဘူ စသည်တည်း။

**ဩကာရန္တ၌ပြယုဂ်ကား-** စိတ္တဂေါ စသည်တည်း။

**ဣကာရန္တ၌ ရုပ်အစဉ်ဖြစ်ဟန်ကား-**

အဋ္ဌိ၊ အဋ္ဌီ၊ အဋ္ဌီနိ၊ အဋ္ဌိနာ၊ အဋ္ဌီဟိ၊ အဋ္ဌိနော စသည်ဖြင့် အဂ္ဂိသဒ္ဒါနှင့်နည်းတူဖြစ်ကုန်၏။

**ဤကာရန္တ၌ရုပ်အစဉ်ဖြစ်ဟန်ကား-**

သုခကာရိ၊ သုခကာရီ၊ သုခကာရိနော၊ သုခကာရီ၊ သုခကာရိနာ - စသည်ဖြင့် ဒဏ္ဍီသဒ္ဒါနှင့်နည်းတူကုန်၏။

သုခကာရိ- ချမ်းသာကိုပြုလေ့ရှိသောသူသည်။ အိုချမ်းသာကိုပြုလေ့ရှိသောသူ၊ သုခကာရီ- တို့သည်။ တို့ကို။ အိုချမ်းသာကိုပြုလေ့ရှိသောသူတို့။သုခကာရီနော ၎င်းနည်းတူ။

**ဦကာရန္တ၌ရုပ်အစဉ်ဖြစ်ပုံကား-**

အာယု၊ အာယူ၊ အာယူနိ၊ အာယုနာ- စသည်ဖြင့် ဘိက္ခုသဒ္ဒါနှင့် နည်းတူဖြစ်ကုန်၏။

**ဥကာရန္တ၌ရုပ်အစဉ်ဖြစ်ပုံကား-** ဂေါတြဘု၊ ဂေါတြဘူ၊ ဂေါတြဘုနာ-စသည်ဖြင့် သယမ္ဘူသဒ္ဒါနှင့် နည်းတူဖြစ်၏။

ဂေါတြဘု- ဂေါတြဘူသည်။ ဘော ဂေါတြဘူ- အိုဂေါတြဘူ၊ ဂေါတြဘူနိ-တို့သည်။ တို့ကို။ အိုဂေါတြဘူတို့။

အယောရဃဖြင့် ဦကိုရဃပြု။ အိုသည်ပေးရာ၌- ရဃနှင့်ရွှတ်။ တို့ပေးရာ၌ ယော ကိုချေ။

**ဩကာရန္တ၌ ရုပ်အစဉ် ဖြစ်ပုံကား-** စိတ္တဂု စိတ္တဂူနိ စိတ္တဂုံ စိတ္တဂုနာ စသည်ဖြင့် ဘိက္ခုသဒ္ဒါ အာယုသဒ္ဒါတို့နှင့် နည်းတူဖြစ်ကုန်၏။

စိတ္တဂု- ဆန်းကြယ်ပြောက်ကျားသောနွားရှိသောသူသည်ပေး။ ရူပသိဒ္ဓိနည်း။

စိတ္တဂု-ကား၊ စိတ္တဂေါ- သဒ္ဒါတည်။ ဩသရမှ ဂကိုခွင်း၊ သရောရသောနပုံသကေ ဖြင့် နပုံးလိင်၌ ဩကိုဥရဃပြု၍ သိကိုချေ။ စိတ္တဂူနိ၌ ယောကို နိပြု၊ ဥကို ဦဒီဃပြု။

သတ္တဝါတို့၏အမည်နာမ ဒြပ်ကိုဟောသော အာကာရန္တ သဒ္ဒါနောင် ဣတ္ထိလိင်ပစ္စည်းသက်လိုသည်ရှိသော် များသောအားဖြင့် ဤပစ္စည်းသာသက်အပ်၏။ အာပစ္စည်းမသက်အပ်။
**ပြယုဂ်ကား-** သုနခီ၊ သူကရီ-တည်း။

သုနခီ- ခွေးမသည်။ သူကရီ- ဝက်မသည်။

## အပွကအားဖြင့် ဣနီပစ္စည်းလည်း သက်အပ်၏။

**ပြယုဂ်ကား-** ရာဇိနီ၊ နာဂိနီ၊ တပဿိနီ၊ ယက္ခိနီတည်း။

ရာဇိနီ- မင်းမိန်းမသည်။ နာဂိနီ- နဂါးမသည်။ တပဿိနီ- ရသေ့မသည်။ ယက္ခိနီ- ဘီလူးမသည်။

ဂိုဏ်းကိုပဓာနအားဖြင့် ဟောသောအန္တပစ္စည်း၊ အန္တုပစ္စည်းအဆုံးရှိသောပုဒ်မှ တပါးသောပုဒ်နောင် ဣတ္ထိလိင်ပစ္စည်းသက်လိုသည်ရှိသော် အာပစ္စည်းသက်အပ်၏။ ဤပစ္စည်း၊ ဣနီပစ္စည်းမသက်အပ်။

**ပြယုဂ်ကား-** နီလာ မာလာ၊ ဝိသုဒ္ဓါ ရတ္တိ၊ သောဘာ နဒီ၊ သီတာ ယာဂု၊ သုန္ဒရာ ဝဓူ တည်း။

နီလာ- ညိုသော၊ မာလာ- ပန်းသည်၊ ဝိသုဒ္ဓါ- စင်ကြယ်သော၊ ရတ္တိ- ညဉ့်သည်၊ သောဘာ- တင့်တယ်သော၊ နဒီ- မြစ်သည်၊ သီတာ- အေးသော၊ ယာဂု- ယာဂုသည်၊ သုန္ဒရာ- ကောင်းသော၊ ဝဓူ- ချွေးမသည်။

အန္တပစ္စည်း အန္တုပစ္စည်းအဆုံးရှိသောပုဒ်တို့၌ကား ဤပစ္စည်း

သာ သက်အပ်၏။

**ပြယုဂ်ကား-** မဟန္တိ ဂုဏဝန္တိ တည်း။

မဟန္တိ- ကြီးသောမိန်းမသည်။ ဂုဏဝန္တိ- ဂုဏ်ရှိသော မိန်းမ သည်။

သတ္တဝါတို့အမည်နာမဒြပ် ကိုဟောသော ဣကာရန္တ၊ ဤကာ ရန္တ၊ ဥကာရန္တ၊ ဦကာရန္တပုဒ်နောင် ဣတ္ထိလိင်ပစ္စည်းသက်လိုသည် ရှိသော် ဣနီပစ္စည်းသက်အပ်၏။

**ပြယုဂ်ကား-** ဣသိနီ ဟတ္ထိနီ ဒဏ္ဍိနီ ဘိက္ခုနီ ဓမ္မညုနီတည်း။

ဣသိနီ- ရသေ့မသည်။ ဟတ္ထိနီ- ဆင်မသည်။ ဒဏ္ဍိနီ- တောင်ဝှေးရှိသောမိန်းမသည်။ ဘိက္ခုနီ- ရဟန်းမိန်းမသည်။ ဓမ္မညုနီ- တရားကိုသိသောမိန်းမသည်။

- ♦ **ကာရန်ငါးဖြာ၊ လိင်သုံးဖြာ၊ မှတ်ပါဤသည့်ဂိုဏ်း။**
- ♦ **ရတ္တာဒိဂဏာ၊ မိန့်ခွန်းဖြာ၊ နောင်လာရှုကသိုဏ်း။**

ယောဂါဝစရပုဂ္ဂိုလ်သည် ကသိုဏ်းဝန်းကို အဖန်ဖန်ရှုသကဲ့သို့ ဤသည့်ဂိုဏ်းကို အဖန်ဖန်ရှုလေဟူလို။

ရတ္တာဒိဂိုဏ်းပြီး၏။

## ကညာဒိဂိုဏ်း

အာပစ္စည်းသက်၍ သိဝိဘတ်ကိုချေ၍ ပြီးကောင်းသောသဒ္ဒါ အပေါင်းသည် ကညာသဒ္ဒါလျှင် အတူရှိသောကြောင့် ကညာဒိဂိုဏ်း မည်၏။

**ပြယုဂ်ကား-** ကညာ၊ မာလာ၊ ဒေဝတာ အစရှိသည်တည်း။

ကညာ- သတိုးသ္မီးသည်။ မာလာ- ပန်းသည်။ ဒေဝတာ- နတ်သား နတ်သ္မီးသည်။

ဤကညာဒိဂိုဏ်း၌ **အာလုပ်သိဝိဘတ်နှောင်းသည်ရှိ သော်-** အာလပနေသိဂသညော၊ အာယော၊ ဃတေစ ဟူသော သုတ်တို့ဖြင့် စီရင်၍ ကညေ၊ မာလေ၊ ဒေဝတေ ဟူ၍ဖြစ်၏။

ကညေ- အိုသတိုးသ္မီး။ မာလေ- အိုပန်း။ ဒေဝတေ- အိုနတ် သား နတ်သ္မီးတို့။ ၎င်းဂအမည်ရှိသော သိဝိဘတ်၏ ဧအပြုသည် မောဂ္ဂလ္လာန်ဆရာ၏ အလိုအားဖြင့် ဝိကပ်အားဖြင့်သာဖြစ်၏။

**ယောဝိဘတ်သုံးလုံးနှောင်းသည်ရှိသော်-** ဃပတောစ ယောနံ လောပေါ ဟူသော သုတ်ဖြင့် ယောဝိဘတ်ကိုချေ၍ ကညာ၊ မာလာ၊ ဒေဝတာ ဟူ၍ဖြစ်၏။

ကညာ- သတိုးသ္မီးတို့သည်။ တို့ကို။ အိုသတိုးသ္မီးတို့။ မာလာ- ပန်းတို့သည်။ တို့ကို။ အိုပန်းတို့။ ဒေဝတာ- နတ်သား နတ်သ္မီးတို့သည်။ တို့ကို။ အိုနတ်သားသ္မီးတို့။ ၎င်းသုတ်၌ အကျုံးဝင်သော လိုက်သော ဝါသဒ္ဒါဖြင့် မြစ်၍ ကညာယော၊ မာလာယော၊ ဒေဝတာယော ဟူ၍ ဖြစ်၏။

ကညာယော- တို့သည်။ တို့ကို။ အိုသတိုးသို့မီးတို့ စသည်ဖြင့်ပေး လေ။

**အံဝိဘတ်နှောင်းသည်ရှိသော်-** သရလောပေါ်။ပ။ပကတိ ဟူသောသုတ်ဖြင့် စီရင်၍ ကညံ၊ မာလံ၊ ဒေဝတံ ဟူ၍ဖြစ်၏။

ကညံ- ကို။ မာလံ- ကို။ ဒေဝတံ- နတ်သားနတ်သမီးကို။

**နာအစရှိသော ဧကဝုစ်ဝိဘတ်ငါးလုံး နှောင်းသည်ရှိ သော်-** ဃတောနာဒီနံ ဟူသောသုတ်ဖြင့် စီရင်၍ ကညာယ၊ မာလာ ယ၊ ဒေဝတာယ ဟူ၍ဖြစ်၏။

ကညာယ- သတိုးသမီးဖြင့်- စသည်ဖြင့် ဆယ်နက်စီပေးလေ။

**သ္မိံဝိဘတ်နှောင်းသည်ရှိသော်-** ဃပတောသ္မိံယံဝါ ဟူသော သုတ်ဖြင့် စီရင်၍ ကညာယံ စသည်ဖြင့်လည်းဖြစ်၏။ ကညာယံ -၌ ။

**ဟိဝိဘတ် နံဝိဘတ် သုဝိဘတ် နှောင်းသည်ရှိသော်** - ကညာဟိ၊ ကညာနံ၊ ကညာသု ဟူ၍ဖြစ်၏။ အနက်ပေးလေ။

ကညာဒိဂိုဏ်းပြီး၏။

## နဒါဒိဂိုဏ်း

နဒါဒိတောဝါ ဤ၊ ဏဝဏိက ဏေယဏန္တူဟိ ဟူသော သုတ်တို့ဖြင့် ဤပစ္စည်းသက်၍ ပြီးကောင်းသော နဒီ၊ မဟီ၊ ဣတ္ထီ အစရှိသော သဝိညာဏက၊ အဝိညာဏက အနက်ကို ဟောသောသဒ္ဒါ အပေါင်းသည် နဒီသဒ္ဒါလျှင် အတူရှိသောကြောင့် နဒါဒိဂိုဏ်းမည်၏။

ဤနဒါဒိဂိုဏ်း၌ **နဒီသဒ္ဒါနောင် အာလုပ်သိဝိဘတ်နှောင်း သည်ရှိသော်-** ဈလပါရဿံ၊ သေသတောလောပံ ဂသိပိ ဟူသော သုတ်ဖြင့် စီရင်၍ နဒိဟူ၍ ဖြစ်၏။ နဒိ- အိုမြစ်။

**ယောဝိဘတ်နှောင်းသည်ရှိသော်-** ဤကို ဣရဿပြု၍ နဒိယော ဟူ၍ ဖြစ်၏။ ယောဝိဘတ်ကိုချေ၍ နဒီဟူ၍လည်းဖြစ်၏။

မာတုလာဒီနမာနတ္တမီကာရေ ဟူသောသုတ်၌ အာနတ္တသဒ္ဒါ ဖြင့် ယောဝိဘတ်နှင့်တကွ နဒီသဒ္ဒါကို ဇ္ဇောပြု၍ နဇ္ဇော ဟူ၍လည်း ဖြစ်၏။ နဒိယော၊ နဒီ၊ နဇ္ဇော- မြစ်တို့သည်။ တို့ကို။ အိုမြစ်တို့။

**အံဝိဘတ်နှောင်းသည်ရှိသော်-** အယောရဿ သုတ်ဖြင့် ရဿပြု၍ အံမောနိဂ္ဂဟိတံ သုတ်ဖြင့် စီရင်၍ နဒိံ ဟူ၍ဖြစ်၏။

အယောရဿ သုတ်ဖြင့် ရဿပြု၍ အံယမီတောပသညတော သုတ်ဖြင့် စီရင်၍ နဒိယံ ဟူ၍ဖြစ်၏။ နဒိံ၊ နဒိယံ- မြစ်ကို။

**နာအစရှိသော ဧကဝုစ်ဝိဘတ်နှောင်းသည်ရှိသော်** - ဤ ကိုရဿပြု၍ ပတောယာ ဟူသောသုတ်ဖြင့် စီရင်၍ နဒိယာ ဟူ၍ ဖြစ်၏။ ဆယ်နက်ပေးလေ။

မာတုလာဒီနမနတ္တမီကာရေ ဟူသောသုတ်၌ အာနတ္တသဒ္ဒါဖြင့် နာဝိဘတ်၊ သဝိဘတ်နှင့်တကွ ဒီသဒ္ဒါကို ဇ္ဇာပြု၍ နဇ္ဇာဟူ၍လည်း

ဖြစ်၏။ နဇ္ဇာ- မြစ်ဖြင့်။ နှင့်။ အား။ ၏။

**ဟိဝိဘတ်၊ နံဝိဘတ်၊ သုဝိဘတ်နှောင်းသည်ရှိသော်-** နဒီဟိ၊ နဒီနံ၊ နဒီသု ဟူ၍ဖြစ်၏။

**သို့ံဝိဘတ်နှောင်းသည်ရှိသော်-** တေ ဣတ္ထိချာပေါ်၊ အယော ရသ မေကဝစနယောသွပိစ၊ ဃပတောသို့ံယံဝါ ဟူသောသုတ်တို့ဖြင့် စီရင်၍ နဒိယံ ဟူ၍ဖြစ်၏။

မဟီ၊ ဣတ္ထီသဒ္ဒါတို့၌ကား ဇွော၊ ဇ္ဇအပြုကိုကြဉ်၍ နဒီသဒ္ဒါနှင့် နည်းတူကုန်၏။

အယောရသ မေကဝစနယောသွပိစ ဟူသောသုတ်၌ စသဒ္ဒါ ဖြင့် နာအစရှိသော ဧကဝုစ်ဝိဘတ်ခြောက်လုံး၊ ယောဝိဘတ်သုံးလုံး နှောင်းရာတို့၌ ရဿအပြုကို မြဲစေသည်မှတ်။ ၎င်းသုတ်၌ အပိသဒ္ဒါ ဖြင့် ဣတ္ထီ၊ ဘိက္ခုနီအစရှိသည်တို့၌ သိဝိဘတ်နှောင်းရာ၌ ရဿအပြု ကိုမြစ်သည်။

နပုံးလိင်၌ကား သိဝိဘတ်နှောင်းရာ၌ ရဿအမြဲပြုရသည်။ ၎င်း အနက်ကို ထင်ရှားစေလို၍ နသိသ္မိမနပုံသကာနိ ကို မိန့်ပြန်သည်မှတ် လေ။

နဒါဒိဂိုဏ်းပြီး၏။

## ဂဟပတာဒိဂိုဏ်း

ပတိဘိက္ခုရာဇိကာရန္တေဟိ ဣနီ ဟူသောသုတ်ဖြင့် ဣနီပစ္စည်း သက်၍ သိဝိဘတ်ကိုချေ၍ ပြီးကောင်းသောသဒ္ဒါအပေါင်းသည် ဂဟပတိသဒ္ဒါလျှင် အတူရှိသောကြောင့် ဂဟပတာဒိဂိုဏ်းမည်၏။

ဤဂဟပတာဒိဂိုဏ်းသည် အကာရန္တ၊ ဣကာရန္တ၊ ဤကာရန္တ၊ ဥကာရန္တ၊ ဦကာရန္တ အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် အကာရန္တ၌ ပြယုဂ်ကား ယက္ခိနီ၊ ပေါက္ခရဏီ တည်း။

ယက္ခိနီ- ဘီးလူးမသည်။ ပေါက္ခရဏီ- ရေကန်သည်။

**ဣကာရန္တ၌ ပြယုဂ်ကား-** ဂဟပတာနီ တည်း။ ဂဟပတာနီ- သူကြွယ်မသည်။

**ဤကာရန္တ၌ ပြယုဂ်ကား-** ဒဏ္ဍိနီ၊ မေဓာဝိနီ တည်း။ ဒဏ္ဍိနီ- တောင်ဝှေးရှိသောမိန်းမသည်။ မေဓာဝိနီ- ပညာရှိသောမိန်းမသည်။

**ဥကာရန္တ၌ ပြယုဂ်ကား-** ဘိက္ခုနီ၊ ဥတုနီ တည်း။ ဘိက္ခုနီ- သည်။ ဥတုနီ- ဥတုလာသောမိန်းမသည်။

**ဦကာရန္တ၌ ပြယုဂ်ကား-** ပရစိတ္တဝိဒုနီ၊ ဓမ္မညုနီ တည်း။ ပရစိတ္တဝိဒုနီ- သူတစ်ပါးတို့၏ စိတ်ကိုသိတတ်သော မိန်းမသည်။ ဓမ္မညုနီ- တရားကိုသိတတ်သော မိန်းမသည်။

**ယက္ခသဒ္ဒါ၌ ရုပ်အစဉ်ဖြစ်ဟန်ကား-**

ယက္ခိနီ- အိုဘီလူးမ။ ယက္ခိနီ- ဘီလူးမသည်။ တို့သည်။ တို့ကို။ အိုဘီလူးမတို့။ ယက္ခိနိယော ဂုင်းနည်းတူ။

ယက္ခိနိယာ- ဖြင့် ။ ဆယ်နက်ပေး။ ဤသို့စသည်ဖြင့် ဣတ္ထီသဒ္ဒါ နှင့် နည်းတူကုန်၏။

**ပေါက္ခရဏီ သဒ္ဒါ၌ ရုပ်အစဉ်ဖြစ်ဟန်ကား-**

ပေါက္ခရဏိ၊ ပေါက္ခရဏီ၊ ပေါက္ခရဏိယော၊ ပေါက္ခရညော၊ ပေါက္ခရဏိံ၊ ပေါက္ခရဏိယံ၊ ပေါက္ခရဏိယော၊ ပေါက္ခရဏိယာ၊ ပေါက္ခရဏီဟိ၊ ပေါက္ခရဏီနံ၊ ပေါက္ခရညာ၊ ပေါက္ခရညံ၊ ပေါက္ခရဏိယံ၊ ပေါက္ခရဏီသု ဟူ၍ဖြစ်၏။ ဣတ္ထီသဒ္ဒါနှင့်နည်းတူကုန်၏။

ပေါက္ခရဏိ- အိုရေကန်။ ပေါက္ခရဏီ- သည်။ ပေါက္ခရဏိယော၊ ပေါက္ခရညော၊ တို့သည်။ တို့ကို။ အိုရေကန်တို့။လ။ ပေါက္ခရညာ- မှ။ ပေါက္ခရညံ- ရေကန်၌ ပေးလေ။ အကြွင်းကား လွယ်၏။ ဣတ္ထီသဒ္ဒါနှင့်နည်းတူပေးလေ။

ပေါက္ခရဏိ- ကား၊ ပေါက္ခရ တည်။ ဣနီ ပစ္စည်းသက်။ တေသု ဝုဒ္ဓိ ဟူသောသုတ်ဖြင့် ဣကို အပြု။ ဒန္တဇ နကို မုဒ္ဓဇ ဏပြု။ နာမ်ငဲ့။ သိသက်။ ချေ။ ပြီး၏။

**ပေါက္ခရညော**- ကား၊ ပေါက္ခရတည်။ ဣနီ ပစ္စည်းသက်။ တေသု ဝုဒ္ဓိ ဟူသောသုတ်ဖြင့် အစ၌တည်သော ဣကို အပြု။ အဆုံး၌ တည်သော ဣကိုယပြု။ န ယသို့ကပ်။ ယဝတံ။လ။ရတ္တံ- ဟူသော သုတ်ဖြင့် ယအက္ခရာရှိသော နဗျည်းကို စဝဂ်ဉ ပြု။ ဉ ကို ဒွေဘော်ပြု။ နာမ်ငဲ့။ ယောသက်။ တတော ယောနမောတု သုတ်၌ တုသဒ္ဒါဖြင့် ယောဝိဘတ်ကို ဩပြု။ ပြီး၏။ ရူပသိဒ္ဓိဆရာနည်း။

**ဣကာရန္တ၌ ရုပ်အစဉ်ဖြစ်ဟန်ကား-**

ဂဟပတာနိ၊ ဂဟပတာနီ၊ ဂဟပတာနိယော၊ ဂဟပတာနိယာ

အစရှိသည်ဖြင့် ဣတ္ထိသဒ္ဒါနှင့်နည်းတူကုန်၏။

**ဤကာရန္တ၌ ရုပ်အစဉ်ဖြစ်ဟန်ကား-**

ဒဏ္ဍိနိ၊ ဒဏ္ဍိနီ၊ ဒဏ္ဍိနိယော၊ ဒဏ္ဍိနိယာ အစရှိသည်ဖြင့် ဣတ္ထိသဒ္ဒါနှင့်တူကုန်၏။

**ဥကာရန္တ၌ ရုပ်အစဉ်ဖြစ်ဟန်ကား-** ဘိက္ခုနိ၊ ဘိက္ခုနီ၊ ဘိက္ခုနိယော၊ ဘိက္ခုနိယာ အစရှိသည်ဖြင့် ဣတ္ထိသဒ္ဒါနှင့်နည်းတူကုန်၏။

**ဦကာရန္တ၌ ရုပ်အစဉ်ဖြစ်ဟန်ကား-**

ပရစိတ္တဝိဒုနိ၊ ပရစိတ္တဝိဒုနီ၊ ပရစိတ္တဝိဒုနိယော၊ ပရစိတ္တဝိဒုနိယာ အစရှိသည်ဖြင့် ဣတ္ထိသဒ္ဒါနှင့် နည်းတူကုန်၏။ ယက္ခသဒ္ဒါနှင့်နည်းတူ အနက်ပေးလေ။

ဂဟပတာနိ- ကာ၊ ဂဟပတိတည်။ ဤပစ္စည်းသက်။ ခွင်း။ ပတိဿိနိမှိ ဟူသောသုတ်ဖြင့် ဣကိုအပြု။ ဝါပရောအသရူပါ ဟူသော သုတ်ဖြင့် ချေ။ ပုဗ္ဗော စ ဟူသောသုတ်ဖြင့် ဒီဃပြု။ နာမ်ငဲ့ သိသက်။ ချေ။ ပြီး၏။ ဂဟပတာနိယော စသည်တို့ကား ဣတ္ထိသဒ္ဒါနှင့်နည်းတူကုန်၏။

ဂဟပတာဒိဂိုဏ်းပြီး၏။

**"သိန်းပေါင်းနှစ်လီ၊ သောင်းလေလီ၊ မဟီဤမြေထဲ။**
**နှစ်ဆီရသာ၊ ဆောင်ယူကာ၊ ဒေဝါနတ်တို့ကျွေးသောနဲ။**

**သန့်ရှင်းသိသာ၊ ဤနယာ၊ နောင်လာသောတုကြိုး၍ခဲ။**
**တဆဲ့တဖြာ၊ ဂိုဏ်းစဉ်မှာ၊ ဤခါရွှေထီးတင်ပွဲတည်း။**
**ဂိုဏ်းစဉ်ရုပ်ပြားကား၊ ဤတွင်အပြီးသတ်လတ်ပြီဟူလို။**

## သဗ္ဗနာမ်ဂိုဏ်း

ထိုဆိုအပ်ခဲ့ပြီးသော တဆဲ့သုံးပါးသော ဂိုဏ်းတို့နှင့် ဆက်ဆံကုန်သော သဒ္ဒါအပေါင်းတို့သည် သဗ္ဗေသံ ဣတ္ထိ ပုမ နပုသကာနံ နာမာနိ သဗ္ဗနာမာနိ ဟူသော ဝစနတ္ထနှင့်အညီ။ ခပ်သိမ်းကုန်သော ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုံးလိင် တို့၏ အမည်ဖြစ်သောကြောင့် သဗ္ဗနာမ်ပုဒ်မည်၏။ ထိုသဗ္ဗနာမ်မည်သည်လည်း သဗ္ဗသဒ္ဒါ၊ ယသဒ္ဒါ၊ တ၊ ဧတ၊ ဣမ၊ အမု၊ ကိံ၊ ကတရ၊ ကတမ၊ ပုဗ္ဗ၊ အပရ၊ ဥတ္တရ သဒ္ဒါ၊ ဧက၊ ဥဘ၊ ဒွိ၊ တိ၊ စတု အစရှိသော သင်္ချာသဒ္ဒါ၊ တုမှ၊ အမှအစရှိသော အားဖြင့် များသောအပြားရှိကုန်၏။

ထိုသဒ္ဒါအပေါင်းတို့တွင် ပုလ္လိင်ကို ဟောသောသဗ္ဗသဒ္ဒါနောင်ဝိဘတ်ခုနစ်သွယ်နှောင်းသည်ရှိသော် ပုရိသနှင့် နည်းတူဖြစ်၏။

ပထမာဝိဘတ်ကို ဧပြုခြင်းသည်လည်းကောင်း၊ နာဝိဘတ်ကို သောပြုရခြင်းသည်လည်းကောင်း၊ နံဝိဘတ်ကို သံ၊ သာနံပြုရခြင်း

သည်လည်းကောင်း။ ဤမျှသာထူးသည်။

**ရုပ်အစဉ်ဖြစ်ဟန်ကား-**

သဗ္ဗော၊ သဗ္ဗေ၊ သဗ္ဗံ၊ သဗ္ဗေန၊ သဗ္ဗသော၊ သဗ္ဗေဟိ၊ သဗ္ဗေဘိ၊ သဗ္ဗဿ၊ သဗ္ဗေသံ၊ သဗ္ဗေသာနံ၊ သဗ္ဗသ္မာ၊ သဗ္ဗမှာ၊ သဗ္ဗာ၊ သဗ္ဗသ္မိံ၊ သဗ္ဗမှိ၊ သဗ္ဗေ၊ သဗ္ဗေသု ဖြစ်၏။

ဣတ္ထိလိင်ကိုဟောသောသဗ္ဗသဒ္ဒါနောင် ဝိဘတ်ခုနစ်သွယ်နှောင်းသည်ရှိသော် ကညာသဒ္ဒါနှင့်နည်းတူ၏။ သဝိဘတ်ကို ဿာပြုခြင်းသည်လည်းကောင်း၊ နံဝိဘတ်ကို သာနံပြုရခြင်းသည်လည်းကောင်း၊ သ္မိံဝိဘတ်ကို သံပြုရခြင်းသည်လည်းကောင်း ဤမျှသာထူးသည်။

**ရုပ်အစဉ်ဖြစ်ဟန်ကား-**

ဘောတိ သဗ္ဗေ - အိုခပ်သိမ်းကုန်သော မိန်းမတို့။ သဗ္ဗာ- သည်။ သဗ္ဗာယော- တို့သည်။ တို့ကို။ အိုခပ်သိမ်းသောမိန်းမတို့။ ဘောတိယော သဗ္ဗာယော- အိုခပ်သိမ်းကုန်သော မိန်းမတို့။ သဗ္ဗာယ- ဖြင့်။ ၌။ ကို ချန်၍ ကိုးနက်ပေး။

သဗ္ဗာဟိ- တို့ဖြင့်။ တို့မှ။ သဗ္ဗဿာ- အား။ ၏။ သဗ္ဗာသံ၊ သဗ္ဗာသာနံ -တို့အား။ တို့၏။ သဗ္ဗာယံ၊ သဗ္ဗဿံ- ၌။ သဗ္ဗာသု- ခပ်သိမ်းကုန်သော မိန်းမတို့၌ ဟူ၍ဖြစ်၏။

နပုံးလိင်၌ ဖြစ်သောအခါ စိတ္တသဒ္ဒါနှင့်နည်းတူ၏။

**ရုပ်အစဉ်ဖြစ်ဟန်ကား-**

သဗ္ဗံ သဗ္ဗာနိ သဗ္ဗေန သဗ္ဗသော သဗ္ဗေဟိ အစရှိသည်ဖြင့် ဖြစ်၏။

သဗ္ဗံ- ခပ်သိမ်းသောစိတ်သည်။ ကို။ သဗ္ဗာနိ- ခပ်သိမ်းကုန်သော စိတ်တို့သည်။ တို့ကို။ အိုစိတ်တို့။ သဗ္ဗေန သဗ္ဗသော- ဖြင့်။ သဗ္ဗေဟိ- တို့ဖြင့်။ တို့မှ။

သဗ္ဗသော- ၌ သောဝါ သုတ်ဖြင့် နာဝိဘတ်ကို သောပြု၍ သဗ္ဗသော ဟူ၍ဖြစ်၏။

သဗ္ဗေသံ သဗ္ဗေသာနံ- ၌ သဗ္ဗတောနံ သံသာနံ ဟူသောသုတ်ဖြင့် နံဝိဘတ်ကို သံ၊ သာနံပြု၍ သဗ္ဗနာမာနံ နံမှိစ ဟူသောသုတ်ဖြင့် အကို ဧပြု၍ သဗ္ဗေသံ သဗ္ဗေသာနံ ဟူ၍ဖြစ်၏။

သဗ္ဗဿာ သဗ္ဗဿံ- ၌ ဃပတော သ္မိံသာနံ သံသာ ဟူသော သုတ်ဖြင့် သ္မိံဝိဘတ်၊ သဝိဘတ်ကို သံ၊ သာပြု၍ သံသာသွေကဝစနေသုစ ဟူသောသုတ်ဖြင့် သအက္ခရာလာ၍ အဃောရဿ ဟူသောသုတ်ဖြင့် အာကို အရဿပြု၍ သဗ္ဗဿာ၊ သဗ္ဗဿံ ဟူ၍ဖြစ်၏။

## ယသဒ္ဒါ၌ရုပ်အစဉ်ဖြစ်ဟန်ကား-

ယော ပုရိသော၊ ယာ ကညာ၊ ယံ စိတ္တံ -အစရှိသည်ဖြင့် သဗ္ဗသဒ္ဒါ နှင့်နည်းတူကုန်၏။ နာဝိဘတ်ကို သော မပြုရသည်သာထူးသည်။

ပုလ္လိင်ကို ဟောသော တသဒ္ဒါနောင် ဝိဘတ်ခုနစ်သွယ် နှောင်းသည်ရှိသော် **တသဒ္ဒါကို နမပြုရာ၌** သော၊ တေ၊ တံ၊ တေ၊ တေန၊

တေဟိ အစရှိသည်ဖြင့် သဗ္ဗသဒ္ဒါနှင့်နည်းတူ၏။

**တသဒ္ဒါကို နပြုရာ၌** နေ၊ နံ၊ နေန၊ နေဟိ အစရှိသည်ဖြင့် ပုရိသသဒ္ဒါနှင့်တူ၏။ ယောဝိဘတ်နှောင်းသည်မှစ၍ ပြုရသည် မှတ်လေ။

သဝိဘတ်၊ သ္မာဝိဘတ်၊ သ္မိံဝိဘတ်နှောင်းရာ၌ သသ္မာသ္မိံ သံသာသွတ္တံ ဟူသောသုတ်ဖြင့် တသဒ္ဒါကို အပြု၍ အဿ၊ အသ္မာ၊ အမှာ၊ အသ္မိံ၊ အမှိ ဟူ၍ဖြစ်၏။ အကြွင်းကား ပုရိသသဒ္ဒါနှင့်နည်းတူ၏။

နပုံးလိင်၌ဖြစ်သောအခါ သိဝိဘတ်၊ ယောဝိဘတ်နှောင်းရာ၌ ပုလ္လိင်နှင့်အတူဖြစ်၏။

**ပြယုဂ်ကား-** တံ၊ တာနိ၊ နံ၊ နာနိ အစရှိသည်တည်း။

တံ- ထိုစိတ်သည်။ တာနိ- ထိုစိတ်တို့သည်။

**ဣတ္ထိလိင်၌ဖြစ်သောအခါ တသဒ္ဒါကို နမပြုရာ၌** သာ- ထိုမိန်းမသည်။ တာယော- ထိုမိန်းမတို့သည်။ တို့ကို။ ဤသို့အစရှိသည် ဖြင့် ကညာသဒ္ဒါနှင့်နည်းတူဖြစ်၏။

**သဝိဘတ်၊ နံဝိဘတ်၊ သ္မိံဝိဘတ်နှောင်းရာတို့၌-** တဿာ- ထိုမိန်းမအား။ တိဿာ၊ တိဿာယ- အား။ ၏။ တာသံ- ထိုမိန်းမတို့ အား။ တို့၏။ တိဿံ၊ တဿံ- ၌ ဟူ၍လည်းကောင်း။

**သဝိဘတ်၊ သ္မိံဝိဘတ်နှောင်းသည်ရှိသော်-** သသ္မာသ္မိံ သံသာသွတ္တံ ဟူသောသုတ်ဖြင့် တသဒ္ဒါကို အပြု၍။ အဿံ- ထိုမိန်းမ၌။

အဿာ- အား၊ ၏ ဟူ၍ဝင်းအထူး ဖြစ်၏။

တဿဝါ နတ္ထံ သဗ္ဗတ္ထ ဟူသောသုတ်ဖြင့် တသဒ္ဒါကို နပြု၍ နာ- ထိုမိန်းမ။ ထိုမိန်းမသည်။ ထိုမိန်းမတို့သည်။ နာယော- တို့သည်။ တို့ကို။ နာယ- ဖြင့်။ ၌။ ကိုချန်၍ကိုးနက်ပေးလေ။

နာဟိ- တို့ဖြင့်။ တို့မှ။ နာယံ- ၌။ နာသု- တို့၌ ဟူ၍လည်း ကညာသဒ္ဒါနှင့်နည်းတူဖြစ်၏။

တိဿံ၊ တိဿာယ တို့၌ တဿာဝါ ဟူသောသုတ်ဖြင့် အာကို ဣပြု။ တဿံ၊ တဿာ တို့၌ ယောရဿံ ဟူသောသုတ်ဖြင့် အာကို အရဿပြု၍ ရုပ်ကိုတွက်လေ။ အကြွင်းကားလွယ်၏။

ဝင်းသဗ္ဗသဒ္ဒါ ယသဒ္ဒါတို့၌ ပုလ္လိင်ကိုဟောသော သဗ္ဗသဒ္ဒါနောင် ကအက္ခရာနှောင်းသည်ရှိသော် သဗ္ဗကော၊ ယကော အစရှိသည်ဖြင့် ပုရိသသဒ္ဒါနှင့်နည်းတူ၏။

ဣတ္ထိလိင်ကိုဟောသော သဗ္ဗသဒ္ဒါ ယသဒ္ဒါနောင် ကအက္ခရာ နှောင်းသည်ရှိသော် သဗ္ဗကာ၊ ယကာ အစရှိသည်ဖြင့် ကညာသဒ္ဒါနှင့် နည်းတူဖြစ်၏။

နပုံးလိင်ကိုဟောသော သဗ္ဗသဒ္ဒါ ယသဒ္ဒါနောင် ကအက္ခရာ နှောင်းသည်ရှိသော် သဗ္ဗကံ၊ ယကံ အစရှိသည်ဖြင့် စိတ္တသဒ္ဒါနှင့်တူ၏။

ဧတသဒ္ဒါနောင် သိဝိဘတ်နှောင်းသည်ရှိသော် ဧသော၊ ဧသာ၊ ဧတံ ဟူ၍ဖြစ်၏။

ဧသော- ထိုယောကျ်ားသည်။ ဧသာ- ထိုမိန်းမသည်။ ဧတံ- ထိုနပုံးသည်။

ယောဝိဘတ်နှောင်းသည်ရှိသော်- ဧတေ၊ တော၊ တောယော၊ တောနိဟူ၍ ဖြစ်၏။

ဧတေ- ထိုယောက်ျားတို့သည်။ တို့ကို။ တော ဧတောယော- ထိုမိန်းမတို့သည်။ တို့ကို။ ဧတာနိ- ထိုနပုံးတို့သည်။ တို့ကို။

အံဝိဘတ်နှောင်းသည်ရှိသော် ဧတံ ဟူ၍ဖြစ်၏။ ဧတသဒ္ဒါကို နေပြု၍ ဧနံ ဟူ၍လည်းဖြစ်၏။

ဧတံ၊ ဧနံ- ထိုယောက်ျား၊ မိန်းမ၊ နပုံးကို။

နာဝိဘတ်နှောင်းသည်ရှိသော် ဧတေန၊ ဧတာယ ဟူ၍ဖြစ်၏။ ဧတေန- ထိုယောက်ျား၊နပုံးဖြင့်။ ဧတာယ- ထိုမိန်းမဖြင့်။

အကြွင်းကား အ-အပြု။ နအပြုကိုကြည့်၍တသဒ္ဒါနှင့်နည်းတူဖြစ်၏။

က္လမသဒ္ဒါနှောင် သိဝိဘတ်နှောင်းလည်းရှိသော် အနပုံသက ဿ ယံသိမှိ ဟူသောသုတ်ဖြင့်စီရင်၍ အယံ ဟူ၍ ဖြစ်၏။ အယံ- ဤယောကျာ်း၊ မိန်းမသည်။ က္လမဿိဒမံသိသုနပုံသကေ ဟူသောသုတ် ဖြင့်စီရင်၍ က္လဒံ၊ က္လမံ ဟူ၍ဖြစ်၏။

က္လမံ- ဤယောက်ျား မိန်းမ နပုံးကို။ နာဝိဘတ် နှောင်းသည် ရှိသော် ပုလ္လိင် နပုံးလိင်အရာ၌ အနိမိနာမှိစဟူသော သုတ်ဖြင့်စီရင်၍ အနေန၊ က္လမိနာဟူ၍ဖြစ်၏။ က္လတ္ထိလိင်အရာ၌ က္လမာယဟူ၍ဖြစ်၏။

**ဟိဝိဘတ်နှောင်းသည်ရှိသော်** ပုလ္လိင် နပုံးလိင်အရာ၌ ဧဟိ ဧဘိ က္လမေဟိ က္လမေဘိဟူ၍ဖြစ်၏။ က္လတ္ထိလိင်အရာ၌ က္လမာဟိ

ဣမာဘိဟူ၍ဖြစ်၏။

**သဝိဘတ်နှောင်းသည်ရှိသော်** ပုလ္လိင် နပုံးလိင်အရာ၌ ဣမသဒ္ဒဿစ ဟူသောသုတ်ဖြင့် စီရင်၍ အဿ၊ ဣမဿဟူ၍ဖြစ်၏။ ဣတ္ထိလိင်အရာ၌ အဿာ၊ အဿာယ၊ ဣမိဿာ၊ ဣမိဿာယ ဟူ၍ဖြစ်၏။

**နံဝိဘတ်နှောင်းသည်ရှိသော်** ပုလ္လိင် နပုံးလိင်အရာ၌ သဗ္ဗ တောနံသံသာနံ သဗ္ဗနာမာနံ နံမှိစဟူသောသုတ်ဖြင့် စီရင်၍ ဣမေသံ၊ ဣမေသာနံဟူ၍ဖြစ်၏။ သဗ္ဗတောနံသံသာနံ သဗ္ဗဿိမဿေဝါဟူသော သုတ်ဖြင့် စီရင်၍ ဧသံ၊ ဧသာနံဟူ၍ဖြစ်၏။

ဣတ္ထိလိင်အရာ၌ သဗ္ဗတောနံ သံသာနံ၊ သုနံဟိသုစဟူသော သုတ်ဖြင့် စီရင်၍ ဣမာသံ၊ ဣမာသာနံ ဟူ၍ဖြစ်၏။

သဗ္ဗတောနံသံသာနံ ဟူသောသုတ်ဖြင့် နံဝိဘတ်ကိုသံပြု၍ ဣမသဒ္ဒဿ ဟူသောသုတ်ဖြင့် ဣမသဒ္ဒါကို အပြု၍ သုနံဟိသုစဟူ သောသုတ်ဖြင့် အကိုအာပြု၍ အာသံဟူ၍ဖြစ်၏။

**သ္မာဝိဘတ်နှောင်းသည်ရှိသော်** ပုလ္လိင် နပုံးလိင်အရာ၌ အမှာ၊ အသ္မာ၊ ဣမသ္မာ၊ ဣမမှာဟူ၍ဖြစ်၏။

**သ္မိံဝိဘတ်နှောင်းသည်ရှိသော်** ပုလ္လိင် နပုံးလိင်အရာ၌ အသ္မိံ၊ အမှိ၊ ဣမသ္မိံ၊ ဣမမှိဟူ၍ဖြစ်၏။ ဣတ္ထိလိင်အရာ၌ ဣမိဿံ၊ ဣမာသံ ဟူ၍ဖြစ်၏။

**သုဝိဘတ်နှောင်းသည်ရှိသော်** ပုလ္လိင် နပုံးလိင်အရာ၌ ဧသု၊ ဣမေသုဟူ၍ဖြစ်၏။ ဣတ္ထိလိင်အရာ၌ ဣမာသုဟူ၍ဖြစ်၏။

အမုသဒ္ဒါနောင် သိဝိဘတ်နှောင်းသည်ရှိသော် ပုလ္လိင်၊ ဣတ္ထိလိင်အရာ၌ အမုဿမောသံ ဟူသောသုတ်ဖြင့် မသဒ္ဒါကိုသပြု၍ သိဝိဘတ်ကိုချေ၍ အသု ဟူ၍ဖြစ်၏။

နပုံးလိင်အရာ၌ မသဒ္ဒါကို သ မပြုမူ၍ သိဝိဘတ်ကိုချေ၍ အမု ဟူ၍ဖြစ်၏။ အမုဿာဒုံ ဟူသောသုတ်ဖြင့် စီရင်၍လည်း အဒုံ ဟူ၍ဖြစ်၏။ အမု၊ အဒုံ- ဤနပုံးသည်။

**ယောဝိဘတ်နှောင်းသည်ရှိသော်-** အမူ၊ အမူယော၊ အမူနိ ဟူ၍ ဖြစ်၏။ အမူ- ဤယောကျ်ား မိန်းမတို့သည်၊ တို့ကို၊ အမုယော -ဤယောကျ်ား မိန်းမတို့သည်၊ တို့ကို၊ အမူနိ- ဤနပုံးတို့သည်၊ တို့ကို၊ တို့သည်ဟူ၍ ပေးသမျှတို့ကို အိုဟူ၍လည်းပေးသင့်လှ၏။

**အံဝိဘတ်နှောင်းသည်ရှိသော်-** အမုံ၊ အဒုံဟူ၍ဖြစ်၏။ အမုံ-ဤယောကျ်ား၊ မိန်းမ၊ နပုံးကို။ အဒုံ- ဤနည်းအတူ။

**နာဝိဘတ်နှောင်းသည်ရှိသော်-** အမုနာ၊ အမုယာဟူ၍ ဖြစ်၏။အမုနာ- ဤယောကျ်ား၊ နပုံးဖြင့်၊ အမုယာ- ဤမိန်းမဖြင့်။

**ဟိဝိဘတ်နှောင်းသည်ရှိသော်-** အမူဟိ၊ အမူဘိဟူ၍ဖြစ်၏။ အမူဟိ၊ အမူဘိ- ဤယောကျ်ား၊ မိန်းမ၊ နပုံးမတို့ဖြင့်၊ တို့မှ။

**သဝိဘတ်နှောင်းသည်ရှိသော်-** အမုဿ၊ အမုဿာ၊ အမုယာ ဟူ၍ဖြစ်၏။ အမုဿ- ဤယောကျ်ား နပုံးအား၊ ၏။

အမုဿာ၊ အမုယာ- ဤမိန်းမအား၊ ၏။ အသုနော ကဲ့သို့ အမုနော ဟူ၍ကားမဖြစ်ကောင်း။

**နံဝိဘတ်နှောင်းသည်ရှိသော်-** အမူသံ၊ အမူသာနံဟူ၍ ဖြစ်၏။ အမူသံ၊ အမူသာနံ- ဤယောက်ျား နပုံးတို့အား၊ တို့၏။

**သ္မာဝိဘတ်နှောင်းသည်ရှိသော်-** အမုသ္မာ၊ အမုမှာ၊ အမုယာ ဟူ၍ ဖြစ်၏။ အမုသ္မာ၊ အမုမှာ- ဤယောက်ျား နပုံးမှ။ အမုယာ- ဤမိန်းမမှ။

**သ္မိံဝိဘတ်နှောင်းသည်ရှိသော်-** အမုမှိ၊ အမုသ္မိံ၊ အမုဿံ၊ အမုယံ ဟူ၍ ဖြစ်၏။ အမုမှိ၊ အမုသ္မိံ- ဤယောက်ျား နပုံး၌၊ အမုဿံ၊ အမုယံ- ဤမိန်းမ၌။

**သုဝိဘတ်နှောင်းသည်ရှိသော်-** အမူသုဟူ၍ ဖြစ်၏။ အမူသု -ဤယောက်ျား နပုံးတို့၌။

ကိံသဒ္ဒါနောင် သိဝိဘတ်နှောင်းသည်ရှိသော် ကိဿကဝေစ သုတ်၌ စသဒ္ဒါဖြင့် ကိံသဒ္ဒါကို ကပြု၍ ကော ဟူ၍ဖြစ်၏။ ကော- အဘယ်မည်သော ယောက်ျားသည်။

**ယောဝိဘတ်နှောင်းသည်ရှိသော်-** ရှေးနည်းအတိုင်း ကိံသဒ္ဒါကို ကပြု၍ ကေ ဟူ၍ဖြစ်၏။ ကေ- အဘယ်မည်သော ယောက်ျားတို့သည်။ တို့ကို။

**အံဝိဘတ်နှောင်းသည်ရှိသော်** ရှေးနည်းအတိုင်း ကိံသဒ္ဒါကို ကပြု၍ ကံ ဟူ၍ဖြစ်၏။ ကံ- အဘယ်မည်သော ယောက်ျားကို။

**နာအစရှိသော ဝိဘတ်နှောင်းသည်ရှိသော** -ရှေးနည်း အတိုင်း ကိံသဒ္ဒါကို ကပြု၍ ကေန၊ ကေဟိ၊ ကေဘိ၊ ကဿ၊ ကိဿ၊ ကေသံ၊ ကေသာနံ၊ ကသ္မာ၊ ကိံသ္မာ၊ ကိံသ္မိံ၊ ကေသု ဟူ၍ဖြစ်၏။ **အနက်ကား-** ယောက်ျားချည်းပေးလေ။

**သဝိဘတ်၊ သ္မိံဝိဘတ်နှောင်းရာ၌** ဝိကပ်အားဖြင့်သာ ကပြု သည်မှတ်။ **ဣတ္ထိလိင်အရာ၌ သိဝိဘတ်အစရှိသည် နှောင်းသည် ရှိသော်** ရှေးနည်းအတိုင်း ကိံသဒ္ဒါကို ကပြု၍ အာပစ္စည်းသက်၍ ကာ၊ ကာယော၊ ကံ၊ ကာယော၊ ကာယ၊ ကာဟိ၊ ကာဘိ၊ ကာသံ၊ ကာသာနံ၊ ကိဿံ၊ ကဿံ၊ ကာယံ၊ ကာသု ဟူ၍ ဖြစ်၏။

နပုံးလိင်အရာ၌ ကံ၊ ကိံ၊ ကာနိ၊ ကေန အစရှိသည်ဖြင့် ပုလ္လိင်နှင့်နည်းတူဖြစ်၏။

ဤကိံသဒ္ဒါသည် စိဟူသောနိပါတ်ပုဒ်နှင့်ယှဉ်သည်ရှိသော် ပုလ္လိင်အရာ၌ ကောစိ၊ ကေစိ၊ ကိဉ္စိ၊ ကေနစိ၊ ကေဟိစိ၊ ကဿစိ၊ ကေသဉ္စိ၊ ကသ္မာစိ၊ ကသ္မိံစိ၊ ကေသုစိ ဟူ၍ဖြစ်၏။

ဣတ္ထိလိင်အရာ၌ ရှေးနည်းအတူ ကိံသဒ္ဒါကို ကပြု၍ အာပစ္စည်းသက်၍ ကာစိ၊ ကာယော၊ ကိဉ္စိ၊ ကာယစိ၊ ကာဟိစိ၊ ကာယဉ္စိ၊ ကိံသဉ္စိ၊ ကာယဉ္စိ၊ ကာသုစိ ဟူ၍ဖြစ်၏။

နပုံးလိင်အရာ၌ သိဝိဘတ်၊ အံဝိဘတ် နှောင်းသည်ရှိသော် အကို ရှေးဣထက် နိဂ္ဂဟိတ်ပြု၍၊ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တဉ ပြု၍ ကိဉ္စိ၊

ကာနိစိ၊ ကေနစိ အစရှိသည်ဖြင့် ပုလ္လိင်နည်းတူ ဖြစ်၏။

သမာသ်အရာ၌ ဖြစ်သည်ရှိသော် လိင်သုံးပါးတို့၌ ကိံသဒ္ဒါကို ဝိကပ်အားဖြင့် ကောပြု၍ ကောနာမော၊ ကိံနာမော၊ ကောနာမာ၊ ကိံ နာမာ၊ ကောနာမံ၊ ကိံ နာမံ ဟူ၍ဖြစ်၏။

ကောနာမော၊ ကိံနာမော- အဘယ်အမည်ရှိသော ယောကျ်ားသည်။ ကောနာမာ၊ ကိံနာမာ- အဘယ်အမည်ရှိသော မိန်းမသည်။ ကောနာမံ၊ ကိံနာမံ- အဘယ်အမည်ရှိသော နပုံးသည်။

ကောနာမော ကား ကိံနာမတည်၊ ကောက္ကတိ သမာသေ နာမေ ဟူသော သဒ္ဒနီတိသုတ်ဖြင့် ကိံသဒ္ဒါကိုကောပြု၊ နာမ်ငဲ့၊ သိသက်၊ ဩပြု ပြီး၏။

သမာသေနာမေ- သမာသ်နာမ်၌။ ကိဿ- ကိံသဒ္ဒါ၏။ ကောက္ကတိ- ကောဟူသော အပြုသည်။ ဘဝတိ၏။

ကိံနာမောကား- ကိံသဒ္ဒါ၊ နာမသဒ္ဒါ၊ ယသဒ္ဒါ တည်၊ သိသက်၊ သသက်၊ ကော နာမော ယဿ= ဟူသော သမာသ် ဝါကျရုပ်ပြီး၏။

ယဿ ပုဂ္ဂလဿ- အား။ ကော- အဘယ်မည်သော။ နာမော- အမည်သည်။ အတ္ထိ- နည်း၊ က္ကတိအတ္တေ- ၌၊ သမာသ်မှည့်၊ ဗဟုဗ္ဗီဟိ မှည့်၊ တေသံ ဝိဘတ္တိယော လောပါစ ဟူသောသုတ်၌ တေသံသဒ္ဒါဖြင့် ချေ၊ ပကတိစဿသရန္တဿ သုတ်ဖြင့် ကိံနာမဟုပကတိပြု နာမ်ငဲ့၊ သိသတ်၊ ဩပြုပြီး၏။

နောက်ကိုလည်းနည်းတူတွက်လေ။ ဤကားသဒ္ဒနီတိဆရာနည်းတည်း။

ကတရ၊ ကတမ၊ ပုဗ္ဗ၊ အပရ၊ ဥတ္တရသဒ္ဒါတို့သည် သဗ္ဗသဒ္ဒါနှင့် နည်းတူဖြစ်ကုန်၏။

ဤသဗ္ဗအစရှိသော သဗ္ဗနာမ်ပုဒ်တို့သည် ဒွန်၏အရာ၌တည်သည်ရှိသော် ပထမာယောဝိဘတ်၏ ဧ-အပြုသည်ဝိကပ်အားဖြင့် ဖြစ်၏။

**ပြယုဂ်ကား-** ကတရကတမေ၊ ကတရကတမာ အစရှိသည်ဖြင့် ဖြစ်၏။

ကတရကတမေ- အဘယ်အဘယ်တို့သည်။ ကတရကတမာ-အဘယ်အဘယ်တို့သည်။

နံဝိဘတ်၏ သံသာနံ အပြုတို့သည် အချင်းခပ်သိမ်းမဖြစ်ကုန်။

**ပြယုဂ်ကား-** ကတရကတမာတနံ- အစရှိသည်တည်း။

**ရုပ်အစဉ်ဖြစ်ဟန်ကား**- ကတရကတမော၊ ကတရကတမာ၊ ကတရကတမံ၊ ကတရကတမေ၊ ကတရကတမေန အစရှိသည်ဖြင့် ပုလ္လိင်အရာ၌ ပုဒိသာဒိဂိုဏ်းနှင့် နည်းတူဖြစ်၏။

ဣတ္ထိလိင်အရာ၌ ကတရကတမာ၊ ကတရကတမာ အစရှိသည်ဖြင့် ကညာသဒ္ဒါနှင့် နည်းတူဖြစ်၏။

နပုံးလိင်အရာ၌ ကတရကတမံ၊ ကတရကတမာနိ အစရှိသည်ဖြင့် စိတ္တသဒ္ဒါနှင့် နည်းတူဖြစ်၏။

ဗဟုဗ္ဗီဟိသမာသ်၌လည်း သဗ္ဗနာမ်ပုဒ်၏ အစီအရင်ဖြစ်သော နံဝိဘတ်စသည်၏ သံ၊ သာနံ စသောအပြုတို့သည် မဖြစ်။ နာမနာမ်

ကဲ့သို့သာ ရုပ်အစဉ်ဖြစ်၏။

**ပြယုဂ်ကား**- ပိယပုဗ္ဗာနံ၊ ပိယပုဗ္ဗာယံ အစရှိသည်ဖြင့် ဖြစ်၏။

ပိယပုဗ္ဗာနံ- ချစ်အပ်သောလင်ရှိကုန်သောမိန်းမတို့အား၊ တို့၏။ ပိယပုဗ္ဗာယ- ချစ်အပ်သောလင်ရှိသော မိန်းမဖြင့်။ ပိယပုဗ္ဗာယံ- ၌။

ပရဟူသောသဗ္ဗနာမ်ပုဒ်၌လည်း သဗ္ဗနာမ်ပုဒ်၏ အစီအရင်ဖြစ်သော ပထမာယောဝိဘတ်၏ ဧ- အပြုသည် မဖြစ်။ နာမသဒ္ဒါနှင့် အတူ အာအပြုသာဖြစ်၏။

**ပြယုဂ်ကား-** ခါတုလိင်္ဂေဟိ ပရာပစ္စယာ အစရှိသည်တည်း။

ခါတုလိင်္ဂေဟိ- တို့နောင်မှ။ ပစ္စယာ- တို့သည်။ ပရာ- နှောင်းကုန်သည်။ ဟောန္တိ- ကုန်၏။

မောဂ္ဂလာန်တစောင်၌ကား ပရေ၊ ပရာ- ဟုဒွိရုပ်ဖြစ်၏ ဟူသတည်း။

သဗ္ဗနာမ်ဂိုဏ်းပြီး၏။

# **သင်္ချာ-သဒ္ဒါ ဂိုဏ်းစဉ်**

**ကေသဒ္ဒါ၌ ရုပ်အစဉ်ဖြစ်ပုံကား-** ကော- တယောက် သော ယောက်ျားသည်။ ကေ- အချို့သောယောက်ျားတို့သည်။ ကံ- တယောက်သောနပုံးသည်။ ကာနိ- အချို့ကုန်သော နပုံးတို့သည်။ ကေန- တယောက်သောယောက်ျား၊ နပုံးဖြင့်။ ကေဟိ- အချို့ကုန် သောယောက်ျား၊ နပုံးတို့ဖြင့်။ ကဿ- တယောက်သောယောက်ျား၊ နပုံးအား၊ ၏။ ကေသံ- အချို့ကုန်သောယောက်ျား၊ နပုံးတို့အား၊ တို့၏။ ကသ္မာ- တယောက်သောယောက်ျား နပုံးမှ။ ကသ္မိံ- အချို့ သောယောက်ျား နပုံး၌။ ကေသု- အချို့ကုန်သောယောက်ျား၊ နပုံး တို့၌ ဟူ၍ပုလ္လိင်၊ နပုံးလိင်အရာ၌ ဖြစ်၏။

ဣတ္ထိလိင်အရာ၌- ကာ- တယောက်သောမိန်းမသည်။ ကာ၊ ကာယော- အချို့ကုန်သောမိန်းမတို့သည်။ တို့ကို။ ကံ- တယောက် သောမိန်းမကို။ ကာယ- တယောက်သောမိန်းမဖြင့်။ မိန်းမအား။ မိန်းမ၏။ ကာဟိ- အချို့ကုန်သောမိန်းမတို့ဖြင့်။ မိန်းမတို့မှ။ ကိဿာ၊ ကိဿာယ- တယောက်သောမိန်းမအား။ ၏။ ကာသံ၊ ကာသာနံ- တို့အား။ တို့၏။ ကိဿံ၊ ကာယံ- တယောက်သောမိန်းမ၌။ ကာသု- အချို့ကုန်သောမိန်းမတို့၌ ဟူ၍ဖြစ်၏။

ဤသို့သောနည်းဖြင့် ကေသဒ္ဒါသည် သချ်ာဟူသောအနက်ကို ဟောသည်ရှိသော် ကေဝုစ်သာဖြစ်၏။

အတူဟူသောအနက်၊ အဖော်မရှိဟူသောအနက်၊ တပါးသော အညအနက်ကို ဟောသည်ရှိသော် ဗဟုဝုစ်၌လည်း ဖြစ်၏။ **ဤကား**

**ရူပသိဒ္ဓိဆရာ၏နည်းတည်း။**

ဥဘဟူသော သဗ္ဗနာမ်ပုဒ်သည် ဗဟုဝုစ်သာဖြစ်၏။ ဤဥဘသဒ္ဒါနောင် ယောဝိဘတ်နှောင်းသည်ရှိသော် တတောယောနမောတု ဟူသောသုတ်၌ တုသဒ္ဒါဖြင့် ယောဝိဘတ်ကို ဩပြု၍ ဥဘော ဟူ၍ဖြစ်၏။

ဟိဝိဘတ်နှောင်းသည်ရှိသော် သုဟိသုဘသော ဟူသော မောဂ္ဂလာန်သုတ်ဖြင့် ဥဘသဒ္ဒါ၏အစိတ်ကိုဩပြု၍ ဟိဝိဘတ်၊ ၎င်းကို ဘိပြု၍ ဥဘောဟိ၊ ဥဘောဘိ။

**ရူပသိဒ္ဓိဆရာအလိုအားဖြင့်** ရှေးပြုအပ်ပြီးသော ဧကိုဝိကပ် အားဖြင့် ဩပြု၍ ဥဘောဟိ၊ ဥဘောဘိ ဟူ၍ဖြစ်၏။ ဥဘောဟိ၊ ဥဘောဘိ- နှစ်ယောက်ကုန်သောသူတို့ဖြင့်၊ သူတို့မှ ပေးလေ။

နံဝိဘတ်နှောင်းသည်ရှိသော် ဥဘာဒိတောနမိန္နံ- ဟူသော သုတ်ဖြင့် နံဝိဘတ်ကို ဣန္နံပြု၍ ဥဘိန္နံ ဟူ၍ဖြစ်၏။

**သုဝိဘတ် နှောင်းသည်ရှိသော်-** ရှေးနည်းအတူ အကို ဩပြု၍ ဥဘောသု ဟူ၍ ဖြစ်၏။

**ကစ္စည်းကျမ်းအလိုအားဖြင့်-** ဤဥဘသဒ္ဒါသည် ဒွိသင်္ချာ သဒ္ဒါ၏ ကာရိယတည်း။ ဥဘဟူသော သဗ္ဗနာမ်ပုဒ်မဟုတ်။

**ကတိ ဟူသော သဗ္ဗနာမ်ပုဒ်သည်လည်း ဗဟုဝုစ်သာ အမြဲဖြစ်၏။**

**ယောဝိဘတ်နှောင်းသည်ရှိသော်-** ဋိကတိတောယောနံ ဟူသော မောဂ္ဂလာန်သုတ်ဖြင့် ယောဝိဘတ်ကို ဋ္ဋပြု၍ ကတိ ဟူ၍ပင်

ဖြစ်၏။

**ဟိဝိဘတ်၊ နံဝိဘတ်၊ သုဝိဘတ်နှောင်းသည်ရှိသော်**-ကတီဟိ၊ ကတီနံ၊ ကတီသု ဟူ၍ဖြစ်၏။

ဒွိအစအဋ္ဌာရသ အဆုံးရှိသော သင်္ချာ သဒ္ဒါတို့သည် ဗဟုဝုစ် လည်းဖြစ်၏။ သင်္ချေယျကို ပဓာနအားဖြင့် ဟော၏။ လိင်သုံးပါးနှင့် လည်း ဆက်ဆံ၏။

ဤဒွိသင်္ချာသဒ္ဒါနောင် **ယောဝိဘတ်နှောင်းသည်ရှိသော်-** ယောသု ဒွိန္နံ ဒွေ စ ဟူသောသုတ်ဖြင့် စီရင်၍ ဒွေ ဟူ၍ဖြစ်၏။

ဒွေ- နှစ်ယောက် ကုန်သော ယောကျ်ား၊ မိန်းမ၊ နပုံးတို့သည်။ တို့ကို။

ၾင်းသုတ်၌ စသဒ္ဒါ ဖြင့်စီရင်၍ ဒုဝေ ဟူ၍ဖြစ်၏။

ၾင်းသုတ်၌ စသဒ္ဒါဖြင့် ဒွယပြု၍ ဒွယံ၊ ဒွယေန၊ ဒွယဿ၊ ဒွယမှာ၊ ဒွယမှိ အစရှိသည်ဖြင့် နပုံးလိင် ဧကဝုစ်၌လည်းဖြစ်၏။

**ဟိဝိဘတ်၊ နံဝိဘတ်၊ သုဝိဘတ်နှောင်းသည်ရှိသော်-** ဒွိဟိ၊ ဒွိန္နံ၊ ဒွီသုဟူ၍ဖြစ်၏။

**နံဝိဘတ်နှောင်းသည်ရှိသော်-** ယခင်သုတ်၌ စသဒ္ဒါဖြင့် ဒွိသင်္ချာသဒ္ဒါကို ဥဘယ, ဒုဝိပြု၊ နံဝိဘတ်ကို သံပြု၍ ဥဘယေသံ၊ ဒုဝိန္နံဟူ၍ ဖြစ်၏။

**ကစ္စာယနလိင်အရာ၌** ၾင်းသုတ်၌စသဒ္ဒါဖြင့် ဒွိသင်္ချာသဒ္ဒါကို ဥဘယပြု၍ သုနံဟိသုစ ဟူသောသုတ်ဖြင့် ရှေးအသရကိုအာဒီယပြု၍၊

နံ့ဝိဘတ်ကို သံပြု၍ ဥဘယာသံ ဟူ၍ ဖြစ်၏။

**တိသင်္ချာသဒ္ဒါနောင် ယောဝိဘတ်နှောင်းသည်ရှိသော်**-တိစတုဏ္ဏံ တိသော စတဿော တယော စတ္တာရော တီဏိ စတ္တာရိ ဟူသောသုတ်ဖြင့် ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုံးလိင်၌အစဉ်အတိုင်းစီရင်၍ တိဿော၊ တယော၊ တီဏိ ဟူ၍ဖြစ်၏။

တိဿော- သုံးယောက်ကုန်သောမိန်းမတို့သည်။ တို့ကို။ အိုမိန်းမတို့။ တယော- သုံးယောက်ကုန်သောယောကျ်ားတို့သည်။ တို့ကို။ အိုယောကျ်ားတို့။ တီဏိ- သုံးယောက်ကုန်သော နပုံးတို့သည်၊ တို့ကို။ အိုနပုံးတို့။

**ဟိဝိဘတ်၊ နံဝိဘတ်၊ သုဝိဘတ်နှောင်းသည်ရှိသော်**-တီဟိ၊ တိဏ္ဏံ၊ တီသုဟူ၍ နပုံးလိင်၌ဖြစ်၏။

ဣတ္ထိလိင်အရာ၌ နော စ ဒွါဒိတော နံမှိ ဟူသော သုတ်၌ စသဒ္ဒါဖြင့် သဒ္ဒေဘော်နှင့်တကွ နအက္ခရာလာ၍ တိဿန္နံဟူ၍ ဖြစ်၏။

**စတုသင်္ချာသဒ္ဒါနောင် ယောဝိဘတ်နှောင်းသည်ရှိသော်**-ရှေးနည်းအတူ စတဿော၊ စတ္တာရော၊ စတ္တာရိ ဟူ၍ဖြစ်၏။

စတဿော- လေးယောက်ကုန်သော မိန်းမတို့သည်။ တို့ကို။ အိုမိန်းမတို့။ စတ္တာရော- လေးယောက်ကုန်သော ယောကျ်ားတို့သည်။ တို့ကို။ အိုယောကျ်ားတို့။ စတ္တာရိ- လေးယောက်ကုန်သော နပုံးတို့သည်။ တို့ကို။ အိုနပုံးတို့။

**ဟိဝိဘတ်၊ နံဝိဘတ်၊ သုဝိဘတ်နှောင်းသည်ရှိသော်**-စတူဟိ၊ စတုဏ္ဏံ၊ စတူသု ဟူ၍ ပုလ္လိင်၊ နပုံးလိင်၌ဖြစ်၏။

က္လတ္ထိလိင်အရာ၌ ရှေးနည်းအတူ သဒ္ဒေဘော်နှင့်တကွ န-အက္ခရာလာ၍ စတဿန္နံဟူ ၍ဖြစ်၏။

ပဉ္စအစ အဌာရသအဆုံးရှိသော သင်္ချာသဒ္ဒါတို့သည် လိင်ကြောင့် ရုပ်အထူးမဖြစ်ကုန်။ ဝိဘတ်ကြောင့်ကား ရုပ်အထူးဖြစ်၏။ **ရုပ်အထူးဖြစ်ဟန်ကား-** ပဉ္စဟိ၊ ပဉ္စန္နံ၊ ပဉ္စသု။လ။ အဌာရသဟိ၊ အဌာရသန္နံ၊ အဌာရသသု ဟူ၍ ဖြစ်၏။

ဒွိအစရှိသောသဒ္ဒါတို့သည် သင်္ချာပြည့်သည့် သင်္ချာပူရဏအနက်ကိုဟောသည်ရှိသော် လိင်သုံးပါးနှင့် ဆက်ဆံကုန်၏။

**ရုပ်အစဉ် ဖြစ်ဟန်ကား**- ဒုတီယာ၊ တတီယာ- နှစ်ယောက်မြောက်၊ သုံးယောက်မြောက်မိန်းမသည်။ ဒုတီယော၊ တတီယော-နှစ်ယောက်မြောက်၊ သုံးယောက်မြောက်ယောကျ်ားသည်။ ဒုတီယံ၊ တတီယံ-နှစ်ယောက်မြောက်၊ သုံးယောက်မြောက်သောနပုံးသည်-အစရှိသည်ဖြင့် က္လတ္ထိလိင်အရာ၌ ကညာသဒ္ဒါနှင့် နည်းတူဖြစ်၏။

ပုလ္လိင်အရာ၌ ပုရိသသဒ္ဒါ နှင့် နည်းတူဖြစ်၏။

နပုန်းလိင်အရာ၌ စိတ္တသဒ္ဒါနှင့် နည်းတူဖြစ်၏။

**စတုသင်္ချာသဒ္ဒါ၊ ပဉ္စသင်္ချာသဒ္ဒါ တို့၌ရုပ်အစဉ်ဖြစ်ဟန်ကား-**

စတုတ္ထီ၊ ပဉ္စမီ- လေးယောက်မြောက်၊ ငါးယောက်မြောက်သော

မိန်းမသည်။ စတုတ္ထော၊ ပဉ္စမော- လေးယောက်မြောက်၊ ငါးယောက်မြောက်သောယောကျ်ားသည်။ စတုတ္ထံ၊ ပဉ္စမံ- လေးယောက်မြောက်၊ ငါးယောက်မြောက်သော နပုံးသည်- ဤသို့အစရှိသည်ဖြင့် ဣတ္ထိလိင်အရာ၌ နဒီသဒ္ဒါနှင့်နည်းတူဖြစ်၏။

ပုလ္လိင်အရာ၌ ပုရိသသဒ္ဒါနှင့် နည်းတူဖြစ်၏။

နပုန်းလိင်အရာ၌ စိတ္တသဒ္ဒါနှင့် နည်းတူဖြစ်၏။

**ဆသင်္ချာသဒ္ဒါ ။ပ။ ဒသသင်္ချာသဒ္ဒါတို့၌ ရုပ်အစဉ်ဖြစ်ဟန်ကား-**

ဆဋ္ဌီ၊ ဆဋ္ဌော၊ ဆဋ္ဌမော၊ ဆဋ္ဌံ၊ ဆဋ္ဌမံ။ပ။ ဒသမီ၊ ဒသမော၊ ဒသမံ အစရှိသည်ဖြင့် ရှေးနည်းအတူဖြစ်ကုန်၏။ ဆဋ္ဌမော၊ ဆဋ္ဌံ၊ ဆဋ္ဌမံ တို့ကား **မောဂ္ဂလာန်ဆရာ၏ နည်းတည်း။**

ဋင်းသဒ္ဒါတို့သည် သမူဟအနက်၌ ကဏ်ပစ္စည်းသက်သော်လည်း လိင်သုံးပါးနှင့် ဆက်ဆံကုန်၏။

**ရုပ်အစဉ်ဖြစ်ဟန်ကား-** ဒွိကော၊ ဒွိကာ၊ ဒွိကံ၊ ဒုကော၊ ဒုကာ၊ ဒုကံ၊ တိကော၊ တိကာ၊ တိကံ၊ စတုက္ကော၊ စတုက္ကာ၊ စတုက္ကံ၊ ပဉ္စကော၊ ပဉ္စကာ၊ ပဉ္စကံ၊ ဆက္ကော၊ ဆက္ကာ၊ ဆက္ကံ၊ သတ္တကော၊ သတ္တကာ၊ သတ္တကံ အစရှိသည်ဖြင့် အဋ္ဌာရသတိုင်အောင် ဤနည်းအတူဖြစ်ကုန်၏။

ဒွိသင်္ချာသဒ္ဒါသည်ကား- အချို့သောအရာ၌ ဝိကပ်အားဖြင့် ဣကိုဧပြု၍လည်းကောင်း။ အာပြု၍လည်းကောင်းဖြစ်၏။

